# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲသည် အဖန်ဖန်အထပ်ထပ်ဖြစ်ရ၏**

ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးဘဲ 'မနုတ်ဘဲ' ပင်စည်ကိုဖြတ်သော်လည်း သစ်ပင်သည် တစ်ဖန်ပေါက်ရောက် စည်ကားပြန်သကဲ့သို့ ဤအတူ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးအပ်သေးသည်ရှိသော ဤပဋိသန္ဓေနေရခြင်းစသော ဆင်းရဲသည် အဖန်ဖန်အထပ်ထပ် ဖြစ်ရ၏။

တဏှာဝဂ် (ဓမ္မပဒ-၃၃၈)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၆၅)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအား တွေ့ဆုံ

## တပ်တွင်းစည်းလုံး ညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာအောင် ဆောင်ရွက်ရန်မှာကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းသားအရာရှိနှင့် ဗိုလ်လောင်းများ၊ သင်တန်းသားစစ်သည်များ၊ သန္ဓေစစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ အားပေးအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မတ် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ သင်တန်းသားအရာရှိနှင့် ဗိုလ်လောင်းများ၊ သင်တန်းသား စစ်သည်များ၊ သန္ဓေစစ်သည်နှင့် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အားပေးအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသား အရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


## ရန်ကုန်မြို့၌ YBS ခရီးသည်တင်ယာဉ်များ ခရီးသည်သွားလာမှုပေါ်မူတည်၍ ပုံမှန်ပြေးဆွဲပေး

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)အောက်ရှိ YBS ခရီးသည်တင်ယာဉ်လိုင်းများကို ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ခရီးသည်သွားလာမှုပေါ်မူတည်၍ နေ့စဉ် ပုံမှန် ပြေးဆွဲပေးလျက်ရှိကြောင်း YRTA ရုံးမှ သိရသည်။

"လတ်တလော အခုရက်ပိုင်းမှာတော့ ရန်ကုန်မြို့တွင်းပြေးဆွဲပေးနေတဲ့ YRTA လက်အောက်မှာရှိတဲ့ ခရီးသည်တင်ယာဉ်လိုင်းတွေကို ခါတိုင်းရက်တွေလိုပဲ ပုံမှန်ပြေးဆွဲပေးနေပါတယ်။ ဒါပေမယ့် နေ့စဉ်တော့ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေပေါ်


စာမျက်နှာ ၄ ကော်လံ ၁ ❒





ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသော YBS ခရီးသည်တင်ယာဉ်တစ်စီးကို တွေ့ရစဉ်။ ဓာတ်ပုံ- မိုးမခ


ဗြိတိန်နိုင်ငံမှ အီးယူသို့ တင်ပို့ကုန်များ သိသိသာသာကျဆင်း

စာမျက်နှာ - ၁၂

နှလုံးသားတွေ နွေးထွေးစေလိုပါတယ်

စာမျက်နှာ - ၁၈

# တရားဥပဒေစိုးမိုးမှု လျင်လျင်မြန်မြန်တည်ဆောက်

မိမိတို့၏နေ့စဉ်ဘဝများကို ခက်ခဲစွာဖြတ်သန်းနေကြရသည့် ပြည်သူများ မြောက်မြားစွာရှိနေကြသည်။ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါကြောင့် တားဆီးကန့်သတ်မှုများ နှစ်ပေါက်လာသည့်အချိန်တွင် စီးပွားရေးထိခိုက်ကျဆင်းမှုမှ ထွက်ပေါ်လာသည့် ဂယက်ရိုက်ခတ်မှုများက အောက်ခြေပြည်သူများစွာတို့ကို ဆင်းရဲနွမ်းပါးမှု အောက်ခြေဆီသို့ ထပ်မံနိမ့်ကျသွားစေခဲ့သည်။ တစ်ဆက်တည်းမှာပင် လူမှုရေး၊ ပညာရေးတို့တွင်လည်း အနုတ်လက္ခဏာများ ပြခဲ့သည်။ လတ်တလောတွင် ဖြစ်ပေါ်နေသည့် ဆူပူဆန္ဒပြမှုများကမူ သာမန်ပြည်သူများ၊ CDM လှုပ်ရှားမှုတွင် မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ၊ ဆန္ဒပြသူများနှင့် နိုင်ငံရေးအမြင်မတူသဘောထားကွဲလွဲသူများ စသည်တို့အတွက် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့အတွက်ပါ စိတ်မချရသည့်အခြေအနေ၊ ကျီးလန့်စာစားနှင့် ညအချိန်၌ပါ ကောင်းစွာအိပ်စက်ခွင့်မရသည့်အခြေအနေများကို ဖန်တီးလျက်ရှိသည်။

လူတစ်ယောက်ကို သူလျှို၊ ဒလန်၊ စစ်သတင်းပေး၊ ရဲသတင်းပေး၊ အသားထဲက လောက်ထွက်သူ စသည်ဖြင့် လက်ညှိုးထိုးစွပ်စွဲကာ ရပ်ရွာမှ အဓမ္မနှင်ထုတ်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးစေသည့် အပြုအမူများကို လူအုပ်စုဖွဲ့၍ ပြုလုပ်ခြင်းများ ဒေသအနှံ့အပြားတွင် တွေ့လာရသည်။ ယင်းအပြုအမူများကို ပိုမို၍ ပြင်းပြင်းထန်ထန် ပြုလုပ်ရန် နှပ်ကြောင်းပေးလှုံ့ဆော်နေသည့် အရေးအသားများကိုလည်း လူမှုကွန်ရက်ပေါ်တွင် အများအပြားတွေ့ရပြီး အသိဉာဏ်နည်းပါးစွာဖြင့် မြှောက်ထိုးပင့်ကော်မှတ်ချက်ပေးမှုများ၊ မဆင်မခြင်ဖြန့်ဝေမှုများကိုလည်း တွေ့ရှိရသည်။ ထိန်းမနိုင်သိမ်းမရဖြစ်နေသည့် လူအုပ်စုများကို အကြမ်းဖက်လိုသူက ဦးဆောင်နေမည်ဆိုပါက စွပ်စွဲခံရသူမှာ ကံဆိုးမိုးမှောင်ကျရှုရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ်က ဖြစ်ခဲ့သည့်အရေးအခင်းမှ အနိဋ္ဌာရုံများမှာ သာဓကများဖြစ်သလို သင်ခန်းစာယူစရာများလည်း ဖြစ်သည်။

ဆူပူဆန္ဒပြမှုများ ပြင်းပြင်းထန်ထန်ဖြစ်ပေါ်နေသည့်နေရာများတွင် နေထိုင်နေကြရသည့် ပြည်သူများမှာ မိမိတို့၏ စိတ်ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆန္ဒပြရာသို့ လိုက်ပါရခြင်း၊ ညကင်းအလှည့်ကျစောင့်ရခြင်းတို့ရှိနေပြီး အကယ်၍ ငြင်းဆန်မိပါကလည်း မိမိတို့အား သူလျှို၊ ဒလန်၊ သတင်းပေးအဖြစ် စွပ်စွဲပြီး လူအုပ်စုဖြင့် ဖိနှိပ်မှုပြုခံရမည်ကိုလည်းကောင်း၊ ဝိုင်းကြဉ်ကြမည်ကိုလည်းကောင်း စိုးတထိတ်ထိတ်ဖြစ်နေကြရသည်များရှိနေသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဆူပူဆန္ဒပြမှုများနောက်သို့ လိုက်ပါကလည်း အဓိကရုဏ်းနှိမ်နင်းမှုနှင့် ကြုံတွေ့နိုင်သလို ရပ်ရွာထဲရှိ မိမိအိမ်တွင် နေနေရင်းကပင် သူလျှိုအဖြစ်စွပ်စွဲခံရမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နိုင်ရာ နှစ်ဖက်လုံးမှာ သူ့အတွက် အန္တရာယ်ပင်ဖြစ်သည်။

ယခုအခါ လူမှုကွန်ရက်မှ သွေးထိုးလှုံ့ဆော်မှုများတွင် အဓိကရုဏ်းနှိမ်နင်းမှုများကို ပြန်လည်တိုက်ခိုက်ရန် လက်နက်မျိုးစုံပြုလုပ်သည့်နည်းလမ်းများပေးနေခြင်း၊ ပြန်လည်တိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန်ဖြစ်ပေါ်လာရန်အတွက် သတင်းမှားများကို ဖြန့်ဝေခြင်း၊ ဝါဒဖြန့်ချိမှုများ ပြုလုပ်ခြင်းတို့ကို အရှိန်မြှင့်၍ ပြုလုပ်နေကြသည်။ သာမန်ဆန္ဒပြမှုမှသည် ရင်ဆိုင်တိုက်ပွဲသဏ္ဍာန်တုံ့ပြန်တိုက်ခိုက်မှုများဆီသို့ ပြောင်းလဲလာစေရန် ဖန်တီးနေခြင်း၏ ရည်ရွယ်ချက်မှာ အဓိကရုဏ်းကို ပြင်းပြင်းထန်ထန် နှိမ်နင်းမှုများဖြစ်ပေါ်လာပြီး လူငယ်လူရွယ်များ အထိအခိုက်၊ အသေအပျောက်များခြင်းဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မုန်းတီးမှုများ မြင့်မားပြင်းထန်လာရေး၊ အစိုးရအပေါ်ဆန့်ကျင်တွန်းလှန်မှုများ အုံကြွဖြစ်ပေါ်လာရေးအတွက် ဖြစ်သည်။ လမ်းပေါ်တွင် သေဆုံးခဲ့ရသူတို့ကို ဖေ့စ်ဘုတ်တွင် သူရဲကောင်းအဖြစ် မြှောက်ပေးကာ ကန့်လန့်ကာနောက်ကွယ်မှ နိုင်ငံရေးအချောင်သမားကမူ တော်လှန်ရေးလှိုင်းစီးအမြတ်ထုတ်နေချိန်တွင် ပြည်သူမှာသာ မြေစာပင်ဘဝကျရောက်နေရာ အေးချမ်းတည်ငြိမ်မှုများ၊ တရားဥပဒေစိုးမိုးမှုများကို လျင်လျင်မြန်မြန် တည်ဆောက်ပေးနိုင်ပါစေကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယာယီရပ်ဆိုင်းထားသော မန္တလေး-ဗန်းမော် သင်္ဘောခရီးစဉ် ပြန်လည်ပြေးဆွဲ

**မန္တလေး မတ် ၁၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ဧရာဝတီဌာနခွဲ)၏ ယာယီရပ်ဆိုင်းထားသော ခရီးစဉ်တစ်ခုဖြစ်သည့် မန္တလေး-ဗန်းမော် သင်္ဘောခရီးစဉ်ကို ယနေ့ နံနက် ၆ နာရီက ပြန်လည်စတင် ပြေးဆွဲခဲ့သည်။



အဆိုပါခရီးစဉ်ကို ပြဒါးပျံအမည်ရှိ သင်္ဘောဖြင့် ခရီးသည် ၁၅ ဦးနှင့် ကုန်ချိန် ၃၁ တန် တင်ဆောင်၍ မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ကာ လမ်းခရီးတွင် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာနှင့် ရွှေကူမြို့ဆိပ်ကမ်းများသို့ ဆိုက်ကပ်သွားမည်ဖြစ်ပြီး ခရီးသည်နှင့် ကုန်စည်များ တင်ဆောင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၃၉ ဒသမ၂ သန်းကျော်ရှိသည့်အနက် ၁၀ ဒသမ ၄ သန်းကျော် မဲစာရင်းမှားယွင်းမှုကြီးမားစွာဖြစ်ပေါ်ကာ မဲမသမာမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ နစ်နာသူပြည်သူများနှင့် ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ အဆိုပါ မဲစာရင်းမှားယွင်းမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို သံသယကင်းရှင်းစေရေး ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဦးလှသိန်း ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လျစ်လျူရှုကာ တာဝန်ယူဖြေရှင်းမှု မပြုလုပ်ပေးသည့် အခြေအနေများ၊ မဲစာရင်းမှားယွင်းခြင်း ဖြစ်ပေါ်နေမှုကို ဆွေးနွေးနိုင်ရေး ဒုတိယအကြိမ်လွှတ်တော်အတွင်း အထူးအစည်းအဝေးခေါ်ယူကျင်းပရန် လွှတ်တော်ကိုယ်စားလှယ်၂၅ ရာခိုင်နှုန်းကျော်က တောင်းဆိုမှုကိုလည်း ပြည်ထောင်စုလွှတ်တော်နာယက က ပယ်ချခဲ့မှုအခြေအနေများ၊ နောက်ဆုံးအဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ရှင်းလင်းဆွေးနွေးခွင့်ပြုရန် ၂ ကြိမ်တိုင်တိုင် တောင်းဆိုမှုကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လုံးဝ လက်မခံဘဲ ပယ်ချခဲ့မှုအခြေအနေများ၊ ကိုယ်ရေးစာဖြင့် မဲစာရင်းမှားယွင်းမှုများ စိစစ်ပေးရန်၊ စိစစ်ရာတွင် UEC အသစ်ဖွဲ့စည်း၍ ဆောင်ရွက်ပေးရန်၊ စိစစ်ဆဲကာလအတွင်း လွှတ်တော်အသစ်ခေါ်ယူမှု ဆိုင်းငံ့ပေးရန်၊ နိုင်ငံတော်သမ္မတက ယခုတင်ပြချက်အပေါ် အချိန်မီဖြေရှင်းပေးနိုင်ရန် တောင်းဆိုခဲ့မှုတို့အား လက်မခံခဲ့သည့် အခြေအနေများ။

## ရှင်းလင်းမှာကြား

သံသယဖြစ်ဖွယ်မဲစာရင်း ၁၀ ဒသမ ၄ သန်းကျော် မှားယွင်းနေမှုကို ပွင့်လင်းမြင်သာစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်အသစ်အစည်းအဝေး ကျင်းပပြုလုပ်၍ နိုင်ငံတော်၏အာဏာ ၃ ရပ်အား မတရားနည်းဖြင့် ရယူရန် ကြိုးပမ်းလာသည့်အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိဘဲ နိုင်ငံတော်၏ အာဏာအရပ်ရပ်အား မတရားနည်းဖြင့် ရယူရန် ကြိုးပမ်းလာမှုတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်၊ ပုဒ်မ ၂၀ အရ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်နှင့်အညီ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ဖျက်သိမ်းခြင်းမရှိဘဲ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈ အရ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာပြီး အာဏာ ၃ ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကာလသတ်မှတ်ချက်အတွင်း ရယူဆောင်ရွက်ရသည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ။

နိုင်ငံ့ဝန်ထမ်းများ CDM တွင် ပါဝင်လာစေရေး စည်းရုံးမှုမှစ၍ အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု၊ ဖိအားပေးမှုအထိ ပြုလုပ်လာသည့်အတွက် ဆူပူအကြမ်းဖက်မှုများ မဖြစ်စေရေး ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည့်အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများ နားယောင်မှု၊ ကြောက်ရွံ့မှုတို့ကြောင့် CDM တွင် ပါဝင်ခဲ့ရခြင်းကြောင့် မိသားစုများအပါအဝင် လူမှုစီးပွားဘဝ ပျက်စီးဆုံးရှုံးရမှုအခြေအနေများ၊ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုမှ အကြမ်းဖက်ဆူပူမှုအသွင် (Riot) ၎င်းမှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စုဖြင့် အကြမ်းဖက်လာမှုသည် (Anorchy Mob) အသွင်ပြောင်းလဲလာမှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၁၊ ပုဒ်မ ၃၆၂ အရ ဘာသာ၊ သာသနာကိုးကွယ်မှုဆိုင်ရာများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပြုထားသော်လည်း မိမိတို့နိုင်ငံ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ပျက်စီးလာအောင် အမျိုးသမီးထဘီများ လမ်းလုံးပြည့်ချိတ်ဆွဲခြင်း၊ နိုင်ငံတော်၏ အဓိပတိဆရာတော် ထေရ်ကြီးဝါကြီးများ၏ ပုံတော်များကို မဖွယ်မရာ ဆောင်ရွက်လာမှုနှင့် ဘာသာ၊ သာသနာညှိုးနွမ်းအောင်ဆောင်ရွက်လာမှု အခြေအနေများ၊ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာ၊ လူ့တန်ဖိုး၊ လူ့အခွင့်ရေးဆုံးရှုံးသည်အထိ မျက်ခုံးမွေးရိတ်ခြင်း၊ လေးကွက်ကျား ကတုံးတုံးခြင်း၊ ရာဇဝတ်သားကဲ့သို့ လည်ပင်းစာတန်းချိတ်ဆွဲ၍ အရှက်ခွဲခြင်းအပြင် လူ့ကျင့်ဝတ်သိက္ခာနှင့်မညီသော နဖူးနှင့်ပါးပေါ်တွင် တက်တူးများ ရေးထိုးစေလွှတ်ခြင်း၊ ရဲစခန်းများအပါအဝင် အုပ်ချုပ်ရေးမှူးရုံးများကို ထိပါးနှောင့်ယှက်လာခြင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် သေစေနိုင်လောက်သည်အထိ ရေနွေးပူလောင်းချခြင်း၊ တုတ်၊ ဓား၊ လှံ၊ မှိန်း၊ လက်လုပ်သေနတ်၊ လေးခွ၊ ဂျင်ကလိ စသည်တို့ဖြင့် ထိပ်တိုက်အကြမ်းဖက်မှု ဆောင်ရွက်လာမှု အခြေအနေများ၊ ထိုသို့ပြုမူဆောင်ရွက်မှုများနှင့် ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်လာခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှု လက်စွဲဥပဒေ (၁၉၅၆ ခုနှစ်)နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင်(၂၀၁၅ ခုနှစ်)ပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကာ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာအောင် ဆောင်ရွက်ရန်၊ မြဲသုံးမြဲအား အမြဲလက်ကိုင်ထား၍ ရဲသုံးရဲဖြင့် ကျရာတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ရန်၊ တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ပြီး ကျန်းမာသန်စွမ်းအောင် နေထိုင်လေ့ကျင့်ရန်နှင့် မိမိကိုယ်တိုင်နှင့် မိမိမိသားစုကြောင့် မိမိအဖွဲ့အစည်း၏ ပုံရိပ်များ၊ ဂုဏ်သိက္ခာများ ပျက်ယွင်းကျဆင်းမှုမရှိစေရေး လိုက်နာစောင့်ထိန်းရမည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းမှာကြားခဲ့သည်။

## ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များက ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအတွက် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

## ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲများသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသား အရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့၊ အရာခံနှင့် အကြပ်ကြီးသင်ကျောင်းရှိ သင်တန်းသားစုပေါင်းစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့်ဥပဒေနှင့် ဆန့်ကျင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သောပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၃**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ နမ္မတူမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် ဟိုပန်မြို့နယ်များအတွင်းရှိ ဘာသာရေးခေါင်းဆောင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မိုင်းနောင်မြို့၊ မိုးနဲမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် မက်မန်းမြို့နယ်များရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် အမရပူရမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ဇီးကုန်းမြို့၊ နတ်တလင်းမြို့၊ ကြို့ပင်ကောက်မြို့၊ မင်းလှမြို့နှင့် မိုးညိုမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

မှုတည်ပြီး ခရီးသည်တင်ယာဉ်တွေကို ခရီးစဉ်လမ်းကြောင်းပိုင်းအလိုက် ပြေးဆွဲပေးမှုလေးတွေလည်း ရှိပါတယ်။ အခုရက်ဆိုရင် အရင်ရက်ပိုင်းတွေကထက် YBS ယာဉ်စီးရေကို တစ်နေ့ထက်တစ်နေ့ ပုံမှန်အခြေအနေအတိုင်း ဖြစ်အောင် ခရီးသည်စီးနင်းလိုက်ပါမှုပေါ်မူတည်ကာ ပြေးဆွဲပေးနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲပေးနေမှုအပေါ် ပြည်သူအချို့မှ ခရီးသည်တင်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲမှုမရှိဘဲ ယာဉ်လိုင်းပြေးဆွဲမှု စီးရေမှာလျော့နည်းနေသည် ဟူသော ပြောဆိုသံများနှင့် ပတ်သက်၍ ယင်းသို့ပြောကြားခြင်းဖြစ်သည်။ YRTA အနေဖြင့် ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်လိုင်းများကို ကိုဗစ်-၁၉ ကာလများတွင်လည်း လုံးဝရပ်ဆိုင်းသွားမှုမရှိဘဲ ပြေးဆွဲပေးသကဲ့သို့ နိုင်ငံရေး အခြေအနေတစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော CDM လှုပ်ရှားမှုကာလများတွင်လည်း မူလကဲ့သို့ ယာဉ်အစီးရေ ပြေးဆွဲမှုမရှိသော်လည်း ခရီးသွားပြည်သူများ အဆင်ပြေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့သည် YBS ယာဉ်လိုင်းများကို လတ်တလော CDM လှုပ်ရှားမှုအခြေအနေပေါ် မူတည်ကာ ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ခရီးသွားပြည်သူများအတွက် YBS ယာဉ်များကို မတ် ၁၀ ရက်တွင် ယာဉ်လိုင်း ၁၀၂ လိုင်းမှ ယာဉ်အစီးရေ ၆၂၄ စီးကို လည်းကောင်း၊ မတ် ၉ ရက်တွင် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းမှ ယာဉ်အစီးရေ ၄၆၉ စီးကို လည်းကောင်း၊ မတ် ၈ ရက်တွင် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းမှ ယာဉ်အစီးရေ ၆၁၃ စီးကို လည်းကောင်း ခရီးသွားလာမှုပေါ် မူတည်ကာ ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

**ထိုက်အောင်ဝင်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို နွေးထွေးစွာ ကြိုဆို

**မော်လမြိုင် မတ် ၁၃**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ မွန်းတည့် ၁၂ နာရီက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတား (မုပ္ပလင်) ၌ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား (မွန်ပြည်နယ်သူ/သား) များကို နွေးထွေးစွာ ကြိုဆိုခဲ့သည်။

**ထောက်ပံ့ငွေများပေးအပ်**

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ(မွန်ပြည်နယ်သူ/သား) များကို မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အစားအစာများ၊ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ပြီး**(ယာပုံ)**ပြန်လည်ရောက်ရှိလာသူများကို နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ မွန်ပြည်နယ်သို့ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ စုစုပေါင်း ၂၂၃ ဦးရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သထုံမြို့နယ် ဒေးဗရိန်းကျေးရွာအုပ်စုကွင်းအမှတ် (၇၀၂၊ ၇၀၃ (ခ)၊ ၇၀၅၊ ၇၀၆၊ ၇၀၇) ရှိ လယ်ယာမြေအဆင့်မြှင့်တင်ခြင်း (စနစ်တကျလယ်မြေ) ၉၅၈ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအခြေအနေအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





## ဝန်ထမ်းအိမ်ရာများတွင် အေးချမ်းစွာနေထိုင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း မီးရထားဝန်ထမ်းအိမ်ရာများအတွင်း အေးချမ်းစွာနေထိုင်နိုင်ရေး ယနေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ်အတွင်းရှိ မီးရထားဝန်ထမ်းအိမ်ရာများသို့ မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြန်မာ့မီးရထားလိုင်း (၇) တာဝန်ခံအရာရှိ ဦးစိုးမိုးနှင့် ခရိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သောအဖွဲ့က နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ မီးရထားဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ မိသားစုဝင်များနှင့် တွေ့ဆုံကာ CDM တွင် ပါဝင်သော ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ပြီး လုပ်ငန်းများ ပုံမှန်အနေအထား ပြန်လည်တာဝန်ထမ်းဆောင်ရန်နှင့် ဝန်ထမ်းအိမ်ရာများတွင် အေးချမ်းစွာနေထိုင်နိုင်ရေး ညှိနှိုင်းဆွေးနွေး အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး အိမ်ရာဝန်းအနီးဝန်းကျင် ဆောင်ရွက်ထားရှိသည့် အတားအဆီးများအား မီးရထားဝန်ထမ်းများ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ပူးပေါင်းအင်အားဖြင့် ငြိမ်းချမ်းစွာ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပေါင်မြို့နယ်တွင် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား ကြိုဆိုပြီး နေရပ်သို့ ပြန်လည်ပို့ဆောင်ပေး

**ပေါင် မတ် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မတ် ၁၃ ရက် မွန်းလွဲ ၃ နာရီက မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ လာကြသူများအား တာဝန်ရှိသူတို့က ကြိုဆိုကာ အားပေးစကား ပြောကြားပြီး သက်ဆိုင်ရာယာယီအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ ပေါင်မြို့နယ်သို့ ပြန်လည်ရောက်ရှိလာကြသည့် အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၈ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ကြိုဆိုကာ အားပေးစကားပြောကြားပြီးသက်ဆိုင်ရာ ယာယီအုပ်ချုပ်ရေးမှူးများထံလွှဲပြောင်းပေးအပ်ခဲ့ကာ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းသန်း**
**(ပြန်/ဆက်)**

## လယ်ဝေးမြို့တွင် စပါးသီးနှံ ၁၀ တန်းသွား တိုက်ရိုက်မျိုးစေ့ချစက်ကိရိယာဖြင့် သရုပ်ပြစိုက်ပျိုး

**လယ်ဝေး မတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အမှတ် (၄၇) စက်မှုလယ်ယာစခန်းမှ ရေအိုးစဉ်ကွင်းရှိ တောင်သူဦးထိန်လင်း နွေစပါးစိုက်ခင်းတွင် မတ် ၁၁ ရက် နံနက်ပိုင်းက စပါးသီးနှံ ၁၀ တန်းသွားတိုက်ရိုက်မျိုးစေ့ချစက်ကိရိယာဖြင့် သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

စပါးသီးနှံများအား ၁၀ တန်းသွား တိုက်ရိုက်မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးခြင်းသည် မိရိုးဖလာစိုက်ပျိုးခြင်းထက် အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်းနှင့် လုပ်အားခအထိုက်အလျောက်သက်သာခြင်းတို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် စက်ကိရိယာများအသုံးပြု၍ စိုက်ပျိုးရိတ်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း တောင်သူတစ်ဦးဖြစ်သည့် ဦးလှမြင့်က ပြောသည်။

အဆိုပါသရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများ၊ တိုင်းခရိုင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံစပါးစိုက်တောင်သူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (၈-၂-၂၀၂၁ ရက်)

*(ယမန်နေ့မှအဆက်)*

**ဆုံးဖြတ်ချက်မူကြမ်းကို သဘောမတူ**

ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာ ကျင်းပခဲ့တဲ့ လူ့အခွင့်အရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေးမှာလည်း မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမြင့်သူက မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အစည်းအဝေးတွင် ဗြိတိန်နှင့် အီးယူတို့မှ ဦးဆောင်၍ မြန်မာနိုင်ငံ၏ လတ်တလောအခြေအနေဆိုင်ရာ အဆိုမူကြမ်းတစ်ရပ် တင်သွင်းခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်မူကြမ်းကို သဘောမတူကြောင်း ပြောကြားခဲ့ပါတယ်။

နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ ၁/၂၀၂၁ အစည်းအဝေးကိုလည်း ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးအတွင်း နိုင်ငံခြားရေးရာမူဝါဒ ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံခြားရေးမူဝါဒများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်သည့်ဆက်ဆံရေး တည်ဆောက်လျက်ရှိသည့်အခြေအနေများ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် နိုင်ငံတကာနှင့် စီးပွားရေးရာ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြပါတယ်။

**ပြန်လည် ရှင်းလင်းဆွေးနွေး**

ထို့အတူ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဩစတြေးလျတပ်မတော်၏ Vice Chief of the Defence Force ဖြစ်သူ Vice Admiral David Johnston AO RAN နဲ့ လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေများကို တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ပြီး သိရှိလိုသည့်အချက်များကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဟာ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၊ ထိုင်းဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးတို့နဲ့ သီးခြားစီတွေ့ဆုံခဲ့ပါတယ်။ ထို့အတူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနဲ့လည်း ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့စဉ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနဲ့ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တစ်လတာအတွင်း တွေ့ရှိချက်များ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ သတင်းထုတ်ပြန်ချက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ စပ်လျဉ်းလို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ် ၈ မြို့နယ်ရဲ့ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့ရာမှ စစ်ဆေးတွေ့ရှိချက်များကို ဖော်ပြထားပါတယ်။ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာတဲ့ မဲဆန္ဒရှင်စာရင်းမှာ ၉၀၆၂၂၆ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမှာ ၇၀၃၅၄၆ ဦးဖြစ်ပါတယ်။ မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၀၈၃၃၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် သုံးကြိမ်နှင့်အထက်ပါဝင်နေသူများမှာ ၆၉၀၀၊ နှစ်ကြိမ်ပါဝင်သူများမှာ ၇၆၂၂၂ ဦးဖြစ်တယ်လို့ စာရင်းဇယားများဖြင့် စစ်ဆေးတွေ့ရှိချက်ကို ဖော်ထုတ်နိုင်ခဲ့တာ တွေ့မြင်ရပါတယ်။

**သတင်းထုတ်ပြန်ခဲ့**

ထို့ပြင် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့တဲ့ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်မှုနဲ့ ပတ်သက်လို့ စစ်ဆေးတွေ့ရှိချက်များကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၂၃ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပါတယ်။ တွေ့ရှိချက်များအရ ကနဦး ဆန္ဒမဲလက်မှတ်ပေါင်း ၁၃၈၄၆၀၂၇၀ ရိုက်နှိပ်ခဲ့ပြီး လိုအပ်ချက်အရ ထပ်မံ၍ ကိုးကြိမ်ရိုက်နှိပ်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပရန် တစ်ရက်အလို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် နှစ်ကြိမ်ထပ်မံ မှာကြားချက်အရ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရတယ်လို့ စာရင်းဇယားများနဲ့ ဖော်ပြထုတ်ပြန်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ တတိယအကြိမ်မြောက် သတင်းထုတ်ပြန်ချက်အဖြစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က နေပြည်တော် ၈ မြို့နယ်၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့တဲ့ ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုရလဒ်များကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲနဲ့ စပ်လျဉ်းပြီး ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့)မြို့နယ်နဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တို့ရဲ့ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့ရာ မဲစာရင်းကွာခြားမှုများကို စာရင်းဇယားများဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

**“နိုင်ငံခြားရေးမူဝါဒများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်သည့်ဆက်ဆံရေး တည်ဆောက်လျက်ရှိသည့်အခြေအနေများ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် နိုင်ငံတကာနှင့် စီးပွားရေးရာ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးခဲ့”**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် ဆန္ဒမဲပေးမှုအခြေအနေများနဲ့ စပ်လျဉ်းလို့ မဲစာရင်းနဲ့ မြေပြင်စာရင်းကွာဟချက်များကို စာရင်းဇယားများဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

**တည်ငြိမ်အေးချမ်းရေးနှင့်**
**နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကနေ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထိပါးနှောင့်ယှက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် လိုအပ်တဲ့ဥပဒေများကို ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဥပမာ- ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ဥပဒေနဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေစသည်တို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း လုပ်ငန်းခွင်များထံ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြဖို့အတွက် အသိပေးကြေညာချက်များကို ဖေဖော်ဝါရီလဒုတိယပတ်မှ စတင်ကာ ထုတ်ပြန်ခဲ့ပါတယ်။

ဝန်ထမ်းများ CDM လှုပ်ရှားဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချိသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ CDM နှင့် ပတ်သက်ပြီး အွန်လိုင်းတွင် လှုံ့ဆော်နေတဲ့အဖွဲ့များနဲ့ အဆိုပါအဖွဲ့များနောက်မှာ ပံ့ပိုးနေသူများရှိကြောင်း၊ ယင်းတို့နောက်မှာ ငွေကြေးစိုက်ထုတ်ပေးတဲ့ အဖွဲ့များရှိကြောင်း၊ မိမိတို့ကောင်စီအနေနဲ့ လုပ်ဆောင်ရန်ရှိသည်များကို ဥပဒေနဲ့အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပါအဝင် ရှေ့ဆက်ဆောင်ရွက်သွားမယ့် ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားချက်များကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကျင်းပတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးချက်တစ်ရပ်ကို မတ်လ ၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါထုတ်ပြန်ချက်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" CRPH အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့် ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားခဲ့ပါတယ်။

**စီးပွားရေးဦးတည်ချက်များအပေါ်**
**အကောင်အထည်ဖော်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်စေရေးနဲ့ စည်းကမ်းတကျ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်းကောင်း၊ တိုင်းပြည်တစ်ခုရဲ့ အဓိကမောင်းနှင်အား စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်နှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိစေရေးတို့အတွက် လည်းကောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းရှင်များတို့နှင့် ဖေဖော်ဝါရီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ထို့အတူ ငွေကြေးဆိုင်ရာ ကောလာဟလများနှင့် ပတ်သက်၍ ပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း သတင်းထုတ်ပြန်ချက်များကို အချိန်မဆိုင်း ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရေးမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်စေမယ့် နည်းလမ်းများကို လိုက်နာခြင်းဖြင့် အများပြည်သူများ ပြည်တွင်းခရီးသွားလာမှုလွယ်ကူစေရန်အတွက် လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်း၊ မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့် အဝေးပြေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့တာကို မြင်တွေ့ရပါတယ်။

ဖေဖော်ဝါရီလ ၁၃ ရက် နေ့စွဲဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ ဆက်လက်ရှိနေဆဲဖြစ်တာကြောင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါဟာ နိုင်ငံ့စီးပွားရေးအတွက် ဆောင်ရွက်မှုများထဲမှ တစ်ခုဖြစ်ခဲ့ပြီး ပို့ကုန်လုပ်ငန်းရှင်များ အဆင်ပြေစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်

**"အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့တဲ့ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်မှုနဲ့ ပတ်သက်လို့ စစ်ဆေးတွေ့ရှိချက်များကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၂၃ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပါတယ်။ တွေ့ရှိချက်များအရ ကနဦး ဆန္ဒမဲလက်မှတ်ပေါင်း ၁၃၈၄၆၀၂၇၀ ရိုက်နှိပ်ခဲ့ပြီး လိုအပ်ချက်အရ ထပ်မံ၍ ကိုးကြိမ်ရိုက်နှိပ်ခဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် တစ်ရက်အလို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် နှစ်ကြိမ်ထပ်မံ မှာကြားချက်အရ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရတယ်လို့ စာရင်းဇယားများနဲ့ ဖော်ပြထုတ်ပြန်ခဲ့"**



ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထိခိုက်ဆုံးရှုံးနေကြသည့် စီးပွားရေးလုပ်ငန်းများ အထိုက်အလျောက်သက်သာခွင့် ရရှိစေရန်အတွက် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များကို ငါးဖမ်းရက် တိုးမြှင့်ခွင့်ပြုခြင်း၊ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေးကိုလည်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် အကောင်အထည်ဖော်မှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်းများ လုပ်ဆောင်လျက် ရှိပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ချိန်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးရန်ပုံငွေများ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်၍ သတင်းထုတ်ပြန်ပေးနေတာကို မြင်တွေ့နိုင်ပါတယ်။ ထို့ပြင် အငြိမ်းစားပင်စင်လစာ ထုတ်ယူကြမယ့် ကိုးသိန်းကျော်သော ပင်စင်စားကြီးများ အဆင်ပြေလွယ်ကူစွာဖြင့် ပင်စင်လစာများ ထုတ်ယူနိုင်ရေးအတွက် ရုံးဖွင့်ရက် ၂၁ ရက်နေ့ တစ်ရက်တည်းအစား ၂၁ ရက်နေ့ နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များမှာ ထုတ်ယူခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ စီးပွားရေးကော်မတီဥက္ကဋ္ဌက ကိုဗစ်ကပ်ရောဂါကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးကို အမြန်ဆုံးပြန်လည် တည့်မတ်စေရေးဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

**လူမှုရေးဦးတည်ချက်များအပေါ်**
**အကောင်အထည်ဖော်ဆောင်ရွက်**

ပြည်သူများ လပေါင်းများစွာတောင့်တနေခဲ့တဲ့ ဘုရားပုထိုးများ ဖူးမြော်ခွင့်ကို ပြန်လည်ခွင့်ပြုနိုင်ဖို့အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ရှိ ဘုရားစေတီ၊ ပုထိုးများအပါအဝင် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဘုရား၊ စေတီပုထိုးများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဒေသအသီးသီးမှာရှိတဲ့ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ပေးခဲ့ကြပါတယ်။ ဖေဖော်ဝါရီလ ၈ ရက်နေ့ကစပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ ဘုရား၊ စေတီပုထိုးများမှာ ရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ညိုစွာ ဖူးမြော်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

*စာမျက်နှာ ၈ သို့*



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများထုတ်ပေးစဉ်။

*စာမျက်နှာ ၇ မှ*

**ကျန်းမာရေးစောင့်ရှောက်**

နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ကူညီအားဖြည့်ပေးရန်ဟူသည့် တပ်မတော်၏စေတနာဖြင့် တပ်မတော်ဆေးရုံများတွင် တိုင်းရင်းသားပြည်သူအားလုံး အခမဲ့ တက်ရောက်ဆေးကုသမှု ခံယူနိုင်ကြောင်းကို ဖေဖော်ဝါရီလ ၅ ရက် နေ့စွဲဖြင့် အသိပေးထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဖေဖော်ဝါရီလဆန်းမှ ဖေဖော်ဝါရီလ ၂၈ ရက် တစ်လတာအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနေကြတဲ့ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ပြင်ပလူနာ ၃၆၁၃၃ ဦး၊ အတွင်းလူနာ ၃၅၅၀ တို့ကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ခွဲစိတ်ကုသခြင်းများ ပေးအပ်ခဲ့ကြပါတယ်။ လူနာနဲ့ လူနာစောင့်များ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်တဲ့လူနာ ၁၅၉၂ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈၇၀၊ မွေးလူနာ ၉၀၉ ဦးတို့ကို ခွဲစိတ်မီးဖွားပေးနိုင်ခဲ့ပြီး ရိုးရိုးမွေးလူနာ ၁၃၃၁ ဦးကို မီးဖွားပေးနိုင်ခဲ့ပါတယ်။ ထို့ကြောင့် ကလေးငယ်စုစုပေါင်း ၂၂၄၀ ကို ဖေဖော်ဝါရီလအတွင်း တပ်မတော်ဆေးရုံအသီးသီးမှာ အောင်မြင်စွာ မွေးဖွားပေးခဲ့တာလည်းဖြစ်ပါတယ်။

**လူမှုရေးအကူအညီများ ပေးအပ်**

ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်း နိုင်ငံရပ်ခြားမှာ ကာလကြာရှည်စွာ ပိတ်မိဒုက္ခခံနေကြရတဲ့ မြန်မာနိုင်ငံသားများ မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိလာနိုင်စေဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် မလေးရှားနိုင်ငံတွင် ယခင်ကာလများကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံနေကြရတဲ့ မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန်အတွက် တပ်မတော်ရေမှ တာဝန်ရှိသူများဦးဆောင်တဲ့ စစ်ရေယာဉ်သုံးစင်းဟာ ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က စတင်ထွက်ခွာခဲ့ကြပါတယ်။ မလေးရှားနိုင်ငံမှာရောက်ရှိပိတ်မိနေတဲ့ မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနဲ့ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်လည်ခုတ်မောင်းလာခဲ့ပါတယ်။

လမ်းခရီးတစ်လျှောက် ပြည်တော်ပြန်များ၏ လုံခြုံရေး၊ ကျန်းမာရေးနဲ့ စားသောက်ရေးတို့အတွက် တပ်မတော်မှ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ရန်ကုန်မြို့ အမှတ် (၃) ရေတပ် ဆိပ်ကမ်းသို့ အောင်မြင်စွာ ဆိုက်ရောက်ခဲ့ပြီဖြစ်ပါတယ်။ နေရပ်ပြန်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနဲ့အညီ တပ်မတော်ကွာရန်တင်းစင်တာများတွင် လက်ခံထားရှိပြီး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိစေဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် နေ့ထူးနေ့မြတ်များဖြစ်တဲ့ ဖေဖော်ဝါရီလ ၇ ရက်မှာ ကျရောက်တဲ့ (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်တဲ့ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွေကို သဝဏ်လွှာများ ပေးပို့ခဲ့ပြီး တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအတွက် တစ်သားတည်းရှိနေကြောင်းကို ထုတ်ဖော်ပြသခဲ့ပါတယ်။



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများက ကြိုဆိုကြစဉ်။



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်ကို တွေ့ရစဉ်။

**“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ချိန်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးရန်ပုံငွေများ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်၍ သတင်းထုတ်ပြန်ပေးနေတာကို မြင်တွေ့နိုင်ပါတယ်။ ထို့ပြင် အငြိမ်းစားပင်စင်လစာ ထုတ်ယူကြမယ့် ကိုးသိန်းကျော်သော ပင်စင်စားကြီးများ အဆင်ပြေလွယ်ကူစွာဖြင့် ပင်စင်လစာများ ထုတ်ယူနိုင်ရေးအတွက် ရုံးဖွင့်ရက် ၂၁ ရက်နေ့ တစ်ရက်တည်းအစား ၂၁ ရက်နေ့ နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များမှာ ထုတ်ယူခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့”**

**ကိုဗစ်ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာမှာ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ယာယီသမ္မတ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနဲ့ ဝန်ကြီးဌာနများမှ အရာထမ်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (COVISHIELD) ပထမအကြိမ်အဖြစ် စတင်ထိုးနှံပေးနိုင်ခဲ့သလို မတ်လ ၅ ရက်နေ့မှာ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံ ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ထို့ပြင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်း၊ အသက် ၆၅ နှစ် အထက် မိဘပြည်သူများအား ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုမြင့်မားလာစေရေးအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များမှာ ဘွဲ့လွန်သင်တန်းတွေ ဖွင့်လှစ်သင်ကြားဖို့အတွက် လျှောက်လွှာများခေါ်ယူပေးနိုင်ခဲ့သလို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်လစ်လပ်နေရာများအတွက် အစားထိုး ရွေးချယ်ရန် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများကိုလည်း ဖိတ်ခေါ်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ကျောင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားရေး၊ ကျန်းမာရေး ဆောင်ရွက်ချက်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းများနှင့်အညီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးတို့ကိုလည်း ကြိုတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်ဆိုတာကို တင်ပြရင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်လတာခရီးကို မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြလိုက်ရပါတယ်။ ။

■ **ကနောင်**




ဖေဖော်ဝါရီ ၂၇ ရက်က မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ တပ်မတော်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာစဉ်။

❑ကျောဖုံးမှ

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှု၊ သုံးစွဲထားမှုနှင့် လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မင်္ဂလာဒုံမြို့နယ်တွင် မဲရုံပေါင်း ၁၃၆ ရုံ ရှိပြီး စုစုပေါင်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်အရေအတွက် ၂၉၄၀၀၈ အနက် ၂၈၄၅၄၃ အား ရပ်/ကျေးမဲလက်မှတ်၊ ၃၀၀၇ အား မြို့နယ် ကြိုတင်မဲလက်မှတ်နှင့် ၆၄၅၈ အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေးအသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။

**မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၈၄၅၄၃ | ၁၅၉၆၄၉ | ၁၂၄၈၉၄ | ၁၀၇၆၃၃ | ၂၁၅၂၂ | ၄၂၆၁ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၃၀၀၇ | ၃၀၀၇ | | | - | - |
| ၃ | မြို့နယ် လက်ကျန် မဲလက်မှတ် | ၆၄၅၈ | - | ၆၄၅၈ | ၆၄၅၈ | - | - |
| | စုစုပေါင်း | ၂၉၄၀၀၈ | ၁၆၂၆၅၆ | ၁၃၁၃၅၂ | ၁၁၄၀၉၁ | ၂၁၅၂၂ | ၄၂၆၁ |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၂၈၄၅၄၃ ဖြစ်ပြီး ၁၅၉၆၄၉ အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၁၂၄၈၉၄ ကျန်ရှိရမည် ဖြစ်သော်လည်း မြေပြင်တွင် ၁၀၇၆၃၃ သာ ကျန်ရှိနေသဖြင့် မဲလက်မှတ် အရေအတွက် ၁၇၂၆၁ ကို ရပ်/ကျေးများမှ ပြန်လည်အပ်နှံနိုင်ခြင်းမရှိဘဲ အကြောင်းမဲ့လျော့နည်းပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

၇။ ထုတ်ယူရရှိသည့် မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၃၀၀၇ အား ဆန္ဒမဲပေး အသုံးပြုထားခဲ့ကြောင်းတွေ့ရပြီး မြို့နယ်လက်ကျန်မဲလက်မှတ် ၆၄၅၈ မှာလည်း သုံးစွဲမှုမရှိသဖြင့် မြေပြင် လက်ကျန်စာရင်းကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။

၈။ မင်္ဂလာဒုံမြို့နယ် တစ်ခုလုံးတွင် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ထုတ်ယူရရှိမှု အရေအတွက်မှာ ၂၉၄၀၀၈ ဖြစ်ပြီး ၁၆၂၆၅၆ အသုံးပြုခဲ့ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ် ၁၁၄၀၉၁ မှာ အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၉။ မင်္ဂလာဒုံမြို့နယ် မဲရုံတစ်ခုချင်းစီအလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန်မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်/ကျေးအမည် | မဲရုံအမှတ် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိ | | | လို | ပို |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | | |
| ၁ | ထောက်ကြန့် မြောက်ပိုင်းရပ်ကွက် | ၁ | ၂၅၀၀ | ၁၅၃၇ | ၅၁၃ | ၂၀၅၀ | ၄၅၀ | |
| | | ၂ | ၂၆၅၀ | ၁၄၈၇ | ၅၆၃ | ၂၀၅၀ | ၆၀၀ | |
| | | ၃ | ၂၆၀၀ | ၁၂၃၀ | ၅၂၁ | ၁၇၅၁ | ၈၄၉ | |
| ၂ | တိလောကရပ်ကွက် | ၁ | ၂၂၀၀ | ၁၆၃၆ | ၆၂၀ | ၂၂၅၆ | | ၅၆ |
| ၃ | ရဲစုတောင်ရပ်ကွက် | ၁ | ၂၀၀၀ | ၁၃၄၅ | ၆၅၆ | ၂၀၀၁ | | ၁ |
| | | ၂ | ၂၅၀၀ | ၁၅၅၁ | ၈၀၅ | ၂၃၅၆ | ၁၄၄ | |
| | | ၃ | ၂၀၅၀ | ၁၁၆၂ | ၇၃၈ | ၁၉၀၀ | ၁၅၀ | |
| ၄ | ထောက်ကြန့် ဘောလုံးကွင်းရပ်ကွက် | ၁ | ၁၄၀၀ | ၇၆၃ | ၄၃၇ | ၁၂၀၀ | ၂၀၀ | |
| ၅ | ပ-စံပြရပ်ကွက် | ၁ | ၅၀၀ | ၃၈၈ | ၁၁၂ | ၅၀၀ | | |
| ၆ | ထောက်ကြန့် လမ်းဆုံပိုင်းရပ်ကွက် | ၁ | ၅၅၀ | ၄၉၄ | ၆၀ | ၅၅၄ | | ၄ |
| ၇ | ထောက်ကြန့် ဈေးပိုင်းရပ်ကွက် | ၁ | ၈၀၀ | ၆၁၄ | ၁၈၆ | ၈၀၀ | | |
| ၈ | ပဲခူးလမ်းရပ်ကွက် | ၁ | ၁၀၅၀ | ၈၁၀ | ၂၄၂ | ၁၀၅၂ | | ၂ |
| ၉ | ဧကရာဇ်ရပ်ကွက် | ၁ | ၁၈၀၀ | ၁၄၀၇ | ၄၄၁ | ၁၈၄၈ | | ၄၈ |
| ၁၀ | ရွာမပိုင်းရပ်ကွက် | ၁ | ၂၄၅၀ | ၁၆၂၀ | ၆၈၀ | ၂၃၀၀ | ၁၅၀ | |
| | | ၂ | ၂၁၅၀ | ၁၄၄၁ | ၈၀၉ | ၂၂၅၀ | | ၁၀၀ |
| ၁၁ | ဒု-စံပြရပ်ကွက် | ၁ | ၁၇၅၀ | ၁၃၆၅ | ၃၃၅ | ၁၇၀၀ | ၅၀ | |
| ၁၂ | ထောက်ကြန့် တိုးချဲ့ရပ်ကွက် | ၁ | ၃၀၅၀ | ၁၆၄၃ | ၈၀၉ | ၂၄၅၂ | ၅၉၈ | |
| | | ၂ | ၂၄၀၀ | ၂၀၀၀ | ၁၀၄၁ | ၃၀၄၁ | | ၆၄၁ |
| | | ၃ | ၂၇၅၀ | ၁၇၈၂ | ၈၈၄ | ၂၆၆၆ | ၈၄ | |
| ၁၃ | ထောက်ကြန့် တောင်ပိုင်းရပ်ကွက် | ၁ | ၃၀၅၀ | ၁၉၇၅ | ၁၀၇၅ | ၃၀၅၀ | | |
| ၁၄ | တောတိုက်ရပ်ကွက် | ၁ | ၁၈၀၀ | ၁၇၁၉ | ၈၁ | ၁၈၀၀ | | |
| | | ၂ | ၁၇၅၀ | ၁၀၂၁ | ၄၂၉ | ၁၄၅၀ | ၃၀၀ | |
| ၁၅ | ပြန်လည်နေရာ ချထားရေးရပ်ကွက် | ၁ | ၂၅၀၀ | ၁၃၇၁ | ၆၆၉ | ၂၀၄၀ | ၄၆၀ | |
| | | ၂ | ၁၈၀၀ | ၁၁၅၃ | ၆၄၆ | ၁၇၉၉ | ၁ | |
| | | ၃ | ၂၄၀၀ | ၁၃၈၂ | ၈၂၄ | ၂၂၀၆ | ၁၉၄ | |
| | | ၄ | ၂၅၀၀ | ၁၄၁၅ | ၁၀၈၃ | ၂၄၉၈ | ၂ | |
| | | ၅ | ၉၅၀ | ၇၂၅ | ၁၅၃ | ၈၇၈ | ၇၂ | |
| | | ၆ | ၁၆၀၀ | ၁၁၅၈ | ၄၄၇ | ၁၆၀၅ | | ၅ |
| | | ၇ | ၁၃၀၀ | ၉၂၇ | ၅၂၅ | ၁၄၅၂ | | ၁၅၂ |
| | | ၈ | ၁၃၅၀ | ၈၆၁ | ၃၉၁ | ၁၂၅၂ | ၉၈ | |
| | | ၉ | ၂၀၅၀ | ၁၂၂၂ | ၆၀၀ | ၁၈၂၂ | ၂၂၈ | |
| | | ၁၀ | ၂၅၅၀ | ၁၃၅၃ | ၈၅၈ | ၂၂၁၁ | ၃၃၉ | |
| | | ၁၁ | ၁၇၅၀ | ၁၁၃၅ | ၄၇၁ | ၁၆၀၆ | ၁၄၄ | |
| | | ၁၂ | ၁၅၅၀ | ၅၃၁ | ၈၆၉ | ၁၄၀၀ | ၁၅၀ | |
| ၁၆ | ပြည်တော်သာရပ်ကွက် | ၁ | ၂၀၀၀ | ၉၇၇ | ၅၇ | ၁၀၃၄ | ၉၆၆ | |
| | | ၂ | ၁၆၀၀ | ၉၉၀ | ၆၁၃ | ၁၆၀၃ | | ၃ |
| | | ၃ | ၂၇၅၀ | ၉၉၉ | ၁၅၀၅ | ၂၅၀၄ | ၂၄၆ | |
| ၁၇ | ပေါက်ကုန်းရပ်ကွက် | ၁ | ၂၁၀၀ | ၁၃၀၈ | ၇၉၀ | ၂၀၉၈ | ၂ | |
| | | ၂ | ၁၅၅၀ | ၁၀၁၉ | ၄၈၁ | ၁၅၀၀ | ၅၀ | |
| | | ၃ | ၂၇၀၀ | ၁၇၄၆ | ၉၅၅ | ၂၇၀၁ | | ၁ |
| | | ၄ | ၁၃၅၀ | ၉၅၀ | ၄၀၀ | ၁၃၅၀ | | |
| | | ၅ | ၁၃၀၀ | ၈၃၀ | ၄၆၈ | ၁၂၉၈ | ၂ | |
| | | ၆ | ၃၁၀၀ | ၁၇၀၅ | ၁၁၄၅ | ၂၈၅၀ | ၂၅၀ | |
| | | ၇ | ၁၆၀၀ | ၁၁၈၈ | ၄၁၅ | ၁၆၀၃ | | ၃ |
| | | ၈ | ၁၇၀၀ | ၁၁၆၇ | ၅၈၃ | ၁၇၅၀ | | ၅၀ |
| | | ၉ | ၂၀၀၀ | ၁၀၆၂ | ၈၉၀ | ၁၉၅၂ | ၄၈ | |
| | | ၁၀ | ၁၆၅၀ | ၁၀၄၂ | ၆၀၆ | ၁၆၄၈ | ၂ | |
| | | ၁၁ | ၂၅၀၀ | ၁၄၆၁ | ၁၀၃၇ | ၂၄၉၈ | ၂ | |
| | | ၁၂ | ၁၉၀၀ | ၆၆၈ | ၇၁၀ | ၁၃၇၈ | ၅၂၂ | |

*စာမျက်နှာ ၁၀ သို့*

စာမျက်နှာ ၉ မှ

| စဉ် | ရပ်/ကျေးအမည် | မဲရုံ အမှတ် | ထုတ် ပေး | မြေပြင်စစ်ဆေးတွေ့ရှိ | | | လို | ပို |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | | |
| ၁၈ | စမ်းကြီးဝရပ်ကွက် | ၁ | ၁၈၅၀ | ၁၀၄၄ | ၈ | ၁၀၅၂ | ၇၉၈ | |
| | | ၂ | ၂၆၅၀ | ၁၁၇၄ | ၁၀၇၈ | ၂၂၅၂ | ၃၉၈ | |
| | | ၃ | ၂၃၅၀ | ၉၉၆ | ၉၀၄ | ၁၉၀၀ | ၄၅၀ | |
| | | ၄ | ၁၅၀၀ | ၈၂၉ | ၄၇၃ | ၁၃၀၂ | ၁၉၈ | |
| | | ၅ | ၁၃၀၀ | ၆၉၉ | ၃၉၉ | ၁၀၉၈ | ၂၀၂ | |
| ၁၉ | တပ်မတော်စံပြရပ်ကွက် | ၁ | ၅၀၀ | ၄၀၈ | ၉၄ | ၅၀၂ | | ၂ |
| ၂၀ | နွယ်ခွေကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၁၈၆ | ၅၁၄ | ၁၇၀၀ | ၄၅၀ | |
| | | ၂ | ၃၁၄၃ | ၁၆၅၂ | ၁၁၄၈ | ၂၈၀၀ | ၃၄၃ | |
| | | ၃ | ၂၆၅၀ | ၁၆၀၆ | ၁၀၉၀ | ၂၆၉၆ | | ၄၆ |
| | | ၄ | ၂၄၅၀ | ၁၆၉၃ | ၈၀၇ | ၂၅၀၀ | | ၅၀ |
| | | ၅ | ၂၉၅၀ | ၁၆၀၁ | ၄၀၃ | ၂၀၀၄ | ၉၄၆ | |
| ၂၁ | ပျဉ်းမပင်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၀၀ | ၆၄၅ | ၂၀၄၅ | | ၄၅ |
| | | ၂ | ၂၀၅၀ | ၁၃၈၁ | ၆၁၉ | ၂၀၀၀ | ၅၀ | |
| | | ၃ | ၂၄၅၀ | ၁၂၁၄ | ၃၆ | ၁၂၅၀ | ၁၂၀၀ | |
| | | ၄ | ၁၉၀၀ | ၁၀၆၂ | ၄၈၈ | ၁၅၅၀ | ၃၅၀ | |
| | | ၅ | ၂၄၀၀ | ၁၇၄၃ | ၆၅၆ | ၂၃၉၉ | ၁ | |
| | | ၆ | ၁၆၅၀ | ၈၉၂ | ၃၆၀ | ၁၂၅၂ | ၃၉၈ | |
| | | ၇ | ၃၀၀၀ | ၁၃၀၇ | ၁၅၉၃ | ၂၉၀၀ | ၁၀၀ | |
| | | ၈ | ၃၉၀၀ | ၁၃၄၉ | ၂၅၅၄ | ၃၉၀၃ | | ၃ |
| ၂၂ | အမှတ်(၂)(က)ရပ်ကွက် | ၁ | ၂၃၅၀ | ၁၃၅၀ | ၁၀၀၀ | ၂၃၅၀ | | |
| | | ၂ | ၂၉၅၀ | ၁၇၂၈ | ၁၁၉၂ | ၂၉၂၀ | ၃၀ | |
| ၂၃ | အနန်းပင်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၁၁၆ | ၅၈၅ | ၁၇၀၁ | | ၁ |
| | | ၂ | ၁၁၀၀ | ၇၅၈ | ၁၉၂ | ၉၅၀ | ၁၅၀ | |
| | | ၃ | ၁၉၀၀ | ၁၉၀၉ | ၃၉၁ | ၂၃၀၀ | | ၄၀၀ |
| | | ၄ | ၂၂၅၀ | ၁၇၅၆ | ၄၉၁ | ၂၂၄၇ | ၃ | |
| ၂၄ | ကြံခင်းစုရပ်ကွက် | ၁ | ၁၈၀၀ | ၁၃၇၀ | ၄၃၁ | ၁၈၀၁ | | ၁ |
| | | ၂ | ၁၄၅၀ | ၁၁၃၈ | ၃၁၅ | ၁၄၅၃ | | ၃ |
| | | ၃ | ၂၄၀၀ | ၁၃၁၂ | ၉၁၁ | ၂၂၂၃ | ၁၇၇ | |
| | | ၄ | ၁၉၅၀ | ၁၃၇၅ | ၅၈၀ | ၁၉၅၅ | | ၅ |
| ၂၅ | ချစ်တီးကုန်းရပ်ကွက် | ၁ | ၁၂၀၀ | ၈၄၇ | ၄၆၃ | ၁၃၁၀ | | ၁၁၀ |
| | | ၂ | ၂၀၅၀ | ၁၂၆၀ | ၇၅၀ | ၂၀၁၀ | ၄၀ | |
| | | ၃ | ၃၀၀၀ | ၁၅၄၇ | ၁၆၆၁ | ၃၂၀၈ | | ၂၀၈ |
| | | ၄ | ၂၁၅၀ | ၁၂၉၇ | ၁၀၅၅ | ၂၃၅၂ | | ၂၀၂ |
| ၂၆ | အမှတ်(၃)(က)ရပ်ကွက် | ၁ | ၁၂၅၀ | ၈၉၃ | ၄၀၇ | ၁၃၀၀ | | ၅၀ |
| ၂၇ | အမှတ်(၃)(ခ)ရပ်ကွက် | ၁ | ၁၆၀၀ | ၁၁၄၅ | ၄၅၇ | ၁၆၀၂ | | ၂ |
| | | ၂ | ၂၀၀၀ | ၁၅၁၀ | ၄၉၀ | ၂၀၀၀ | | |
| ၂၈ | အမှတ်(၂)(ခ)ရပ်ကွက် | ၁ | ၂၃၀၀ | ၁၅၇၁ | ၇၃၅ | ၂၃၀၆ | | ၆ |
| ၂၉ | မင်္ဂလာဒုံဈေးရပ်ကွက် | ၁ | ၁၉၅၀ | ၁၀၀၀ | ၆၀၀ | ၁၆၀၀ | ၃၅၀ | |
| | | ၂ | ၁၄၀၀ | ၁၃၆၀ | ၄၀ | ၁၄၀၀ | | |
| | | ၃ | ၈၀၀ | ၇၅၆ | ၄၄ | ၈၀၀ | | |
| | | ၄ | ၁၃၅၀ | ၁၂၅၈ | ၉၂ | ၁၃၅၀ | | |
| | | ၅ | ၁၇၅၀ | ၁၅၆၁ | ၁၉၁ | ၁၇၅၂ | | ၂ |
| | | ၆ | ၁၄၅၀ | ၁၂၈၇ | ၆၅ | ၁၃၅၂ | ၉၈ | |
| | | ၇ | ၁၃၅၀ | ၁၂၉၂ | ၅၈ | ၁၃၅၀ | | |
| | | ၈ | ၉၅၀ | ၇၈၈ | ၁၄၅ | ၉၃၃ | ၁၇ | |
| | | ၉ | ၁၄၅၀ | ၉၆၂ | ၈၈ | ၁၀၅၀ | ၄၀၀ | |
| | | ၁၀ | ၂၂၅၀ | ၁၅၇၄ | ၇၇ | ၁၆၅၁ | ၅၉၉ | |
| ၃၀ | သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု | ၁ | ၂၈၅၀ | ၁၄၈၃ | ၁၈၁၇ | ၃၃၀၀ | | ၄၅၀ |
| | | ၂ | ၂၄၀၀ | ၁၁၆၅ | ၁၂၈၃ | ၂၄၄၈ | | ၄၈ |
| | | ၃ | ၁၉၅၀ | ၈၇၅ | ၁၀၂၅ | ၁၉၀၀ | ၅၀ | |
| | | ၄ | ၂၁၅၀ | ၁၀၂၆ | ၁၂၇၄ | ၂၃၀၀ | | ၁၅၀ |
| | | ၅ | ၁၇၀၀ | ၉၃၁ | ၉၆၉ | ၁၉၀၀ | | ၂၀၀ |
| | | ၆ | ၃၇၀၀ | ၁၁၈၃ | ၂၅၁၇ | ၃၇၀၀ | | |
| | | ၇ | ၃၁၀၀ | ၉၀၆ | ၂၃၄၄ | ၃၂၅၀ | | ၁၅၀ |
| | | ၈ | ၃၂၀၀ | ၁၃၆၄ | ၂၀၃၆ | ၃၄၀၀ | | ၂၀၀ |
| | | ၉ | ၁၃၀၀ | ၈၂၄ | ၅၇၆ | ၁၄၀၀ | | ၁၀၀ |
| | | ၁၀ | ၁၈၀၀ | ၃၁၇ | ၁၇၈၃ | ၂၁၀၀ | | ၃၀၀ |
| | | ၁၁ | ၂၅၀၀ | ၁၄၇၃ | ၁၀၂၉ | ၂၅၀၂ | | ၂ |
| | | ၁၂ | ၃၂၅၀ | ၁၁၆၀ | ၂၄၀ | ၁၄၀၀ | ၁၈၅၀ | |
| | | ၁၃ | ၂၃၅၀ | ၂၄၉ | ၂၂၀၁ | ၂၄၅၀ | | ၁၀၀ |
| | | ၁၄ | ၁၈၀၀ | ၂၁၂ | ၁၆၃၈ | ၁၈၅၀ | | ၅၀ |
| | | ၁၅ | ၈၅၀ | ၅၅၀ | ၅၀၆ | ၁၀၅၆ | | ၂၀၆ |
| ၃၁ | ရွှေနံ့သာကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၁၄၆ | ၁၁၅၄ | ၂၃၀၀ | | |
| | | ၂ | ၂၉၀၀ | ၁၇၄၀ | ၉၆၀ | ၂၇၀၀ | ၂၀၀ | |
| | | ၃ | ၂၉၀၀ | ၁၄၉၃ | ၁၀၅၇ | ၂၅၅၀ | ၃၅၀ | |
| | | ၄ | ၂၆၀၀ | ၁၆၂၈ | ၉၇၅ | ၂၆၀၃ | | ၃ |
| | | ၅ | ၂၄၅၀ | ၁၃၃၂ | ၁၁၁၈ | ၂၄၅၀ | | |
| | | ၆ | ၂၉၅၀ | ၁၄၇၉ | ၁၂၂၅ | ၂၇၀၄ | ၂၄၆ | |
| | | ၇ | ၂၅၀၀ | ၁၁၉၆ | ၁၀၅၄ | ၂၂၅၀ | ၂၅၀ | |
| | | ၈ | ၁၉၀၀ | ၆၈၂ | ၉၁၈ | ၁၆၀၀ | ၃၀၀ | |
| | | ၉ | ၁၇၅၀ | ၇၀၂ | ၉၄၈ | ၁၆၅၀ | ၁၀၀ | |
| | | ၁၀ | ၂၉၅၀ | ၁၃၀၃ | ၁၆၄၇ | ၂၉၅၀ | | |
| | | ၁၁ | ၂၉၀၀ | ၁၃၀၁ | ၉၀၅ | ၂၂၀၆ | ၆၉၄ | |
| | | ၁၂ | ၁၀၀၀ | ၅၉၅ | ၃၀၅ | ၉၀၀ | ၁၀၀ | |
| | | ၁၃ | ၁၈၅၀ | ၁၀၀၉ | ၅၄၇ | ၁၅၅၆ | ၂၉၄ | |
| | | ၁၄ | ၁၈၀၀ | ၇၇၄ | ၉၇၈ | ၁၇၅၂ | ၄၈ | |
| ၃၂ | ကုန်းတလပေါင် ကျေးရွာအုပ်စု | ၁ | ၂၉၀၀ | ၁၂၃၃ | ၁၇၁၇ | ၂၉၅၀ | | ၅၀ |
| | | ၂ | ၂၈၀၀ | ၁၀၇၂ | ၁၆၇၀ | ၂၇၄၂ | ၅၈ | |
| | | ၃ | ၂၈၅၀ | ၁၁၆၈ | ၁၇၃၂ | ၂၉၀၀ | | ၅၀ |
| | | ၄ | ၂၈၀၀ | ၉၈၁ | ၁၆၆၉ | ၂၆၅၀ | ၁၅၀ | |
| | | ၅ | ၂၅၅၀ | ၇၇၉ | ၃၂၃ | ၁၁၀၂ | ၁၄၄၈ | |
| | | ၆ | ၂၃၀၀ | ၈၁၀ | ၁၄၉၀ | ၂၃၀၀ | | |
| | | ၇ | ၃၀၀၀ | ၁၀၆၃ | ၁၈၈၇ | ၂၉၅၀ | ၅၀ | |
| | | ၈ | ၂၉၀၀ | ၁၂၄၉ | ၁၆၅၁ | ၂၉၀၀ | | |
| | | ၉ | ၂၇၀၀ | ၁၂၀၂ | ၁၄၀၈ | ၂၆၁၀ | ၉၀ | |
| | | ၁၀ | ၁၄၀၀ | ၆၆၃ | ၆၉၅ | ၁၃၅၈ | ၄၂ | |
| | | ၁၁ | ၁၉၀၀ | ၁၀၄၀ | ၇၅၉ | ၁၇၉၉ | ၁၀၁ | |
| | စုစုပေါင်း | | ၂၈၄၅၄၃ | ၁၅၉၆၄၉ | ၁၀၇၆၃၃ | ၂၆၇၂၈၂ | ၂၁၅၂၂ | ၄၂၆၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကသာမြို့၌ သံဃာတော်၊ သီလရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ



**ကသာ မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ ကသာမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သီလရှင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ နိုင်ငံ့ဝန်ထမ်းများကို ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြို့နယ်အတွင်းရှိ သံဃာတော် ၃၁ ပါး၊ သီလရှင် ၁၄ ပါး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ နိုင်ငံ့ဝန်ထမ်း ၅၁၅ ဦးတို့ကို နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်ခွဲ၍ ထိုးနှံပေးခဲ့ကြောင်း၊ ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် နိုင်ငံ့ဝန်ထမ်းများအပြင် ဝန်ထမ်းများ၏ အတူနေမိသားစုဝင်များကိုပါ ထိုးနှံပေးခဲ့ပြီး ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများကလည်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*◆ကျောဖုံးမှ*

အရှင်သူမြတ်များက မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခဲ့ကြသည်။

ဆက်လက်ပြီး ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ ဆရာတော် အရှင်သူမြတ်များက ဦးဆောင်ပြီး တရားနာဒည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ ရေစက်ချအနုမောဒနာတရား နာကြားခဲ့ကြကြောင်း သိရသည်။

မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ယခုအခါတွင် ကိုဗစ် – ၁၉ ရောဂါအခြေအနေများ ကြောင့် ကြိုတင်ကာကွယ်မှုများနှင့်အညီ ၁၅ ရက် အကျဉ်းချုံး ကျင်းပရခြင်းဖြစ်ကြောင်း၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဩဝါဒါစရိယ ဆရာတော်အရှင်သူမြတ် ပင့်သံဃာ ၂၇ ပါးတို့က တပေါင်းလပြည့်နေ့အထိ အသံမစဲပဋ္ဌာန်းမြတ် ဒေသနာတော်များအား ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆရာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်များ လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွမ်းသီဟ**




# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကြက်ဆင်တံတား ပတ်ဝန်းကျင်နေရာတစ်ဝိုက်တွင် လည်းကောင်း၊ အမ်းမြို့နယ် ဒါးလက်မြောက်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ် ပြင်ရှည်ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်နေရာများနှင့် ကျေးရွာချင်းဆက် လမ်းများတွင်လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*●ကျောဖုံးမှ*

ဒဏ်ရာရရှိခဲ့၍ ရိုဒရီနှင့် လူစားလဲခဲ့ရသည်။ ဘမ်းဖို့ဒ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၇ ပွဲတွင် လိဒ်စ်အသင်းအတွက် ၁၃ ဂိုးသွင်းယူကာ ငါးကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည့် ကစားသမားတစ်ဦး ဖြစ်သည်။ ပထမပိုင်း ပွဲချိန်တွင် ချယ်ဆီးအသင်းသည် အိမ်ရှင်လိဒ်စ်အသင်းအပေါ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိချေ။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုပြုလုပ်လာခဲ့သော်လည်း မိနစ် ၈၀ ကျော်သည်အထိ လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိချေ။ လိဒ်စ်အသင်းသည် ချယ်ဆီးအသင်းနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် နှစ်ပွဲတွင် ဂိုးပြတ်အရေးနိမ့်ထားသောလည်း ယနေ့ပွဲစဉ်တွင် သရေကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ချယ်ဆီးအသင်းသည် ဒုတိယပိုင်းတွင်လည်း လိဒ်စ်အသင်းအပေါ် သိသိသာသာ ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ချယ်ဆီးအသင်းသည် ယနေ့ပွဲစဉ်ကို သရေကျခဲ့သောကြောင့် အမှတ်ပေးဇယားတွင် ၂၉ ပွဲကစားပြီး ၅၁ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည်။ လိဒ်စ်အသင်းက ယနေ့ပွဲစဉ်ကို သရေကျခဲ့သောကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ခြောက်ပွဲတွင် နိုင်ပွဲတစ်ပွဲသာ ရယူထားနိုင်သေးသည်။

လာမည့်ပွဲစဉ်အဖြစ် လိဒ်စ်အသင်းသည် မတ် ၂၀ ရက်တွင် ပရီမီယာလိဂ်၌ ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ချယ်ဆီးအသင်းက လာမည့်ပွဲစဉ်အဖြစ် မတ် ၁၈ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။


**အောင်ဇော်**

# ဗြိတိန်နိုင်ငံမှ အီးယူသို့ တင်ပို့ကုန်များ သိသိသာသာ ကျဆင်း

**လန်ဒန် မတ် ၁၃**

ဗြိတိန်မှ ဥရောပသမဂ္ဂသို့ တင်ပို့သည့် ပို့ကုန်များမှာ ဇန်နဝါရီလအတွင်း ၄၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ဘရက်ဇစ် အသွင်ကူးပြောင်းရေး ကာလသက်တမ်း ကျော်လွန်သွားပြီးနောက် ကုန်သွယ်ရေးဆက်ဆံမှု အသစ်အောက်တွင် ပထမဆုံးအကြိမ်အဖြစ် ကုန်သွယ်မှု ၄၀ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ လွန်ခဲ့သည့်လအတွင်း တန်ဖိုးရှိသည့် သတ္တုပစ္စည်းများ ချန်လှပ်ပြီးအခြားသောကုန်ပစ္စည်းများ အီးယူသို့ တင်ပို့မှုမှာ ၄၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဗြိတိန်အမျိုးသားစာရင်းအင်းရုံးမှ မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။ သွင်းကုန်များမှာလည်း ၂၈ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားခြင်း ဖြစ်သည်။ ၁၉၉၇ ခုနှစ် အစပိုင်းမှစတင်၍ လေ့လာကြည့်ရာ အဆိုးဆုံးကုန်သွယ်ရေးကျဆင်းမှုဟုသိရသည်။ အီးယူနှင့်ပတ်သက်၍ အကောက်အခွန်အစီအစဉ်သစ်များကြောင့် ယခုလို ထိခိုက်ရခြင်းဖြစ်သည်ဟု သိရသည်။ ငါးဖမ်းလုပ်ငန်းတွင်လည်း လုပ်ငန်းရှင်များသည် ၎င်းတို့၏ ထုတ်ကုန်အရည်အသွေးထိခိုက်မည်ကို စိုးရိမ်သည့်အတွက် အီးယူသို့ကုန်ပစ္စည်းများတင်ပို့ခြင်းကို ယာယီဆိုင်းငံ့ထားသည်။ အစားအသောက်နှင့် တိရစ္ဆာန်တင်ပို့မှု၊ ပင်လယ်စာတင်ပို့မှုမှာလည်း ၆၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ကိုဗစ် -၁၉ ကန့်သတ်ချက်များကြောင့် ကျဆင်းခြင်းဖြစ်ပြီးယာယီသာဖြစ်သည်ဟုလည်း စာရင်းအင်းရုံးက အကြံပြုပြောကြားထားသည်။ အီးယူနှင့် စပ်လျဉ်း၍ ဗြိတိန်နိုင်ငံ ၏ကုန်သွယ်မှု မကြာမီအတွင်း ပြန်လည်သက်သာရာ ရမရကို အာရုံစူးစိုက်နေကြသည်။ **အင်န်အိတ်ချ်ကေ**





ကိုဗစ် -၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

# ဇွန်လကုန်တွင် ဂျပန်နိုင်ငံသို့ ဖိုက်ဇာကာကွယ်ဆေး သန်း ၁၀၀ ရောက်ရှိမည်

**တိုကျို မတ် ၁၃**

ဂျပန်နိုင်ငံသည် ဇွန်လနှင့် မေလအတွင်း ဖိုက်ဇာကုမ္ပဏီမှ ကိုဗစ် -၁၉ ကာကွယ်ဆေး သန်း ၁၀၀ လက်ခံရရှိမည်ဖြစ်သည်ဟု ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးရေး ကြီးကြပ်ရသည့် ဝန်ကြီးဌာန ဝန်ကြီးက မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ယင်းကာကွယ်ဆေးပမာဏမှ လူဦးရေ၏ တစ်ဝက်နီးပါးကို ထိုးနှံပေးနိုင်မည် ဖြစ်သည်။ ဥရောပသမဂ္ဂ၏ ပို့ကုန်ပစ္စည်းများ ထိန်းချုပ်ရေးစည်းမျဉ်း အသစ်အောက်တွင် ဘယ်လ်ဂျီယံ စက်ရုံမှ ပေးပို့မည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများ ဂျပန်နိုင်ငံသို့ တင်ပို့ခွင့်ရရှိရေးအတွက် အတည်ပြုချက်ရယူရန် လိုအပ်သည်။

၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလတွင် ဂျပန်ပြည်သူ ၁၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု ဂျပန်ဝန်ကြီးချုပ် ယိုရှိဟိဒဲဆူဂါက ကတိပြုပြောကြားခဲ့သည်။

ဖိုက်ဇာကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင် အသုံးပြုရန် ခွင့်ပြုပေးခဲ့ပြီး အဆိုပါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံရန် လိုအပ်သည်။

နှစ်ကြိမ် ထိုးရမည်ဖြစ်သည့်အတွက် ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ရရှိလျှင် ပြည်သူသန်း ၅၀ အတွက် လုံလောက်မှု ရှိမည်ဖြစ်သည်။

**ကျိုဒိုနယူး**

# အမေရိကန်တွင် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၀၀၀ နီးပါးရှိလာ

**ဝါရှင်တန် မတ် ၁၃**

အမေရိကန် ပြည်ထောင်စုတွင် မတ် ၁၁ ရက်က ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၄၀၀၀ အထိရှိသည်ဟု အမေရိကန် ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ထုတ်ပြန်ချက်များအရ သိရသည်။ ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၇၀၁ ဦးတွင် B.1.1.7 ဟု အမည်ပေးထားသည့် ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်ခံထားရပြီး အဆိုပါမိုင်းရပ်စ်မှာ ဗြိတိန်တွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် -၁၉ ဖြစ်သည်ဟု သိရသည်။

ကူးစက်ခံရသူ ၁၀၈ ဦးမှာမူ တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်ခံရခြင်းဖြစ်ကာ ၁၇ ဦးမှာမူ ဘရာဇီးတွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်ခံရခြင်းဖြစ်သည်ဟု သိရသည်။

အမေရိကန် ရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာနှင့် အခြားသောမိတ်ဖက်အဖွဲ့အစည်းများသည် ဓာတ်ခွဲခန်းများတွင် နမူနာများကို ဓာတ်ခွဲစမ်းသပ်မှုများ တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိသည်။ ကယ်လီဖိုးနီးယားနှင့် နယူးယောက်မှာကဲ့သို့ ဗီဇပြောင်း ကိုဗစ် -၁၉ လျင်မြန်စွာကူးစက်လာမည်ကို ကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။ ကယ်လီဖိုးနီးယားတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉မှာ ပိုမိုလျင်မြန်စွာ ကူးစက်ပြီး ယခုအခါ ပြည်နယ်အတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည်ဟု ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောသည်။ ဗီဇပြောင်း ကိုဗစ် -၁၉ မှာ မည်သို့လျင်မြန်စွာ ကူးစက်ပုံနှင့် ကူးစက်ခံရသူများတွင် ဆိုးရွားသည့် ရောဂါလက္ခဏာများ ပေါ်ပေါက်ခြင်းရှိ မရှိတို့ကို သုတေသနပြုလုပ်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှု ၂၉ ဒသမ ၃၃ သန်းရှိလာပြီး သေဆုံးသူမှာလည်း ၅၃၂၁၀၀ ကျော် ရှိသည်ဟု ဂျွန်ဟော့ကင်း တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**




ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# အမေရိကန်က စီစဉ်ပေးသည့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ယီမင်မှ ဟူသီသူပုန်များလက်မခံ

**ဆာနား မတ် ၁၃**

ယီမင်နိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ဟူသီသူပုန်များက လက်မခံဘဲ ငြင်းဆိုလိုက်ကြောင်း မတ် ၁၂ ရက်က ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျ၏အမြင်ကိုသာ ကိုယ်စားပြုသည့် အစီအစဉ်ဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့သည်။ ခြောက်နှစ်ကျော်ကြာ ယီမင်ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေးအတွက် ယီမင်နိုင်ငံဆိုင်ရာ အမေရိကန် အထူးသံတမန် တင်မိုသီ လန်ဒါကင်းက အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကိုတင်ပြခဲ့ပြီး ဟူသီများဘက်မှ တုံ့ပြန်မှုကို စောင့်ဆိုင်းနေသည်ဟု ဆော်ဒီပိုင်သတင်းဌာနဖြစ်သည့် အယ်အာရာဘီယာဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တင်မိုသီသည် ပြီးခဲ့သည့်လအတွင်းက မိုဟာမက် အဗ္ဗဒူဆယ်မန် ဦးဆောင်သည့် ဟူသီ စေ့စပ်ညှိနှိုင်းရေးအဖွဲ့နှင့် အိုမန်နိုင်ငံတွင် တွေ့ဆုံခဲ့သည်။

ယီမင်တွင် အပစ်အခတ်ရပ်စဲရေးအတွက် ဆော်ဒီအာရေဗျနှင့် ကုလသမဂ္ဂအရာရှိများနှင့် ရီယာ့ဒ်မြို့တွင် တွေ့ဆုံပြီးနောက် အိုမန်တွင် ဟူသီစေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် ထပ်မံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ဒေသတွင်းအတွေ့အကြုံများစွာရှိသည့် တင်မိုသီကို ဖေဖော်ဝါရီလအတွင်းက ယီမင်နိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။

ယင်းသို့သံတမန်ခန့်အပ်သည့် လှုပ်ရှားမှုကိုကြည့်လျှင် စစ်ဘေးဒဏ်ခံ ယီမင်နိုင်ငံတွင် အမေရိကန်အစိုးရသစ်၏ မူဝါဒအပြောင်းအလဲကို တွေ့မြင်နိုင်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံသည် အာဆီယံ၊ အင်ဒို-ပစိဖိတ်နိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖြန့်ဝေနိုင်ရန် အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံများနှင့် ကာကွယ်ဆေးပူးပေါင်းထုတ်လုပ်သွားမည်

ဝါရှင်တန် မတ် ၁၃

**အိန္ဒိယနိုင်ငံသည် လာမည့်နှစ်ကုန်တွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဩစတြေးလျတို့ ပါဝင်သည့် ပူးပေါင်းအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး အလုံးရေ တစ်ဘီလီယံကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။**

လေးနိုင်ငံ ပထမအကြိမ် အစည်းအဝေးပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အမျိုးသားလုံခြုံရေး အကြံပေး ဂျိတ်ဆူလီဗန်က လေးဦးဆိုင်အဖွဲ့သည် ကာကွယ်ဆေးနှင့်ပတ်သက်သော ပူးတွဲကတိကဝတ်များ ပြုခဲ့ကြောင်း ပြောကြားလိုက်သည်။

၂၀၂၂ ခုနှစ် နှစ်ကုန်တွင် လေးနိုင်ငံ ပူးပေါင်းအဖွဲ့သည် အာဆီယံ၊ အင်ဒို-ပစိဖိတ်နိုင်ငံများကို ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံ ထက်မနည်းဖြန့်ဝေနိုင်ရန် ကတိပြုခဲ့ကြောင်း ဆူလီဗန်က သတင်းထောက်များကို ပြောကြားလိုက်သည်။

ကြေညာချက်တွင် အိမ်ဖြူတော်က အိန္ဒိယဆေးကုမ္ပဏီ ဘိုင်အိုလော်ဂျီကယ် အီးလီမိတက်ကုမ္ပဏီသည် လာမည့်နှစ်ကုန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ အနည်းဆုံး တစ်ဘီလီယံ ထုတ်လုပ်နိုင်ကြောင်း ပြောကြားလိုက်သည်။ ထိုသို့ထုတ်လုပ်ရာတွင် တစ်ကြိမ်သာ ထိုးနှံမှုလုပ်ဆောင်ရမည့် အမေရိကန် ကိုဗစ်-၁၉ ကာကွယ်ဆေး ဂျွန်ဆင်အင်န်ဂျွန်ဆင်ကာကွယ်ဆေးကို ဦးစားပေးထားကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး ထုတ်လုပ်ခြင်းကို ဂျပန်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ငွေကြေးဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က ငွေကြေးကူညီပေးမည်ဖြစ်သည်။ အဆိုပါအဖွဲ့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်ငန်းအစီအစဉ်များကို ငွေကြေးထောက်ပံ့ပေးနေသော အဖွဲ့ဖြစ်သည်။

ဩစတြေးလျနိုင်ငံကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးကိုထုတ်လုပ်ဖြန့်ဝေရာတွင်သာမက အရှေ့တောင်အာရှနိုင်ငံများတွင်ပါ ထိုးနှံမှုများ ဆောင်ရွက်နိုင်စေရန် ယခင်ကတိပြုထားသည့် အမေရိကန်ဒေါ်လာ ၄၀၇ သန်းအပြင် နောက်ထပ် အမေရိကန်ဒေါ်လာ ၇၇ သန်း ထည့်ဝင်ကူညီမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အပြန်အလှန်အနေဖြင့် ဂျပန်နိုင်ငံကလည်း ကာကွယ်ဆေးများ ဖြန့်ဝေနိုင်ရန် အမေရိကန်ဒေါ်လာ ၄၁ သန်း ကူညီမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



လေးနိုင်ငံ ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်နေသည်ကို တွေ့ရစဉ်။

## အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူ လေးသန်းကျော် ရောက်ရှိ

**အဒစ်အဘာဘာ မတ် ၁၃**

အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြု ကူးစက်ဖြစ်ပွားသူ မတ် ၁၂ ရက်အထိ ၄၀၀၅၂၀၄ ဦး ရောက်ရှိလာခဲ့ကြောင်း အာဖရိက ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ) က ပြောကြားလိုက်သည်။

အာဖရိကစီဒီစီက ကိုဗစ်-၁၉ နှင့် ဆက်စပ်နီးနွယ် သေဆုံးသူ ပေါင်းသည် ၁၀၇၀၀၁ ဦးရှိလာခဲ့ကြောင်းနှင့် အာဖရိကတိုက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ပေါင်းမှာလည်း ၃၅၈၉၀၆၇ ဦး ရှိကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်ပွားသော နိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုပီးယားနိုင်ငံများ ဖြစ်ကြောင်း အဆိုပါ အာဖရိကစီဒီစီက ပြောကြားလိုက်သည်။



ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လက်သန့်ဆေးရည်ဖြင့် လက်ဆေးနေစဉ်။

တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် လူ့အသက်ပေါင်း ၅၁၁၁၀ သေဆုံးခဲ့သလို အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှု အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထို့နောက် အာဖရိကနိုင်ငံများတွင် အီဂျစ်က ဒုတိယအဆိုးဆုံး ကိုဗစ်-၁၉ ကပ်ရောဂါကို ခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ သေဆုံးသူ ၁၁၁၆၉ ဦး ရှိပြီး မော်ရိုကိုတွင် ကိုဗစ်-၁၉ ကြောင့် ၈၇၁၂ ဦးရှိကြောင်း အာဖရိက စီဒီစီက ဖော်ပြလိုက်သည်။

**ဆင်ဟွာ**

## တူရကီသည် တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ နောက်ထပ် သန်း ၅၀ ဝယ်ယူမည်

**အစ္စတန်ဘူလ် မတ် ၁၃**

တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က တူရကီနိုင်ငံသည် တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ နောက်ထပ် သန်း ၅၀ ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံမှ ကာကွယ်ဆေးအလုံးရေ နောက်ထပ် သန်း ၅၀ ဝယ်ယူနိုင်လျှင်၊ အဆိုပါကိစ္စကို သဘောတူညီခဲ့လျှင် ဒုတိယအကြိမ် ကာကွယ်ဆေးပေးပို့မှုသည် တရုတ်နိုင်ငံမှ ရောက်လာမည်ဖြစ်ကြောင်း သမ္မတ၏ ပြောကြားချက်ကို ကိုးကား၍ အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြလိုက်သည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖြင့် ဇန်နဝါရီလလယ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၀ ဒသမ ၈ သန်းကို ထိုးပေးခဲ့ပြီးပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး စာရင်းပြုစုချက်များအရ သိရသည်။

**ဆင်ဟွာ**

## ပြင်သစ်၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့များသာမက အမေရိကန်၊ ကနေဒါနှင့် တောင်အာဖရိကနိုင်ငံများက ဂျေအင်န်ဂျေ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြု

**ပါရီ မတ် ၁၃**

ပြင်သစ်ထိပ်ပိုင်းကျန်းမာရေးအာဏာပိုင်က အမေရိကန်ဆေးဝါးထုတ်လုပ်ရေးအုပ်စုဖြစ်သော ဂျွန်ဆင်အင်န်ဂျွန်ဆင်က ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း မတ် ၁၂ ရက်က ပြောကြားလိုက်သည်။

ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ပြင်သစ်နိုင်ငံတွင် အရေးပေါ် အသုံးပြုခွင့်ပေးလိုက်သော လေးခုမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သကဲ့သို့ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ကလည်း အတည်ပြုလိုက်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် တောင်အာဖရိက ဆေးဝါးကြီးကြပ်ရေးအဖွဲ့များထံမှ ခွင့်ပြုချက်လည်း ရရှိထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ဖြစ်ပွားသောနေရာများတွင် အဆိုပါ တစ်ကြိမ်သာ ထိုးနှံရမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံသင့်ကြောင်း ပြင်သစ်ကျန်းမာရေးအာဏာပိုင်အဖွဲ့က ပြောလိုက်သည်။

ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရွယ်ရောက်ပြီးသူတိုင်းအတွက် အသုံးပြုသင့်ကြောင်း ထောက်ခံချက်ပေးထားသည်။ ၎င်းတို့ထဲတွင် အသက် ၆၅ နှစ်နှင့်အထက် အသက်ကြီးပိုင်းများနှင့် ကိုဗစ်-၁၉ အခြေအနေကို ဆိုးရွားစွာ ခံစားရနိုင်သူများလည်း ပါဝင်သည်။

လက်တွေ့စမ်းသပ်ချက်များအရ ဂျေအင်န်ဂျေ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ပုံစံအားလုံးအတွက် ၆၇ ရာခိုင်နှုန်း အစွမ်းထက်ထိရောက်ကြောင်း တွေ့ရှိခဲ့သည်။ ပြင်းထန်သော ကိုဗစ်-၁၉ ရောဂါအတွက်မူ ၈၅ ဒသမ ၄ ရာခိုင်နှုန်းအစွမ်းထက် ထိရောက်ကြောင်း သိရသည်။


ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် မတ် ၁၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရား စေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အဖွင့်အမှာစကားပြောကြားပြီး တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော်ဆေးကုသရေး အဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဆေးရုံ၌ အထက်တန်းသူနာပြုခြောက်ဦးတို့ဖြင့် ဒေသခံပြည်သူများအား ဆေးထည့်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့သာ ဆောင်ရွက်ပေးနိုင်သဖြင့် ဆေးကုသရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများက အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် မတ် ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သား ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့အား အဆိုပါ ဆေးရုံသို့ စေလွှတ်ခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ကြိုဆိုခဲ့ကြောင်းနှင့် သံဃာတော်များ၊ ရှင်သာမဏေများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၃**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ရွှေမှော်တင်ကျောင်းတိုက်နှင့် ချင်းပြည်နယ် တီးတိန်မြို့ ထေရဝါဒဗဟိုသာသနာပြုကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရော၀တီတိုင်းဒေသကြီး ဟသ်ာတမြို့၊ ချင်းပြည်နယ် တီးတိန်မြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၁ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ ပြုလုပ်သော(၃၆)ကြိမ်မြောက် လားရှိုးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော်သို့ ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်၍ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၃၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၂,၂၃၈) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၃၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၃-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၉၃၄၂၃ | ၂၂၀၃၁၂၂၀ | ၅၄၅၅၄၄ |
| ၂။ | ဘရာဇီး | ၁၁၃၆၈၃၁၆ | ၁၀၀၀၀၉၈၀ | ၂၇၅၂၇၆ |
| ၃။ | အိန္ဒိယ | ၁၁၃၃၃၇၂၈ | ၁၀၉၇၃၂၆၀ | ၁၅၈၄၈၃ |
| ၄။ | ရုရှား | ၄၃၈၀၅၂၅ | ၃၉၈၅၈၉၇ | ၉၁၆၉၅ |
| ၅။ | ဗြိတိန် | ၄၂၄၈၂၈၆ | ၃၄၂၄၀၉၂ | ၁၂၅၃၄၃ |
| ၆။ | ပြင်သစ် | ၄၀၁၅၅၆၀ | ၂၇၁၆၇၈ | ၉၀၁၄၆ |
| ၇။ | စပိန် | ၃၁၈၃၇၀၄ | ၂၈၅၇၇၁၄ | ၇၂၂၅၈ |
| ၈။ | အီတလီ | ၃၁၇၅၈၀၇ | ၂၅၆၄၉၂၆ | ၁၀၁၅၆၄ |
| ၉။ | တူရကီ | ၂၈၅၀၉၃၀ | ၂၆၇၀၂၇၃ | ၂၉၃၅၆ |
| ၁၀။ | ဂျာမနီ | ၂၅၅၉၂၉၆ | ၂၃၅၂၆၀၀ | ၇၃၇၉၀ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ - ၃ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၁၄၇၄၁ | ၁၂၃၇၄၇၀ | ၃၈၃၂၉ |
| ဖိလစ်ပိုင် | ၆၁၆၆၁၁ | ၅၄၇၁၆၆ | ၁၂၇၆၆ |
| မလေးရှား | ၃၂၂၄၀၉ | ၃၀၄၄၉၂ | ၁၂၀၆ |
| မြန်မာ | ၁၄၂၁၃၆ | ၁၃၁၇၃၆ | ၃၂၀၁ |
| စင်ကာပူ | ၆၀၀၈၈ | ၅၉၉၅၀ | ၂၉ |
| ထိုင်း | ၂၆၇၅၇ | ၂၆၀၈၆ | ၈၆ |
| ဗီယက်နမ် | ၂၅၅၃ | ၂၀၈၆ | ၃၅ |
| ကမ္ဘောဒီးယား | ၁၂၆၄ | ၆၂၃ | ၁ |
| ဘရူနိုင်း | ၁၉၂ | ၁၈၃ | ၃ |
| လာအို | ၄၈ | ၄၂ | ၀ |

## မိုင်းယောင်း၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ



**မိုင်းယောင်း မတ် ၁၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုးလုံလေလုံ အားကစားခန်းမ စုရပ်၌ ယနေ့နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်သား ဆရာဝန်များ၊ ဆေးမှူးများနှင့် သူနာပြုများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူနှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းတပ်နယ် တပ်နယ်မှူးနှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့ အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားခဲ့ကြသည်။

ပြည်သူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှု အဆင်ပြေစေရန် ထွေ/အုပ်နှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းတို့က ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ဂန့်ဂေါ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ဂန့်ဂေါ မတ် ၁၃**

ဂန့်ဂေါမြို့နယ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မတ် ၁၂ ရက် ညပိုင်းက ရောက်ရှိပြီး မတ် ၁၃ ရက် နံနက် ၈ နာရီ၌ ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားရုံ၌ စတင်ထိုးနှံသည်။

ယင်းနောက် ရောက်ရှိလာသည့် ဆေးပုလင်းအရေအတွက်ပေါ်မူတည်၍ ဂန့်ဂေါမြို့နယ်၌ ကာကွယ်ဆေးထိုးရန် သာမန် ၂၀၁၃၉ ဦး၊ ဝန်ထမ်း ၅၂၂၄ ဦးတို့ဖြင့် စုစုပေါင်း ၂၅၃၆၃ ဦး ကာကွယ်ဆေးထိုးရန် လျာထားကြောင်းနှင့် စတင်ထိုးနှံသည့်နေ့တွင် သာမန် ၄၃ ဦး၊ ဝန်ထမ်း ၇၁၉ ဦးတို့ထံ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင်ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်းမြို့နယ်တွင် သာမန် ၈၅၅၄ဦး၊ ဝန်ထမ်း ၂၁၃၆ ဦးတို့ဖြင့် စုစုပေါင်း ၁၀၆၉၀ လျာထားပြီး သာမန် ၁၈၁ ဦး ၊ ဌာနဆိုင်ရာဝန်ထမ်း ၂၉၉ ဦးတို့ဖြင့် စုစုပေါင်း ၄၈၀ ကိုလည်းကောင်း ၊ ဆောမြို့နယ်တွင် သာမန် ၅၃၀၀၆ ဦး၊ ဝန်ထမ်း ၂၈၁၄ ဦး တို့ဖြင့် စုစုပေါင်း ၅၅၈၂၀ လျာထားပြီး သာမန် ၅၈ ဦး၊ ဝန်ထမ်း ၁၁၂ ဦးတို့ဖြင့် စုစုပေါင်း ၁၇၀ ကိုလည်းကောင်း ကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ ၁၄၄

# ၁၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

အဓိက မိမိပြောလိုသည်မှာ မလေးရှားနိုင်ငံကို အဖွဲ့အစည်းတစ်ခုက တရားစွဲထားကြောင်း၊ အဆိုပါ လူများကို ပြန်လွှတ်လျှင် လွတ်လပ်မည် မဟုတ်ကြောင်း၊ ယခုအချိန်တွင် မလွှတ်သင့်သေးခြင်းကြောင့် တရားစွဲထားကြောင်း၊ ဒီအထောက်အထားရရှိရန်အတွက် အထောက်အပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သွားမေးသည့်သူအနေဖြင့် တပ်မတော် Quarantine Center ထားသည့်သူများ အပြင်ထွက်ချိန်တွင် အင်တာဗျူးမေးမြန်းခဲ့ခြင်းဖြစ်ကြောင်း၊ မလေးရှားပြန် အင်တာဗျူးကိုကြည့်ပြီး မိမိ ပြောလိုသည်မှာ ထိုအရာကိုပဲ နှိုင်းယှဉ်ကြည့်စေလိုကြောင်း၊ တချို့အဖွဲ့အစည်းများ၊ မီဒီယာများအနေဖြင့် မိမိတို့ပြည်သူ လူထုအပေါ်နှင့် နိုင်ငံတော်အပေါ်ထားသည့် စေတနာအစစ်အမှန်ကို တွေ့နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလည်း အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း၊ ပို့ဘလဲယားဆိပ်ကမ်းမှာရှိသော မြန်မာနိုင်ငံသား ၇၀ ဦးအား မတ်လ ၆ ရက်က သွားရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ မတ် ၁၀ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပြီးဖြစ်ကြောင်း၊ အများစုမှာ ရေလုပ်သားများဖြစ်ကြောင်း၊ တချို့မှာ မြန်မာနိုင်ငံနှင့် အဆက်အသွယ်ပြတ်နေသည့် သူများဖြစ်ပြီး ၆ နှစ်လောက် အဆက်အသွယ်ပြတ်နေသူများ ပါဝင်ကြောင်း၊ ၎င်းတို့မှာ ဘာမျှော်လင့်ချက်မှမရှိကြောင်း၊ ထို့နောက် သီရိလင်္ကာ၌ ပညာသင်ကြားနေသည့် စာသင်သား သံဃာတော်များ၊ သီလရှင်များအား လေယာဉ်ဖြင့် သွားရောက်ပင့်ဆောင်ခဲ့ကြောင်း၊ မတ်လ ၁၀ ရက် ညနေတွင် ပြန်ရောက်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ပရောက် မိမိမြန်မာနိုင်ငံသားတွေအပေါ်မှာပင် စေတနာထား လက်တွေ့ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိနိုင်ငံအတွင်းမှာရှိသည့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူလူထုအတွက်ဆိုလျှင် ဆိုဖွယ်ရာ မရှိကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုကြား သွေးကွဲစေရန် ဆောင်ရွက်နေသည့် အကြံအစည် လုပ်ဆောင်ချက်များကို သတိထားစေရန် အတွက် သတင်းစကားပါးလိုပါကြောင်း ပြောကြားသည်။

## CDM ကြောင့် လူထုဒုက္ခရောက်

နံပါတ်(၃)ချက်အနေဖြင့် CDM ကိစ္စနှင့် ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ပြီး နိုင်ငံ့ဝန်ထမ်းများအား အလုပ်မဆင်းရန်၊ ရုံးမတက်ရန်၊ လှုံ့ဆော်နေသည့်လူအများစုမှာ နိုင်ငံ့ဝန်ထမ်းများမဟုတ်ကြောင်း၊ မိမိထပ်မံပြောကြားလိုသည်မှာ CDM ကို လှုံ့ဆော်နေသူများမှာ နိုင်ငံ့ဝန်ထမ်းတွေ မဟုတ်ကြောင်း၊ ဖေဖော်ဝါရီလအလယ်မှ အရှိန်မြင့်တက်လာပြီး နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိရိုသေကြသည့် ပြည်သူ့ဝန်ထမ်းတွေကို ရုံးဆင်း၊ ရုံးတက်မှာ နှောင့်ယှက်ခြင်းများ၊ ဟန့်တားခြင်းများ၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းများ ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ တရားမဝင်အဖွဲ့အစည်းအသီးသီးက Social Media မှတစ်ဆင့် CDM တွင် ပါဝင်သည့် ဝန်ထမ်းများအား လစာပေးမည်၊ ဝန်ထမ်းအဖြစ် ထုတ်ပယ်ပါက အလုပ်ခန့်အပ်မည်၊ နေစရာပေးမည်ဆိုသည့် မက်လုံး အမျိုးမျိုးပေးခြင်းများနှင့် ခြိမ်းခြောက်ခြင်း အမျိုးမျိုး ဆောင်ရွက်ခဲ့ကြောင်း၊ ဒါကြောင့် အစပထမပိုင်းတွင် ဝန်ထမ်းအင်အား ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့် CDM မှာ ပါဝင်သွားကြောင်း၊ ဖေဖော်ဝါရီလ တတိယပတ်လောက်မှစ၍ အစိုးရ၏ နှိုးဆော်ချက်များ၊ CDM သွေးထိုးလှုံ့ဆော်မှုတွေ၏ အပြောနှင့်အလုပ် မညီမှုများကြောင့် ဝန်ထမ်းအများစု လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လာပြီး ကောင်းမွန်မှန်ကန်သည့် ဆုံးဖြတ်ချက်များဖြစ်ကြောင်း၊ CDM တွင် ကျန်ရှိနေသည့် ဝန်ထမ်းတချို့အနေဖြင့်လည်း ၎င်းတို့ ပြောနေသည့် ထောက်ပံ့ကြေးများမရရှိကြောင်း၊ CDM အတွက် အလှူငွေကောက်ခံနေသည့် အဖွဲ့အစည်းအသီးသီးအနက် တချို့အလှူခံပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှာ ထောက်ပံ့ကြေး အလွဲသုံးစား လုပ်ဆောင်နေခြင်းကို တွေ့ရကြောင်း၊ ထိုအရာများကိုလည်း စာရင်းဇယားများဖြင့် ပြသထားကြောင်း၊ ယခုပြသထားသည်မှာ CDM တွင် ပါဝင်သည့်သူများရရှိသည့် ထောက်ပံ့ကြေးငွေများဖြစ်ကြောင်း၊ ထိုအရာကို ကြည့်မည်ဆိုပါက တချို့ဆိုလျှင် တစ်ဦးကို ၇၀၀၀ ကျပ်သာရရှိပြီး တချို့မှာ လုံးဝမရရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းမဟုတ်သည့် နိုင်ငံရေးသမားများ သွေးထိုးလှုံ့ဆော်နေသူများ၊ CDM အကြောင်းပြ၍ အလှူငွေကောက်ခံသူများ၊ ဝန်ထမ်းများအပေါ် ကုပ်သွေးစုပ်နေသည့် လုပ်ရပ်များဖြစ်ကြောင်း၊ CDM ကြောင့် သိသာထင်ရှားသည့် ပြည်သူလူထုအပေါ် ဒုက္ခရောက်စေသည်မှာ ကျန်းမာရေးကဏ္ဍဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ပြည်သူအားကိုးနေသည့် ဆေးရုံ၊ ဆေးခန်းများအား ပိတ်ထားကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးရုံဆေးခန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး မတ်လ၌ ဆေးရုံကြီးများ ဖွင့်လှစ်နိုင်မှုအနေဖြင့် အပြည့်အဝဖွင့်လှစ်နိုင်မှု ၁၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ပြင်ပလူနာဆောင်ပင် ဖွင့်ထားနိုင်မှု ၁၅ ရာခိုင်နှုန်းသာရှိပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းခန့်မှာ CDM အကြောင်းပြ၍ ပိတ်ထားဆဲဖြစ်ကြောင်း၊ ပြည်သူလူထု ဘယ်လောက် ဒုက္ခရောက်နေမည်ကို စာနာကြည့်စေလိုကြောင်း၊ ယင်းသို့ပိတ်ထားခြင်းကြောင့် ဖေဖော်ဝါရီလအလယ်လောက်တွင် နေရာအနှံ့မှာ ပြည်သူလူထုက CDM မှာ ပါဝင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ဆန္ဒပြနေကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်ဆေးရုံများတွင် ပြည်သူလူထု တက်ရောက် ကုသနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မတ်လ ၁၀ ရက်နေ့အထိ ပြင်ပလူနာ ၅၉၆၈၇ ဦး၊ အတွင်းလူနာ ၃၈၀၀ ဦး၊ ခွဲစိတ်ကုသမှုလူနာ ၄၀၄၉ ဦး၊ မီးဖွားလူနာ ၃၇၉၁ ဦးနှင့် ကလေးမီးဖွားပေးနိုင်မှု ၃၇၉၁ ဦး မွေးဖွားကုသ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူ လူထု၏ဆန္ဒအရ တချို့ဆေးရုံများအား ဖွင့်လှစ်ပေးပြီး ဆေးရုံများတွင် ဝင်ရောက်တာဝန်ယူထမ်းဆောင်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အစိုးရဆိုသည်ကို ခေါင်းထဲထည့်လျှင်ထည့်၊ မထည့်လျှင်နေ၊ ပြည်သူလူထုနှင့် နိုင်ငံတော်၊ နိုင်ငံသားဆိုသည်ကို ခေါင်းထဲထည့်ဖို့လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စစ်ဖြစ်နေလျှင်ပင် မိတ်ဆွေ၊ ရန်သူမခွဲခြားဘဲ ကုသပေးရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများကို CDM ကြောင့် ပိတ်ထားပြီး အခကြေးငွေယူ၍ ကုသနေသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ယင်းပုဂ္ဂိုလ်များ သွားရောက်ဖွင့်လှစ်ပေးနေခြင်းများ တွေ့ရကြောင်း၊ ပြင်ပပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် CDM လုပ်သည်ဆိုကာ ဆေးရုံ၊ ဆေးခန်းသွားထိုင်နေသည့် ဆရာဝန်များ၏ အမည်စာရင်း ပြုစုထားကြောင်း၊ ဘုတ်များတွင်လည်း ကပ်ပြထားကြောင်း၊ Power point တွင်လည်း ပြထားကြောင်း၊ စာရင်းဇယားများအရ CDM လုပ်သည့် ဆရာဝန်ဦးရေ ၃၉၀၅ ဦးရှိပြီး CDM လုပ်သည်ပြောပြီး ပြင်ပဆေးရုံ၊ ဆေးခန်းများတွင် ကုသနေသည့် ဆရာဝန်ပေါင်း ၃၁၈ ဦးရှိကြောင်း၊ ထိုအရာများကို ဘုတ်များတွင် ထုတ်နုတ်ပြီး ခတ်ပုံ

> **“CDM ကြောင့် သိသာထင်ရှားသည့် ပြည်သူလူထုအပေါ် ဒုက္ခရောက်စေသည်မှာ ကျန်းမာရေးကဏ္ဍဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ပြည်သူအားကိုးနေသည့် ဆေးရုံ၊ ဆေးခန်းများအား ပိတ်ထားကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးရုံ ဆေးခန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး မတ်လ၌ ဆေးရုံကြီးများ ဖွင့်လှစ်နိုင်မှုအနေဖြင့် အပြည့်အဝဖွင့်လှစ်နိုင်မှု ၁၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ပြင်ပလူနာ ဆောင်ပင် ဖွင့်ထားနိုင်မှု ၁၅ ရာခိုင်နှုန်းသာရှိပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းခန့်မှာ CDM အကြောင်းပြ၍ ပိတ်ထားဆဲဖြစ်ကြောင်း၊ ပြည်သူလူထု ဘယ်လောက် ဒုက္ခရောက်နေမည်ကို စာနာကြည့်စေလို”**

များဖြင့် ပြသထားပြီး ကျန်သည့် ၁၀၀၀ ကျော်ကို စုံစမ်းနေဆဲဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ထိုလုပ်ရပ်များမှန်၊ မမှန် ၎င်းတို့ကို အားပေးအားမြှောက် လုပ်နေသည့်သူတွေ ဘယ်သူတွေဆိုသည်ကို ဆန်းစစ်ပေးဖို့ မေတ္တာရပ်ခံအပ်ပါကြောင်း၊ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးသည် အရေးကြီးသည့် အနေအထားဖြစ်ပြီး ယင်းသို့ အရေးကြီးသည့် အနေအထားမျိုးတွင် အစိုးရဆိုသည်ကို ခေါင်းထဲထည့်လျှင်ထည့်၊ မထည့်လျှင်နေ ပြည်သူလူထုနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးကို ခေါင်းထဲထည့်ရန် ပြောလိုကြောင်း၊ CDM နှင့်ပတ်သက်၍ သွေးထိုးလှုံ့ဆော်သူများ၊ အလှူခံအလွဲသုံးစားလုပ်သူများ၊ အဖွဲ့အစည်းများကိုလည်း ထိရောက်စွာ အရေးယူမှုပြုလုပ်လျက်ရှိကြောင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဒေါ်မြင့်မြင့်ခင်ဖေ တို့ပိုင်သည့် နာရေးကူညီမှုအသင်းအား မတ်လ ၃ ရက်က စစ်ဆေးခဲ့ကြောင်း၊ လှူဒါန်းထားသည့် ငွေတချို့ယူ၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ထိုနှစ်ဦးမှာ CDM တွင် ပါဝင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ရန် ကူညီဖန်တီးနေခြင်းဖြစ်ပြီး ၈၈ ငြိမ်းပွင့်အပါအဝင် ပြည်တွင်း၊ ပြည်ပကော်မတီ အဖွဲ့အစည်းများ လူပုဂ္ဂိုလ် ၄၉၈ ဦးတို့က ဖေဖော်ဝါရီလ ၁၀ ရက်မှ မတ်လ ၃ ရက်အထိ ပေးပို့လှူဒါန်းငွေ ငွေကျပ်သိန်းပေါင်း ၆၁၀၀၊ အမေရိကန်ဒေါ်လာ ၂၀၆၇၀ လက်ခံရရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုမှ CDM ဝန်ထမ်း ၂၀၀၈ ဦးထံကို မတ်လ ၂ ရက်အထိ ကျပ်သိန်း ၂၈၀၀ ထောက်ပံ့ခဲ့ကြောင်း၊ ကျပ်သိန်းပေါင်း နှစ်သောင်းထည့်ဝင်ထားသည့် (Fix deposit) ဘဏ်အကောင့် ၆ ခု ဖော်ထုတ်ရရှိခဲ့ပြီး လက်ခံငွေမှာ သိန်း ၆၀၀၀ ကျော်ဖြစ်ကြောင်း၊ CDM ဝန်ထမ်းများကို လှူဒါန်းငွေမှာ သိန်း ၂၈၀၀ ကျော်ရှိကြောင်း၊ မည်မျှကွာခြားသည်ကို တွေ့နိုင်ကြောင်း၊ သိမ်းဆည်းရမိသည့် စာရင်းဇယားများအရလည်း သိနိုင်ကြောင်း၊ သိမ်းဆည်းရမိသည့် စာရင်းဇယားများကို Board များတွင်လည်း အသေးစိတ်ကပ်ထားပါကြောင်း၊ သက်ဆိုင်ရာ ဥပဒေနှင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အစိုးရဝန်ထမ်းများကို CDM တွင် ပါဝင်လာစေရေး အဓိကကြိုးကိုင် ဆောင်ရွက်ခဲ့သည့် နေပြည်တော် စည်ပင်ကော်မတီဝင်ဟောင်း ဦးမင်းသူကို ဖေဖော်ဝါရီလ ၂၆ ရက်က ဖမ်းမိခဲ့ကြောင်း၊ ၎င်းကို စစ်ဆေးရာတွင် ဝန်ထမ်းများကို သွေးထိုးလှုံ့ဆော်ရန်အတွက် မင်းကိုနိုင်၊ ဂျင်မီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်ကြည်ညွှန့်က CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးနိုင်ရန် CDM Supporting Teams များ ဖွဲ့ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ NLD ပါတီဝင်များက ဝိုင်းဝန်းကူညီရန် ညွှန်ကြားချက်စာတစ်စောင် ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအဖွဲ့ ၁၅ ဦး ရှိကြောင်းနှင့် လွတ်မြောက်နေသူများကို အမှုဖွင့်ထားကြောင်း၊ CDM အဓိက လှုံ့ဆော်သူ ရန်ကုန်တက္ကသိုလ်၊ အရှေ့ပိုင်းဌာနက ဦးအာကာမိုးသူကိုလည်း မတ်လ ၂ ရက်က ဖမ်းဆီးခဲ့ပြီး ၎င်းအဖွဲ့မှာ ပါဝင်သူ ၁၄ ဦးကိုလည်း အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ CDM ဦးဆောင်လှုပ်ရှားမှုတွင် ခေါင်းဆောင်ပါဝင်ခဲ့သည့် ဗကသဟောင်း ကျော်ကိုကို ဦးဆောင်သည့် အဖွဲ့ကို ထိန်းသိမ်းခဲ့ရာတွင် ဖော်ထုတ်တွေ့ရှိရသည့် တွေ့ရှိမှုများကိုလည်း ဖော်ပြထားကြောင်း၊ ၎င်းတို့ ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း ပြထားကြောင်း၊ Board များတွင်လည်း Link များဖြင့် ပြသထားကြောင်း၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံမှာ ရှိသည့်အဖွဲ့အစည်း လူပုဂ္ဂိုလ်များက CDM လှုပ်ရှားမှုအတွက် တရားမဝင် ငွေကြေးထောက်ပံ့နေမှုများ၊ ပါဝင်ပတ်သက်နေမှုများကိုလည်း တွေ့နိုင်ကြောင်း၊ ကိုရီးယားမှ ကောက်ခံရရှိငွေ ဝမ် ၂၅၆ သန်း၊ မလေးရှားမှ လွှဲပြောင်းငွေကျပ်သိန်း ၂၀၀ ခန့်ရှိပြီး အားလုံးနီးပါးသည် ဦးကျော်သူ၏ နာရေးကူညီမှုအသင်း(ရန်ကုန်) ငွေစာရင်းထဲသို့ စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငွေများနှင့် ပတ်သက်ပြီး ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဆက်စပ်မှုများကိုလည်း မိမိတို့ပြသထားကြောင်း၊ CDM တွင် မပါဝင်သည့် နိုင်ငံတော်နှင့်ပြည်သူအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း တရားဥပဒေစိုးမိုးရေးအဖွဲ့များက ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ CDM တွင်ပါဝင်ရန် အတင်းအကျပ်ခြိမ်းခြောက်သူများက တိုင်ကြားသည်များကိုတွေ့ရှိရပါက ရာဇသတ်ကြီး ပုဒ်မများ၊ ဆက်သွယ်ရေးဥပဒေများဖြင့် အမှုဖွင့်ထားလျက်ရှိကြောင်း၊ ရာဇသတ်ကြီး ပုဒ်မဖြင့် အမှုဖွင့်ထားသူ ၉၆ ဦးရှိကြောင်း၊ ဆက်သွယ်ရေးပုဒ်မဖြင့် အမှုဖွင့်ထားသူ ၂၂ ဦးရှိကြောင်း၊ CDM တွင် မပါဝင်ဘဲ နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို နှောင့်ယှက်ခဲ့သည့်အတွက် အမှုဖွင့်ထားမှုဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေးသမားများ၊ ချိန်ခါမီလုပ်စားသမား

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

များ၏ CDM ထောင်ချောက်ထဲကို ဝင်ရောက်မသွားစေဖို့ ယခုလို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံဝန်ထမ်းများအနေဖြင့် သေသေချာချာ စဉ်းစားချင့်ချိန်ပြီး သွေးထိုးလှုံ့ဆော် ချောက်ချစကားများကို နားမယောင်ကြရန် အကြံပြုလိုကြောင်း ပြောကြားသည်။

**အဂတိတိုက်ဖျက်ရေး ဥပဒေအရ အရေးယူ**

နံပါတ်(၄)အနေဖြင့် နိုင်ငံတော်အဆင့် လာဘ်ပေး၊ လာဘ်ယူမှုနဲ့ အလွဲသုံးစားမှု (Corruption) ဖော်ထုတ်တွေ့ရှိချက်တွေကို ပြောမည်ဖြစ်ကြောင်း၊ ယခင် ဝန်ကြီးဟောင်း သူရဦးအောင်ကို အနေဖြင့် ဝန်ကြီးတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟာဘွဲ့တံဆိပ် ၈ မျိုး နှစ်စဉ် ချီးမြှင့်ပေးအပ်ခြင်းနဲ့ ပတ်သက်ပြီး ၂၁-၇-၂၀၂၀ ရက်တွင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ ငွေကျပ်သိန်း ၁၀၀ နှင့် ၂၁-၃-၂၀၂၀ ရက်တွင် ငွေကျပ်သိန်း ၃၀၀ တန် Blank Cheque တစ်စောင် လက်ခံရယူပြီး ၁၆-၇-၂၀၂၀ ရက်မှာ ငွေထုတ်ခဲ့တာတွေ၊ ၁၈-၁၂-၂၀၂၀ ရက်မှာ လုပ်ငန်းရှင်တစ်ဦးထံက လုပ်ငန်းများ ရေရှည်အဆင်ပြေစေဖို့ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန် Ford ကားတစ်စီး လက်ခံရယူခဲ့တာတွေ ပေါ်ပေါက်လာလို့ အဂတိလိုက်စားမှုတိုက် ဖျက်ရေးဥပဒေအရ အရေးယူနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထောက်အထားချက်လက်မှတ်တွေ၊ ကားပုံတွေကို တင်ပြပါ Board မှာ လေ့လာနိုင်ပါကြောင်း ပြောကြားသည်။




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး တက္ကသိုလ်ရိပ်သာလမ်းတွင်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ခေတ္တဖွင့်လှစ်ပြီး မရမ်းကုန်မြို့နယ်၊ အင်းယားလိတ်ဟိုတယ်သို့ ပြောင်းရွှေ့ ၄ားရမ်းဖွင့်လှစ်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၉ ခုနှစ်တွင် လက်ရှိဖွင့်လှစ်ထားသော ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁) သို့ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွဲ့စည်းစဉ် ဥက္ကဋ္ဌမှာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် ဦးထင်ကျော်၊ ဒေါက်တာ တင်မျိုးဝင်း၊ ဒေါက်တာ ဥမ္မာမိုးမြင့်နှင့် ဒေါ်မေနှင်းဆီတို့ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဦးထင်ကျော် သမ္မတဖြစ်လာပြီး နာယကအဖြစ် ပြောင်းလဲတင်မြှောက်ခဲ့ကြောင်း၊ ၂၀၁၇ တွင် ဒေါ်မေနှင်းဆီ၊ ၂၀၂၀ မှာ ဒေါက်တာဥမ္မာမိုးမြင့်တို့ဖြစ်ပြီး ယခုအချိန်တွင် ဖောင်ဒေးရှင်းအား နာယက ဦးထင်ကျော်၊ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အလုပ်အမှုဆောင်များဖြစ်သည့် ဒေါက်တာ တင်မျိုးဝင်းတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို စစ်ဆေးရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ပြည်ပနိုင်ငံများမှ NGO ၊ INGO များနှင့် အသင်းအဖွဲ့များဖြစ်သည့် အဖွဲ့များ၊ နိုင်ငံ ၁၃ နိုင်ငံမှ အဖွဲ့အစည်းများက ကုမ္ပဏီများ၊ ပုဂ္ဂလိကအလှူရှင်များမှ လှူဒါန်းငွေသည် အမေရိကန် ဒေါ်လာ ၇ ဒသမ ၉ သန်းကျော်ရှိကြောင်း၊ သုံးစွဲငွေ ၆ ဒသမ ၈ သန်းကျော် ဖြစ်သည့်အတွက် လက်ကျန်ငွေ တစ်သန်းကျော်ရှိသည်ကို တွေ့ရကြောင်း၊ ပြည်တွင်း အလှူငွေအနေဖြင့် ၃၆ ဘီလီယံကျော်ရှိပြီး သုံးစွဲငွေ ၃၀ ဘီလီယံကျော် ဖြစ်သည့်အတွက် လက်ကျန်ငွေ ၆ ဘီလီယံကျော်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ဖောင်ဒေးရှင်း၏ အလှူငွေလက်ခံရရှိမှုများ၊ သုံးစွဲမှုများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အသင်းအဖွဲ့၏ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရယူသုံးစွဲ ဆောင်ရွက်ထားခြင်းရှိ/ မရှိ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများထံမှ အခွင့်အရေးတစ်စုံတစ်ရာ ရယူထားခြင်း ရှိ/မရှိတို့ကို သက်ဆိုင်ရာက အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း၊ ဖောင်ဒေးရှင်းနှင့် ပတ်သက်ပြီး လရောင်တော စီမံကိန်း လုပ်နေမှုရှိကြောင်း၊ ထိုစီမံကိန်းတွင် ငွေသုံးစွဲမှု၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီခြင်း ရှိ/မရှိလည်း စစ်ဆေးလျက်ရှိကြောင်း ပြောကြားသည်။

နောက်တစ်ချက်မှာ NLD ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့် ကိစ္စဖြစ်ကြောင်း၊ ရွေးကောက်ပွဲဖြစ်စဉ်များအရ နိုင်ငံတော်နှင့် ပြည်သူလူထုကို ပြောရန် တပ်မတော်အနေဖြင့် အထူးလိုအပ်၍ ပြောကြားခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်မှစပြီး NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို လုံခြုံရေးအရ အကျယ်ချုပ်ဖြင့် ထားရှိခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ စစ်ဘက်၊ နယ်ဘက် ဆက်ဆံရေးနှင့်ပတ်သက်ပြီး သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးအချို့၊ ဝန်ကြီးချုပ်အချို့နှင့် လူပုဂ္ဂိုလ်အချို့၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်အချို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ မေးမြန်းသည့်အချိန်တွင် ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက NLD ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး ပတ်သက်ဆက်စပ်မှုအခြေအနေများကို ထွက်ဆိုလာခဲ့ကြောင်း၊ ထိုပြောဆိုချက်များကို မှန်/မမှန် အကြိမ်ကြိမ်အခါခါ စစ်ဆေးမေးမြန်းခဲ့ကြောင်း၊ **ဦးဖြိုးမင်းသိန်း၏ ပြောဆိုချက်များအရ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး ယခင်ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအကြား ငွေသား အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ နှင့် အကယ်ဒမီရွှေ ၇ ပိဿာကို ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ခဲ့ရကြောင်းကို အခိုင်အမာပြောဆိုခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ထိုအမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ နှင့် အကယ်ဒမီရွှေ ၇ ပိဿာကို ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့ကြောင်း** သိရှိရသည့်အတွက် လိုအပ်သည်များ ဆက်လက် စုံစမ်းစစ်ဆေးနိုင်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ လူပုဂ္ဂိုလ်အချို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိဝန်ထမ်းအချို့ကို မေးမြန်းချက်၊ ၎င်းတို့၏ ပြောဆိုချက်များအရလည်း အလားတူ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါက်တာ ဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာအေးဇံ တို့သည်လည်း အဂတိလိုက်စားမှုများနှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီးတချို့၊ ဝန်ကြီးချုပ်တချို့၊ လူပုဂ္ဂိုလ်တချို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တချို့ကို မေးမြန်းချက်၊ ပြောဆိုချက်များအရ ယခင်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တချို့မှ ငွေရေးကြေးရေး အကူအညီတောင်းခံမှုများ၊ လက်ခံရယူမှုများ စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ နံပါတ် ၅ အချက်အနေဖြင့် ယခင် UEC ၏ မဲရလဒ်ကြေညာချက်များနှင့် ယခု UEC ၏ မဲရလဒ်စစ်ဆေးချက်များ၊ တွေ့ရှိချက်များကို ပြောမည်ဖြစ်ကြောင်း၊ ပြီးနောက် ယခင် UEC မှ အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုသိရှိစေရန် ပြောကြားချက်ကို Video Click ဖြင့် ပြသမည်ဖြစ်ကြောင်း၊ UEC အနေနဲ့ မဲစာရင်းစစ်ဆေးချက်များကို မြေပြင်ကွင်းဆင်းပြီး မဲလက်မှတ်ရေတွက်မှုများ အပါအဝင် အသေးစိတ် ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဖေဖော်ဝါရီလ ၂၅ ရက်မှစ၍ ထုတ်ပြန်လျက်ရှိကြောင်း၊ မတ်လ ၉ ရက်အထိ ၁၄ မြို့နယ်ထုတ်ပြန်ခဲ့ကြောင်း၊ ၁၄ မြို့နယ် နှိုင်းယှဉ်စစ်ဆေးရာမှာ မဲလက်မှတ်ထုတ်ယူမှု ၂၀၇၆၀၆၅ စောင်ရှိကြောင်း၊ အသုံးပြု မဲလက်မှတ်များသည် ၁၄၃၆၅၁၆ စောင်ရှိကြောင်း၊ ကျန်ရမည့်မဲလက်မှတ်သည် ၆၃၉၅၆၄ စောင်ဖြစ်ပြီး လက်တွေ့မဲလက်မှတ်များကို ရေတွက်ကြည့်သည့်အခါ မြေပြင်လက်ကျန်သည် ၅၉၆၀၀၇ စောင်သာရှိပြီး ပျောက်ဆုံးနေသည်မှာ ၆၅၅၃၀ ဖြစ်ကြောင်း၊ ပိုသုံးထားသည့်မဲလက်မှတ်မှာ ၂၁၉၈၈ ဖြစ်ကြောင်း၊ ဒီဟာသည် မဲမသမာမှုများ ပြုလုပ်ထားသည့် အရေအတွက်ပေါင်း ၈၇၅၇၈ စောင် ဖြစ်ပါကြောင်း၊ ဘာကြောင့် မဲလက်မှတ်များ ပျောက်ဆုံးခဲ့တာလဲ၊ ဒါကိုအစားထိုးနိုင်ရန် ဘယ်လို လက်မှတ်များ ပိုသုံးခဲ့လဲဆိုတာကို ရွေးကောက်ပွဲကော်မရှင်မှ ရှင်းလင်းသည့်အခါမှာ ဆက်စပ်တွေးကြည့်နိုင်တယ်လို့ ပြောချင်ပါကြောင်း၊ နောက်တစ်ခုသည် ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည့် ဦးသန်းဌေး၏ ပြည်သူသို့ အသိပေးချက်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှာ အသေးစိတ်မဲစာရင်းများတောင် မရှိခဲ့သည့်အကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ယခင်အစိုးရသည် သူတို့ လွှမ်းမိုးခွင့်မရှိကြောင်း၊ လွတ်လပ်သည့် ကော်မရှင်ဖြစ်သည်ဟု ပြောခဲ့သော်လည်း လက်တွေ့တွင် မည်သူက လွှမ်းမိုးခဲ့သည်ဆိုသည်ကို မိမိတို့ထင်ထင်ရှားရှားတွေ့ရမှာ ဖြစ်ပါကြောင်းပြောကြားသည်။

ဒီဟာသည် ကော်မရှင်အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြောဆိုချက်များအရ ကောက်နုတ်ချက်များပဲဖြစ်ပါကြောင်း၊ ဥက္ကဋ္ဌအပါအဝင် ကျန်အဖွဲ့ဝင်များ၏ ပြောဆိုချက်များကိုလည်း အချိန်တန်ပါက ပြည်သူလူထုကို မိမိတို့ ချပြအသိပေးမည်ဖြစ်ကြောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေနှင့် မဲစာရင်းများနှင့် ပတ်သက်ပြီး တွေ့ရှိချက်များ၊ သတင်းစာရှင်းလင်းပွဲများမှာ ပြောခဲ့ကြောင်း၊ မီဒီယာများကို ရှင်းခဲ့ကြောင်း၊ ရှင်းသည့်အခါမှာ မိမိတို့ကိုယ်တိုင်လည်း မသိပါကြောင်း၊ မသိရှိခဲ့ပါကြောင်း၊ မသိရှိခဲ့ဘူးဆိုတာသည် မည်သည့်အတွက်ကြောင့် ရွေးကောက်ပွဲကော်မရှင်အနေနှင့် မဲစာရင်းများကို မရှင်းခဲ့သလဲဆိုတာဖြစ်ကြောင်း၊ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံရှိလျှင် ရှင်းလို့ရကြောင်း၊ မည်သည့်အတွက်ကြောင့် မရှင်းခဲ့သလဲဆိုတာ၏ အဖြေသည် ဒီမှာပဲရှိကြောင်း ပြောကြားသည်။

နိုဝင်ဘာလ ၃၀ ရက်မှစပြီး ကျွန်တော်တို့သည် ဒီမဲစာရင်းတွေ့ရှိချက်များကို ပြောခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မရှင်းလင်းတာများကို ရှင်းလင်းဖို့ပြောဆိုခဲ့ကြောင်း၊ ကျွန်တော်ပြောခဲ့ဖူးသည့် ဖြစ်စဉ်အစကို ပြန်ကောက်ရလျှင် ရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ ရှင်းခိုင်းကြောင်း၊ မရှင်းခဲ့ပါကြောင်း၊ ဘာ့ကြောင့်မရှင်းတာလဲ၊ ကျွန်တော်တို့ သဘောမပေါက်ပါကြောင်း၊ သို့သော် ဘာကြောင့်မရှင်းတာလဲဆိုတာသည် ခုနက ပြောသွားသည့်အဖြေမှာပါကြောင်း၊

*စာမျက်နှာ ၁၉ သို့*

# နှလုံးသားတွေ နွေးထွေးစေလိုပါတယ်

ကနောင်

ပြီးခဲ့တဲ့ရက်ပိုင်းက ဆန္ဒပြသူတွေကိုဝေတဲ့ ကြာဆံကြော်စားမိရင်း အော့အန်မူးဝေတာ ဖြစ်ကြတယ်ဆိုပြီး ကြားမိတယ်။ ရေသန့်ဘူး ပေးဝေကြသူတွေကိုလည်း ရေသန့်ထဲမှာ ဆေးခပ်ထားတယ်ဆိုပြီး ကောလာဟလသတင်းတွေ ကြားသိရတယ်။ စေတနာရှင်တွေလည်း အစားအစာဝေရမှာတောင် အားငယ်လာကြရသလို ရပ်ကွက်ထဲမှာလည်း တစ်ဦးနဲ့တစ်ဦး မယုံကြရဘူး။ ဒလန်တွေ၊ သတင်းပေးတွေ စသည်ဖြင့် အော်ဟစ်ကြိမ်းမောင်း တောထုတ်တာမျိုးတွေ ဖြစ်လာတယ်။ ရပ်ကွက်ထိပ်တွေမှာ လူစုလူဝေးဖြစ်လာတဲ့အခါ ရပ်ကွက်ထဲက အိမ်တွေကို လမ်းထိပ်မထွက်လို့ဆိုပြီး တစ်အိမ်တစ်ယောက် ထွက်လာဖို့ ဆော်ဩသံတွေကြားမိတယ်။ တိုင်းပြည်မတည်ငြိမ် မအေးချမ်းဖြစ်အောင် ဘာကြောင့်များ လှုံ့ဆော်နေကြတာလဲလို့ ဆက်တိုက်တွေးနေမိပါတယ်။

> “မိဘတွေကို ရှုတ်ချလိုကြတာနဲ့ လူငယ်တွေ၊ လူမမည်ကလေးတွေရဲ့ ဓာတ်ပုံတွေနဲ့ အရှက်ကွဲရအောင် လူမှုကွန်ရက်မှာ တင်ထားကြတယ်။ နောက်ဆုံး ကိုယ်ဝန်ဆောင် မိခင်လောင်းတွေနဲ့ သားသည်အမေတွေကိုလည်း မရှောင်ဘူး၊ အရှက်ခွဲ ကမ်ပိန်းလုပ်ကြပါတယ်။ ဆွေမျိုးအသိုင်းအဝိုင်းကြားမှာလည်း ဝန်ထမ်းတွေဘဝ မျက်နှာငယ်ကြရပါတယ်။ နောက်ဆုံး လူသားအချင်းချင်း သိပ်ကိုမွန်မြတ်ပြီး ချစ်စရာကောင်းတဲ့ နွေးထွေးတဲ့ ဆက်ဆံရေးဟာ မိမိတို့အသိုင်းအဝိုင်းအကြား တစ်စတစ်စ ပျောက်ဆုံးလာမှာကိုတော့ အတော်ကို တွေးကြောက်မိပါတယ်”

မိဘတွေကို ရှုတ်ချလိုကြတာနဲ့ လူငယ်တွေ၊ လူမမည်ကလေးတွေရဲ့ ဓာတ်ပုံတွေနဲ့ အရှက်ကွဲရအောင် လူမှုကွန်ရက်မှာ တင်ထားကြတယ်။ နောက်ဆုံး ကိုယ်ဝန်ဆောင်မိခင်လောင်းတွေနဲ့ သားသည်အမေတွေကိုလည်း မရှောင်ဘူး၊ အရှက်ခွဲ ကမ်ပိန်းလုပ်ကြပါတယ်။ ဆွေမျိုးအသိုင်းအဝိုင်းကြားမှာလည်း ဝန်ထမ်းတွေဘဝ မျက်နှာငယ်ကြရပါတယ်။ နောက်ဆုံး လူသားအချင်းချင်း သိပ်ကိုမွန်မြတ်ပြီး ချစ်စရာကောင်းတဲ့ နွေးထွေးတဲ့ ဆက်ဆံရေးဟာ မိမိတို့ အသိုင်းအဝိုင်းအကြား တစ်စတစ်စ ပျောက်ဆုံးလာမှာကိုတော့ အတော်ကို တွေးကြောက်မိပါတယ်။

### လူ့ကျင့်ဝတ်တွေ လိုက်နာစောင့်ထိန်းကြရ

လူ့ဘဝ၊ လူ့အသိုင်းအဝိုင်းမှာ အားလုံးနဲ့ လိုက်လျောညီထွေ နေထိုင်နိုင်ဖို့ လူသားတွေဟာ လူ့ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ၊ နီတိတွေ၊ ဥပဒေတွေ၊ ယဉ်ကျေးမှုတွေကို ဖော်ထုတ်ထားကြတယ်။ ပြီးတော့ အားလုံးလိုက်နာစောင့်ထိန်းကြရပါတယ်။ ဒါမှသာ လူပီသတဲ့ လူသားတွေဖြစ်လာမှာပေ့ါ။ လူမှုရေးရာ ဖိနှိပ်ခြင်းဆိုတာ ကျင့်ဝတ်တွေ၊ နီတိတွေ၊ ဥပဒေတွေ၊ လူ့ယဉ်ကျေးမှုတွေအားလုံးကို ဖီဆန်ပြီး ခဏတာလူ့စိတ်သဘာဝအရ ဖြစ်လာတဲ့ခံစားချက်ကို ဦးစားပေးဆောင်ရွက်ကြတဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ဘယ်ဘာသာတရားကမှလည်း လူသားချင်းဖိနှိပ်မှုကို လက်မခံကြပါဘူး။

သွေးဆူနေတုန်းမှာ လူတစ်ယောက်ကို စိတ်ဆိုး၊ ဒေါသထွက်တဲ့ စိတ်နဲ့ အကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ပြောဆို ကဲ့ရဲ့နိုင်ပေမယ့် တကယ်တမ်းသွေးအေးသွားတဲ့ အချိန်မှာ မိမိပြောထားတဲ့ စကားစုကို ကိုယ်တိုင်ပါးစပ်က ထုတ်ဖော်မပြောနိုင်လောက်အောင် ကြမ်းတမ်းနေမိတတ်တာမျိုး လူတိုင်းနီးပါး ဖြစ်ဖူးကြပါလိမ့်မယ်။ လက်ရှိအခြေအနေဟာ ထိခိုက်လွယ်တဲ့ စိတ်နှလုံးခံစားချက်တွေ လူတိုင်းမှာရှိပါလိမ့်မယ်။ ဒီလိုအခြေအနေကို နားလည်သဘောပေါက်ပြီး အချင်းချင်းအားပေးကူညီ၊ အမှားကို အမှန်ပြင်၊ မတူညီတာတွေကို ထိန်းညှိရင်းကနေ အကောင်းဆုံးအနေအထား၊ ထိခိုက်မှုအနည်းဆုံး အနေအထားကို သွားကြရမှာဖြစ်ပါတယ်။

### လူ့အခွင့်အရေးစံနှုန်းတွေကို သွေဖည်ရာရောက်

ဘယ်သူတွေက ဘာအတွက်ကြောင့် လုပ်နေကြသလဲ၊ ဒီလို လုပ်ခြင်းအားဖြင့် ဘယ်သူတွေ အကျိုးအမြတ်ရသွားမလဲဆိုတာကို လေ့လာကြည့်ကြဖို့လည်း လိုပါတယ်။ မိမိက သူတစ်ပါးထိခိုက်အောင် ပြောဆိုလိုက်တဲ့အခါ တစ်နေ့ပြန်ပြီး ပတ်သက်ဖို့ဖြစ်လာကြမယ် ဆိုရင်တောင် တစ်ဦးနဲ့တစ်ဦး အားနာ၊ မဝံ့မရဲ မဖြစ်ကြရနိုင်ဘူးလားဆိုတာ သုံးသပ်ဖို့လိုပါတယ်။ တစ်ဖက်မှာလည်း ဒီလိုလုပ်ရပ်ဟာ လူ့အခွင့်အရေးစံနှုန်းတွေကို သွေဖည်ရာရောက်နေပြီး စိတ်သဘောထားကျဉ်းမြောင်းတဲ့သူ Narrow – Minded တွေ ဖြစ်မှန်းမသိ ဖြစ်လာပြီး ဥပဒေကိုလည်း ချိုးဖောက်ရာရောက်နေတယ်ဆိုတာကို သတိပြုစေချင်ပါတယ်။

### အမုန်းတရားတွေ ပွားများအောင်

အဲဒီလို Social Punishment လို့ ခေါင်းစဉ်တပ်ပြီး ကိုယ့်နဲ့မတူ ကိုယ့်ရန်သူ သဘောထားပြီး မတည့်သူတွေကို လိုက်လံအရှက်ခွဲ Blaming တွေ၊ Personal Attack လုပ်နေတာမျိုးတွေကိုလည်း မိမိတို့ပတ်ဝန်းကျင်မှာ တွေ့မြင်လာရပါတယ်။ အွန်လိုင်းမှာ တင်ထားရုံနဲ့ အဖြစ်အပျက်အစအဆုံးမသိနိုင်ဘဲ လူအချင်းချင်းအမုန်းတရားတွေပွားများအောင် ပြုလုပ်တာဟာ ဘာသာတရားရှုထောင့်ကနေ ကြည့်ရင်လည်း အပြစ်ဖြစ်နေပါပြီ။ ပုဂ္ဂိုလ်ရေးမုန်းတီးမှုတွေကို အငြိုးထားပြီး တိုက်ခိုက်နေတာ၊ စီးပွားပျက်ရာပျက်ကြောင်း Boycott လုပ်တာ၊ အချို့ကလည်း ခံစားပြီး ပြန်ဖြေရှင်းနေကြရတာတွေဟာ အမုန်းမီးကို အကြိမ်ကြိမ်အခါခါ ထပ်မွှေးနေကြတဲ့လုပ်ရပ်တွေ ဖြစ်ပါတယ်။

အပါယ်ကျစေတဲ့ကံ (ပြုလုပ်တဲ့အလုပ်) တရားတွေဆိုတာ အကုသလ ကမ္မပထ တရား ၁၀ ပါး ရှိပါတယ်။ အဲဒီမှာ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါးနဲ့ မနောဒုစရိုက် သုံးပါးတို့ပါဝင်ပါတယ်။ ကာယဒုစရိုက်သုံးပါးကတော့ သူ့အသက်ကို သတ်တာ၊ သူ့ဥစ္စာကို ခိုးယူတာနဲ့ သူတစ်ပါးသားမယားပြစ်မှားတာဖြစ်ပါတယ်။ မနောဒုစရိုက်သုံးပါးက အဘိဇ္ဈာလို့ခေါ်တဲ့ သူများပစ္စည်းကို ကိုယ်ပိုင်ဖြစ်လိုတဲ့ လောဘ၊ ဒီလူတွေ သေသွားရင်ကောင်းမှာတို့ ဒီလူတွေပျက်စီးသွားရင် ကောင်းမယ်လို့ တွေးမိတဲ့ ဗျာပါဒနဲ့ ကုသိုလ်လည်းမရှိ၊ အကုသိုလ်လည်းမသိ၊ ကံကံ၏အကျိုးကို မသိ၊ လက်မခံငြင်းပယ်တဲ့ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပါတယ်။

### ဆင်ခြင်တုံတရားလက်ကိုင်ထား

ဝစီဒုစရိုက်လေးပါးကတော့ မုသာဝါဒ လိမ်လည်ပြောဆိုတာ၊ ပိသုဏဝါစာ သူတစ်ပါးအကျိုးပျက်စီးစေဖို့ ကုန်းတိုက်တာ၊ ဖရုသဝါစာ ဆဲရေးတိုင်းထွာပြီး ညစ်ညမ်း တဲ့စကားတွေပြောဆိုတာနဲ့ သမ္ဖပ္ပလာပ အကျိုးမဲ့သိမ်ဖျင်းတဲ့စကားတွေကို ပြောဆိုတာတွေ ပါဝင်ပါတယ်။ အခုလိုကာလမှာ ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့တဲ့ ဒုစရိုက်ဆိုးကျိုးပြ ဒုစ္စရိတဝိပါက ဒေသနာတော်မှာ ညွှန်းဆိုပြခဲ့တဲ့ အချက်တွေထဲက အတော်များများကို ကျူးလွန်နေမိကြတာကို စိတ်မသက်သာဖွယ် မြင်တွေ့နေရတာမို့ အမြန်ဆုံး ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး ပြင်ဆင်သင့်ပါပြီလို့ အကြံပြုလိုပါတယ်။

လက်ရှိမိမိတို့နိုင်ငံမှာ ပြည်သူထိခိုက်မှုအနည်းဆုံးဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မပျက်အောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနဲ့ မှန်ကန်တဲ့ ဒီမိုကရေစီဖက်ဒရယ် လမ်းကြောင်းမပျက်ယွင်းအောင် အစိုးရကနေ ဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်နေတာကို မြင်တွေ့နေရပါတယ်။

ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့အတွက် အာမခံချက်ပေးနိုင်တဲ့ နည်းလမ်းတစ်ခုကို မြင်နေလျက်သားနဲ့ ဘာကြောင့်များ မရေရာမသေချာတဲ့ တိုက်ပွဲတွေအဖြစ် တိုင်းပြည်ကို စစ်မြေပြင်ဖြစ်ချင်ဦးမှာလဲလို့ ဆန္ဒပြလှုပ်ရှားသူတွေ၊ တည်ဆဲအစိုးရအား ဆန့်ကျင်သူတွေကို မေးချင်ပါတယ်။ မိမိတို့အားလုံး စစ်မှန်တဲ့ဒီမိုကရေစီလမ်းကြောင်းကို တစ်ဦးနဲ့တစ်ဦး စာနာနားလည်မှုရှိရှိ၊ ဖေးမမှုအပြည့်နဲ့ ခရီးနှင်ဖြတ်သန်းကြရအောင်လို့သာ အသိပေးတိုက်တွန်းရေးသားလိုက်ရပါတယ်။

> “ဘယ်သူတွေက ဘာအတွက်ကြောင့် လုပ်နေကြသလဲ၊ ဒီလိုလုပ်ခြင်းအားဖြင့် ဘယ်သူတွေ အကျိုးအမြတ်ရသွားမလဲဆိုတာကို လေ့လာကြည့်ကြဖို့လည်း လိုပါတယ်။ မိမိက သူတစ်ပါးထိခိုက်အောင် ပြောဆိုလိုက်တဲ့အခါ တစ်နေ့ ပြန်ပြီးပတ်သက်ဖို့ ဖြစ်လာကြမယ် ဆိုရင်တောင် တစ်ဦးနဲ့တစ်ဦး အားနာ၊ မဝံ့မရဲမဖြစ်ကြရနိုင်ဘူးလားဆိုတာ သုံးသပ်ဖို့ လိုပါတယ်။ တစ်ဖက်မှာလည်း ဒီလိုလုပ်ရပ်ဟာ လူ့အခွင့်အရေးစံနှုန်းတွေကို သွေဖည်ရာ ရောက်နေပြီး စိတ်သဘောထားကျဉ်းမြောင်းတဲ့သူ Narrow - Minded တွေ ဖြစ်မှန်းမသိဖြစ်လာပြီး ဥပဒေကိုလည်း ချိုးဖောက်ရာရောက်နေတယ်ဆိုတာကို သတိ ပြုစေချင်ပါတယ်”

# နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပုဂ္ဂလိကဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပုဂ္ဂလိကဘဏ်များမှ ဘဏ်တာဝန်ခံများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပုဂ္ဂလိကဘဏ်များသည် ကိုဗစ်-၁၉ ကာလတွင်လည်း ကြိုးစား၍ အောင်မြင်စွာ ဖွင့်လှစ်နိုင်ကြောင်း၊ ယခုအချိန်တွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ရပ်ဆိုင်းနေသည်ဟု ကြားသိရကြောင်း၊ ပုဂ္ဂလိကဘဏ်များ အမြန်ဆုံးဖွင့်လှစ်ရန် လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီမှ ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များမှ ဘဏ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဘဏ်ပေါင်း ၇၆ ဘဏ်ရှိသည့်အနက် ယနေ့အချိန်ထိ မြို့နယ်အသီးသီးတွင် ဘဏ်ပေါင်း ၂၈ ဘဏ်သာဖွင့်လှစ်၍ ကျန်ဘဏ် ၄၈ ဘဏ်မှာ ပိတ်ထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အစိုးရဘဏ်များမှာ ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဘဏ်များနှင့် စပ်လျဉ်း၍ ငွေကြေးစီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်ရေး မဖွင့်သေးသော ပုဂ္ဂလိကဘဏ်များ အမြန်ပြန်ဖွင့်ရန် လိုအပ်ကြောင်း၊ ဘဏ်များဖွင့်လှစ်ရန် လိုအပ်ချက် အခက်အခဲများအား တင်ပြရန်နှင့် အဆိုပါအခက်အခဲများကို နေပြည်တော်ကောင်စီမှ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စများရှိပါက ဆက်လက်တင်ပြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဘဏ်တာဝန်ခံများက ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၇ မှ*

ကျွန်တော်တို့သည် ဒီအဆင့်နဲ့မရသည့်အတွက် လွှတ်တော်ခေါ်ယူပေးဖို့ပြောကြောင်း၊ ဥပဒေအရ လွှတ်တော်ခေါ်ယူပေးရမည်၊ မရှင်းခဲ့ပါကြောင်း၊ မလုပ်ခဲ့ပါကြောင်း၊ ဘာကြောင့် မလုပ်ခဲ့လဲဆိုတာသည် အဲ့ဒီ Video ထဲမှာပဲ ရှိမည်ဖြစ်ကြောင်း၊ ပြီးနောက် နိုင်ငံတော်သမ္မတကို တင်ပြကြောင်း၊ နောက်ဆုံးအဆင့်မှာ နောက်ဆုံး အခြေအနေအထိ နိုင်ငံတော်သမ္မတနှင့် တာဝန်အရှိဆုံးပုဂ္ဂိုလ်ကို ကျွန်တော်တို့ဆီမှ ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင် လက်ရေးဖြင့်ရေးပြီး ရှင်းပေးဖို့ပြောခဲ့ကြောင်း၊ မရှင်းခဲ့ပါကြောင်း၊ ဘာကြောင့် မရှင်းလဲဆိုတာသည် အဲ့ဒီ Video ထဲမှာပဲ ရှိပါကြောင်း၊ ကျန်သည့်အပိုင်းများကို အချိန်တန်လျှင် ကျွန်တော်တို့ ပြည်သူလူထုကို ဆက်လက်အသိပေးမည်ဖြစ်ကြောင်း ပြောရလျှင် စည်းမဲ့ကမ်းမဲ့၊ စည်းပျက်ကမ်းပျက်၊ ထင်ရာစိုင်း ဒီမိုကရေစီ အမည်ခံသည့် အာဏာရှင်များမပေါ်ပေါက်စေရေးအတွက် ပြည်သူလူထုအတွက် စစ်မှန် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်စေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၃ - ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | 8400 | 8400 | 91 | 764400 |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာသမိုင်းစာပေ (၅)

မောင်ခင်မင် (ဓနုဖြူ)

"အောင်အောင်စကား စထားလို့ တောင်ငူရာဇဝင်ကို စိတ်ဝင်စားနေပြီ။ တောင်ငူမင်းဆက်တွေအကြောင်းကို တွင်းသင်းရာဇဝင်တို့၊ ဦးကုလားရာဇဝင်တို့မှာ တွေ့ဖူးပေမဲ့ တောင်ငူရာဇဝင်စာအုပ်ကိုတော့ သီးသီးသန့်သန့်မလေ့လာဖူးသေးဘူးလေ"

"အေး... တို့လဲ ကေတုမတီတောင်ငူ နှစ်ငါးရာပြည့်တုန်းက ဖတ်ဖို့စာတမ်းတစ်စောင် ပြုစုရင်းလေ့လာ ဖြစ်တာပါ။ တောင်ငူရာဇဝင်က အရင်အပတ်ကပြောတဲ့ ရာဇဝင်ကျော်နဲ့ ပေါ်ပေါက်တဲ့အချိန်ချင်း သိပ်မကွာဘူးကွဲ့"

"တောင်ငူရာဇဝင်က တောင်ငူခေတ်ကျမှ ပေါ်တာ မဟုတ်လား ဆရာ"

"အင်းဝခေတ်နဲ့ တောင်ငူခေတ်က ခေတ်ပြိုင်ဖြစ်နေတာလေ။ ဟုတ်တယ် မဟုတ်လား ကျော်ကျော်"

"ဟုတ်ပါတယ်။ အင်းဝသတိုး မင်းဖျားကစတဲ့ မင်းဆက်နဲ့ တောင်ငူမင်းဆက်နဲ့ခေတ်ပြိုင်လေ။ အစောပိုင်းမှာ အင်းဝမင်းတွေက တောင်ငူမင်းတွေ အပေါ်ဩဇာလွှမ်းမိုးခဲ့တာပဲ။ တပင်ရွှေထီးရဲ့ ခမည်းတော်မင်းကြီးညို ကေတုမတီကို တည်တော့မှ တောင်ငူမင်းတွေ ဩဇာကြီးလာတာလေ"

"မှတ်ထားပါမယ် ဆရာ"

"အင်းဝရွှေနန်းကြော့ရှင်က တောင်ငူမင်းကြီးညိုနဲ့ မင်းပြိုင်လေ။ တောင်ငူရာဇဝင်ရေးတဲ့ ရှင်ဉာဏ သည်းခံကြီးက မင်းကြီးညိုအကြောင်းအထိ ရေးခဲ့တယ်လို့ သိရတယ်။ ရာဇဝင်ကျော်က ရွှေနန်းကြော့ရှင်လက်ထက်မှာ ရှင်မဟာသီလဝံသ ရေးတာ။ ဒီတော့ ပေါ်ပေါက်တဲ့အချိန်ချင်း သိပ်မကွာဘူးပေါ့။ သဘောပေါက်ပြီလား"

"သဘောပေါက်ပါပြီ ဆရာ"

"နောက်တစ်ချက်က မင်းကြီးညိုမတိုင်မီ မင်းပြုတဲ့ မင်းကြီးစည်သူကို ရှင်ဉာဏသည်းခံကြီးက ဘုရားတည်မဲ့ ကိစ္စနဲ့ပတ်သက်ပြီး အကြံပေးတဲ့အကြောင်း တောင်ငူရာဇဝင်မှာ ပါတယ်။ ဒီတော့ အဲဒီအချိန်အထိ ရှင်ဉာဏ သည်းခံကြီးသက်ရှိထင်ရှားရှိခဲ့တဲ့ ရဟန်းတော်ကြီးဖြစ်တယ်ဆိုတာ ထင်ရှားတာပေ့ါ။ မင်းကြီးညို ကေတုမတီမြို့ မတည်ခင်အထိ ရေးခဲ့တာလေ"

"နားလည်ပါပြီ ဆရာ။ တောင်ငူမင်းဆက် ဘယ်လောက်ရှိပါသလဲ ဆရာ"

"တောင်ငူမင်းဆက် ၃၂ ဆက် ရှိတယ်။ တောင်ငူစတည်တဲ့ သဝဏ်ကြီး၊ သဝဏ်ငယ်ဆိုတဲ့ ညီနောင်က စပြီး နောက်ဆုံးပိုင်းမှာ မင်းကြီးညို၊ တပင်ရွှေထီး၊ မင်းရဲသီဟသူနဲ့ မင်းခေါင်တို့ အထိပေ့ါ"

"ဟုတ်ကဲ့ပါ"

"ဘာတွေ့ရသလဲဆိုတော့ နောက်ပေါ်ပေါက်တဲ့ ဦးကုလားမဟာရာဇဝင်၊ တွင်းသင်းရာဇဝင်၊ မှန်နန်းရာဇဝင် စတဲ့ရာဇဝင်ကျမ်းတွေဟာ တောင်ငူခေတ်အကြောင်းရေးတဲ့အခါ တောင်ငူရာဇဝင်ကို ကိုးကားပြီး ရေးကြတယ် ဆိုတာတွေ့ရတယ်။ တွင်းသင်းတို့၊ မှန်နန်းတို့မှာ ရေးပုံသားပုံ၊ စကားသုံးနှုန်းပုံတွေဟာ တောင်ငူရာဇဝင်အတိုင်း လိုက်ရေးထားတာ တွေ့ရတယ်"

"စိတ်ဝင်စားစရာပဲနော် အောင်အောင်"

"ဟုတ်တယ်။ ဒါကြောင့် တောင်ငူရာဇဝင်ဟာ ရှေ့ဆောင်လမ်းပြ ရာဇဝင်ကျမ်းတစ်စောင်လို့ ဆိုနိုင်တာပေ့ါ"

"ဟုတ်ကဲ့ပါ"

"အရေးအသားကလဲ ခုခေတ်က ပြန်ကြည့်ရင် ထူးခြားတာတွေ့ပါတယ်။ တောင်ငူရာဇဝင် စစချင်း ရေးပုံက 'တောင်ငူဖြစ်စအကြောင်းကား ဤသို့တတ်'...တဲ့"

"သြော်၊ ဟုတ်ကဲ့"

" 'ဤသို့တတ်'ဆိုတာက 'ဤသို့တဲ့'၊ 'ဤသို့ဖြစ်သတတ်'၊ 'ဤသို့ဖြစ်သတဲ့'လို့ ဆိုလိုတာလေ။ နောက်ပိုင်းစာတွေမှာ အဲဒီအသုံးမျိုး မတွေ့ရသလောက်ပဲ။ အသုံးထူးခြားတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"တောင်ငူရာဇဝင်မှာ အစဉ်အဆက်မင်းပြုကြတဲ့ မင်းတွေအကြောင်း ဖော်ပြတာကတော့ တခြား ရာဇဝင်ကျမ်းတွေမှာ လိုပါပဲ။ ထူးခြားတာက အဲဒီ မင်းတွေရဲ့ စရိုက်သဘာဝကို ပေါ်လွင်အောင် ရေးဖွဲ့တတ်တာပါပဲ။ တချို့နေရာတွေမှာတော့ မင်းရဲ့ စရိုက်ကို စာရေးသူက တိုက်ရိုက်ဖော်ပြတယ်။ နမူနာပြမယ်။ ပုံချီကြီးနဲ့ ပုံချီငယ်ဆိုတဲ့ မင်းနှစ်ပါး အကြောင်းကို ပြောတဲ့အခါ 'ပုံချီကြီးက အလှူကောင်းမှုကို အလိုရှိ၏ ရတနာသုံးပါးကိုသဒ္ဓါကြည်ညို၏' လို့ပြောပြီး 'ပုံချီငယ်ကား အလုပ်အကြံ အစည်မရှိ။ အပျော်အရွှင်နှင့်သာ သူငယ်ပီပီရှိသည်ဟူ၏'လို့ ယှဉ်ပြတာမျိုးပေ့ါ။ အရေးအဖွဲ့လဲ ရှင်းလင်းတယ်။ မင်းနှစ်ပါးရဲ့ စရိုက်သဘာဝမတူပုံလဲ ပေါ်လွင်တာပေ့ါ"

"စာအရေးအဖွဲ့ကောင်းတာပေ့ါနော်၊ အောင်အောင်"

"ဟုတ်တယ်။ တပင်ရွှေထီးရဲ့ ခမည်းတော် မင်းကြီးညိုအကြောင်းရေးထားတာ 'မင်းကား၊ လေးအရာ၊ ကွန်အရာ'တတ်စွာဟူ၏-တဲ့။ ဆင်လည်း တတ်စွာဟူ၏-တဲ့။ လေးပစ်တဲ့အလုပ် ကွန်ပစ်တဲ့ အလုပ် အင်မတန်ကျွမ်းကျင်တယ်တဲ့။ ဆင်ကိုလဲ နိုင်နိုင်နင်းနင်း စီးနိုင်တယ်-တဲ့။ အဲဒီမင်းရဲ့ ထူးခြားချက်က ဘာလဲဆိုရင် စားစရာ အစားအသောက် အထူးအဆန်းတွေ စီမံတတ်တယ်တဲ့။

**"ဦးကုလားမဟာရာဇဝင်၊ တွင်းသင်းရာဇဝင်၊ မှန်နန်း ရာဇဝင် စတဲ့ရာဇဝင်ကျမ်းတွေဟာ တောင်ငူခေတ် အကြောင်းရေးတဲ့အခါ တောင်ငူရာဇဝင်ကို ကိုးကားပြီး ရေးကြတယ် ဆိုတာတွေ့ရတယ်။ တွင်းသင်းတို့၊ မှန်နန်းတို့မှာ ရေးပုံသားပုံ၊ စကား သုံးနှုန်းပုံတွေဟာ တောင်ငူရာဇဝင်အတိုင်း လိုက်ရေး ထားတာတွေ့ရတယ်"**

မှုးမတ် ကတော် မယားတွေ၊ သက်ကြီး ရွယ်အိုတွေ၊ ရဟန်း သံဃာတွေအတွက် အစားအသောက်တွေ အမျိုးမျိုး ပါးစပ်နဲ့ စီမံချက်ပြုတ်ခိုင်းပြီး နေ့တိုင်း အဲဒီစားစရာပွဲ တွေကို လူတစ်ဖက်တစ်ချက်ထပ်ပြီး ပို့ခိုင်းတယ်-တဲ့"

"တော်တော်ထူးခြားတာပဲနော်"

"စောလူးသခ်ယာဆိုတဲ့ မင်းရဲ့ အမှတ်တရစကားကလေးတစ်ခွန်းလဲပါတယ်။ တချို့လူတွေက တောင်ငူမှာမနေချင်လို့ ထွက်ပြေးကြတာ သိတော့ စောလူးသခ်ယာက ဘာပြောသလဲဆိုရင် 'ငစိုင်ကန့်ကလာနှင့် ဆွာငလူးကို လွမ်းက ပြန်လာလတ်မည်' တဲ့"

"ဘာအဓိပ္ပာယ်ပါလဲ ဆရာ"

"ငစိုင်မြို့တို့၊ ဆွာမြို့တို့က တောင်ငူပတ်ဝန်းကျင်ကလေ၊ အဲဒီငစိုင်မြို့က ကန့်ကလာရွက်ဟာ စားလို့ကောင်းတယ်။ အရသာရှိတယ်။ ဆွာချောင်းက ထွက်တဲ့ ငလူးကလဲ အရသာရှိတယ်။ ဒါကြောင့် ငစိုင်ကန့်ကလာနဲ့ ဆွာငလူးကို လွမ်းလာရင် တောင်ငူက ထွက်ပြေးတဲ့သူတွေ ပြန်လာကြလိမ့်မယ်လို့ လှလှပပ ပြောလိုက်တာလေ"

"တော်တော်ကဗျာဆန်တာပဲနော်"

"ကိုယ့်အရပ်ဒေသက ထွက်တဲ့အစားအစာကို မစားရတာကြာရင် လွမ်းတတ်တဲ့ လူ့သဘာဝပေ့ါကွယ်"

"တော်တော်လှတာပဲနော် ဆရာ"

"အဲဒီ - စောလူးသခ်ယာဟာ အငြိမ့်တို့၊ အတီးအမှုတ်တို့လဲ အင်မတန်ကြိုက်သတဲ့။ မိဖုရားသားသမီးတွေ၊ ချွေးမတွေ၊ မြေးတွေပါခေါ်ပြီး ငါးဖယ်အင်းဆိုတဲ့ အရပ်မှာ တစ်ညအိပ်ပြီး ဆောင်းငြင်းသီချင်းတွေနဲ့ အငြိမ့်ခံပြီး ပျော်ပျော်ပါးပါးနေတတ်တယ်-တဲ့။ ပွဲကြိုက်တဲ့ ဘုရင်ပေ့ါ ကွယ်"

"ထူးခြားတယ်နော်"

"မင်းငယ်ကျော်ထင်ဆိုတဲ့ မင်းရဲ့အပြုအမူ ကလဲ တစ်မျိုးထူးခြားတယ်။ အဲဒီမင်းဟာ အသားနီတဲ့ လူကို မြင်တာနဲ့ 'ဟယ်ထောင်းဘိ' လို့ဆိုပြီး အဲဒီ လူကို ထုထောင်းခိုင်းတယ်-တဲ့။ ပြီးမှ 'ငါ့ကျွန်ပျက်ဆင်ထိန်းလို အသားနီလို့ မင်းကို ထုထောင်းခိုင်းတာ၊ မင်းမှာ အပြစ်မရှိဘူးလို့ပြောပြီး ငွေသုံးဆယ်ပေးတယ်' တဲ့"

"သြော်၊ အထောင်းခံပြီး ငွေသုံးဆယ်ရတယ်ပေ့ါ"

"အေး ပြုံးစရာပဲကျော်ကျော်ရေ။ နောက်ရှိသေးတယ်။ နွေဘက်ကျရင် မြို့ထိပ်က ပြကြီးပေါ်မှာ စံနေလေ့ရှိတယ်-တဲ့။ ဈေးနေ့ရောက်ရင် ဈေးမှာ ငှက်ပျော၊ ပိန္နဲ၊ ကနစိုးသီးတွေ ဝယ်ခိုင်းပြီး အဲဒီပြပေါ်မှာ သူငယ်တွေနဲ့အတူတူ စားတယ်တဲ့၊ တရားစီရင်စရာရှိရင်လဲ အဲဒီမှာပဲ စီရင်တယ်-တဲ့"

"သြော်"

"ဖြစ်ရပ်တစ်ခုကတော့ ပြုံးစရာကောင်းတယ်။ တစ်နေ့မှာ မင်းငယ်ကျော်ထင်ဟာ ပြကြီးပေါ်မှာ နေတုန်း ချောင်းထဲမှာ ဝါးဖောင်တစ်ခု မျှောလာတာတွေ့တယ်။ ဖောင်ဦးပိုင်းက လူကလဲ သီချင်းဆိုလာတယ်။ ဖောင်ပဲ့ပိုင်းကလူကလဲ သီချင်းဆိုလာတယ်။ အဲဒီအခါ မင်းငယ်ကျော်ထင်က အဲဒီဖောင်သမားတွေရဲ့ ခါးမကို သွားသိမ်းချေဆိုပြီး သူ့လူတွေကို ခိုင်းလိုက်သတဲ့"

"သြော်"

"ဖောင်သမား နှစ်ယောက်ရောက်လာပြီး ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲလို့မေးတော့ မင်းငယ်ကျော်ထင်က ဘာပြောတယ် ထင်သလဲ"

"ဟုတ်ကဲ့"

"နင်တို့နှစ်ယောက် ဖောင်ဦးက လူက သီချင်းဆိုရင် ဖောင်ပဲ့က လူက မဆိုဘဲနေ၊ ဖောင်ပဲ့က လူက သီချင်းဆိုရင် ဖောင်ဦးကလူက မဆိုဘဲ နေလို့ အမိန့်ပေးပြီး ခါးမကို ပြန်ပေးလိုက်သတဲ့"

"ဟုတ်ပဲ့၊ ပြုံးစရာကြီးပဲ။ လူတွေနဲ့ ရောရောနှောနှော နေတတ်ထိုင်တတ်တဲ့ အဲဒီမင်းရဲ့ စရိုက်သဘာဝလို့ ဆိုရမှာပေ့ါနော်"

"ဟုတ်ပဲ့၊ ဟုတ်ပဲ့၊ နောက် အဲဒီမင်းငယ်ကျော်ထင်ရဲ့ မိဖုရားအသားအရေ ကြည်လင်ပုံလဲ ပါသေးတယ်။ အဲဒီ မိဖုရားဟာ နေ့တိုင်းနန္ဒင်း တစ်ပန်းကန်စားတယ်တဲ့။ ကွမ်းစားပြီး ကွမ်းသွေးမျိုရင် ကွမ်းသွေးကို ရိပ်ရိပ်ကလေးမြင်ရတဲ့အထိ အသားအရေကြည်လင်တယ်တဲ့"

"အံ့ဩစရာပဲနော်"

"တောင်ငူမင်းစည်သူကျော်ထင်ကို အင်းဝ ဒုတိယ မင်းခေါင်က တော်တော်အားကိုးတယ်။ အင်းဝက တောင်ငူကို ဩဇာလွှမ်းနေလို့ တောင်ငူက အင်းဝလက်အောက်ခံ ဖြစ်နေချိန်ပေ့ါ။ ဒုတိယ မင်းခေါင်က စည်သူကျော်ထင်ကို 'ကျော်သူ'လို့ ချစ်စနိုးခေါ်တယ်-တဲ့"

"သြော်၊ ကျော်သူတဲ့လား"

"ဟုတ်တယ်။ မင်းခေါင်က သူ့မှုးမတ်တွေကို အားမရရင် စည်သူကျော်ထင်နဲ့နှိုင်းပြီး 'ကျော်သူ့ ခြေကို နဖူးတွင် ခိုက်လေ၊ ကျော်သူချေးကို နဖူးတွင် သုတ်လေကုန်'လို့ ပြောလေ့ရှိတယ်တဲ့။ စစ်တိုက်တဲ့အခါ ကျော်သူ့ကို အားကိုးတယ်။ 'သူလည်း ထီးဖြူမတ်မတ်၊ ငါလည်းထီးဖြူမတ်မတ် တွေ့ကြသော် နောက်သို့ ပြန်ကြည့်သော် ကျော်သူ အပ ငါမထင်'လို့ အားကိုးတကြီး မိန့်ကြားတာလဲ ပါတယ်"

"သမီးတို့ မှတ်သားထားပါတယ်။ တောင်ငူရာဇဝင်ကို လေ့လာပါ့မယ် ဆရာ"

သိမှတ်စရာအဖြာဖြာ (General Knowledge)

# မာလာရှမ်းကောဆိုတာ ဘာလဲ

**ဟာမီယွန်နီ**



မင်္ဂလာပါကလေးတို့ရေ။ ဒီတစ်ပတ်မှာကလေးတို့ စားဖူးနေကျဖြစ်မယ်လို့ထင်တဲ့ အစားအစာတစ်ခု အကြောင်းကို ကလေးတို့ကို မိတ်ဆက်ပေးချင်ပါတယ်။ အဲဒါကတော့ မာလာရှမ်းကော လို့ခေါ်ပါတယ်။ ပူပူစပ်စပ်နဲ့ အသားတွေ၊ အသီးအရွက်တွေ၊ ခေါက်ဆွဲတွေပါတဲ့ အစားအစာတစ်မျိုးပေါ့။ ပူအိုက်တဲ့ ရာသီနဲ့မကိုက်ညီပေမယ့် မမတို့နိုင်ငံက လူတွေအများစုက အစပ်အရသာကို ကြိုက်ကြတဲ့အတွက် စားဖူးတဲ့သူအားလုံး ကြိုက်နှစ်သက်ကြပါတယ်။ မာလာရှမ်းကောက တရုတ်နိုင်ငံရဲ့ ရှေးဟောင်းရိုးရာအစား အစာတစ်မျိုးပေါ့ကွယ်။

တရုတ်နိုင်ငံက စီချွမ်ဆိုတဲ့ ပြည်နယ်မှာရှိတဲ့ စားဖိုမှူးတွေကနေ ဖော်ထုတ်လိုက်တဲ့ ဟင်းလျာ ဖြစ်ပြီး ရှေးတုန်းက ရိုးရာဟင်းတစ်မျိုးကို ပြန်ပြီး ပြင်ဆင်ဖြည့်စွက်ထားတဲ့ဟင်းပေါ့။ Ma la Xiang Guo လို့ တရုတ်လိုအသံထွက်ပြီး တို့နိုင်ငံက စားဖိုမှူးတွေကတော့ မာလာရှမ်းကောလို့ ခေါ်ကြတာပါ။ Ma ဆိုတာ ထုံတဲ့အရသာရှိတာကို ခေါ်ပြီး La ကတော့ အစပ်အရသာဖြစ်ပါတယ်။ Xiang ကတော့ မွှေးကြိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပြီး Guo ကတော့ အိုးလို့အဓိပ္ပာယ်ရပါတယ်။ ထုံစပ်စပ်နဲ့ မွှေးတဲ့ဟင်းအိုးကြီးပေါ့ကွယ်။



မာလာရှမ်းကောထဲမှာ အသားတွေ၊ ပုစွန်တွေ၊ ကင်းမွန်၊ ရေဘဝဲနဲ့ ဟင်းသီးဟင်းရွက်စုံတွေပါဝင်ပါတယ်။ အဲဒီ အသားနဲ့ အသီးအရွက်တွေကို ပြုတ်တာ၊ ဒါမှမဟုတ် ကျက်အောင်ကြော်ကြတာပေါ့။ အဲဒီနေရာမှာ အရေးကြီးဆုံးကတော့ မာလာအနှစ်လို့ ခေါ်ပါတယ်။ စီချွမ်ပြည်နယ်ကနေထွက်တဲ့ ငရုတ်သီးနဲ့ စီချွမ်ငရုတ်ကောင်းလို့ခေါ်တဲ့ ဟွာကျောင်းစေ့တွေက မာလာအနှစ်ရဲ့ အဓိက ပစ္စည်းတွေပေါ့။ ဟင်းခတ်အမွှေးအကြိုင်တွေကို အားလုံးထောင်းထုပြီး အနှစ်ဖြစ်အောင် လုပ်ထားတာပေါ့။ မာလာအနှစ်နဲ့ အမှုန့်တွေကို အာလူးကြော်၊ ဟော့ပေါ့နဲ့ အခြားအစားအသောက်တွေမှာလည်း ထည့်ပြီးသုံးကြတယ်။

မာလာအနှစ်ကို Mala Sauce လို့ခေါ်ကြပါတယ်။ ၁၉ ရာစုကနေ ၂၀ ရာစုအတွင်း ဆောက်လုပ်ရေး အလုပ်သမားတွေကို အဓိကထားပြီး ရောင်းချတဲ့ Chongqing ဆိုတဲ့ မြို့လေးရဲ့ ညဈေးကနေ အဲဒီ မာလာအနှစ် စတင်ပေါ်ပေါက်လာပါတယ်။ အလုပ်သမားတွေကို အဓိကထားပြီး ရောင်းတဲ့အတွက် ဈေးပေါတဲ့ သွေးခဲ၊ အူနဲ့ ကလီစာတွေကို အညှီအနံ့တွေပျောက်အောင် မွှေးကြိုင်အောင်လုပ်တဲ့ အရသာအနှစ်ပါ။ အခုတော့ မာလာရှမ်းကောကို တရုတ်ပြည်တစ်ခုလုံးတင်မကတော့ဘဲ တို့နိုင်ငံရော၊ အခြားကမ္ဘာပေါ်က နိုင်ငံအသီးသီးမှာပါ ပျံ့နှံ့ပြီး စားသုံးလာနေကြပါပြီ။

မာလာရှမ်းကောမှာ အထုံနဲ့အစပ် အဆင့်သုံးဆင့်ရှိပြီး Little Spicy ၊Slightly Spicy နဲ့ Super Spicy ဆိုပြီး အစပ်၊ အထုံ၊ အရသာအဆင့်တွေခွဲထားတယ်။ ကလေးတို့ကတော့ ငယ်သေးလို့ အစပ်အထုံပေ့ါပေ့ါလေးတွေပဲ စားသင့်ပါတယ်နော်။ မာလာရှမ်းကောက တစ်ယောက်တည်းစားလို့မရဘဲ အုပ်စုလိုက် လူများများနဲ့စုပြီးစားမှ အရသာပိုပြီးရှိပါတယ်။ ဒါပေမယ့် မာလာရှမ်းကောကို နေ့တိုင်းစားလို့တော့ မဖြစ်ပါဘူး။ နေ့တိုင်း ဒါမှမဟုတ် ခဏခဏစားမယ်ဆိုရင် ကျန်းမာရေးကိုတော့ ထိခိုက်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသားလုံးတွေ၊ အပူအစပ်တွေကြောင့် အစာအိမ်ရောင်ရမ်းတာ၊ သွေးထဲမှာ အဆီများတာနဲ့ ရင်ကျပ်ရောဂါမျိုးတွေ ဖြစ်စေပါတယ်။ တကယ်လို့ ခဏခဏစားချင်တယ်ဆိုရင်တော့ အသီးအရွက်များများ၊ အသားနည်းနည်းနဲ့ အစပ်ပေ့ါပေ့ါ စားသင့်တာပေါ့ကွယ်။

လောကဝတ် (Etiquette)

# စားသောက်ဝိုင်းတွေမှာ သတိပြုပါ

**မျိုးမျိုး**



ကလေးတို့အားလုံး မင်္ဂလာရှိတဲ့ တနင်္ဂနွေနေ့လေးဖြစ်ပါစေ။ ဒီတစ်ပတ်မှာ သူငယ်ချင်းတွေနဲ့ဖြစ်ဖြစ်၊ အိမ်က မိသားစုနဲ့ဖြစ်ဖြစ် အားလုံးစုပြီး အစားအသောက်စားတဲ့အခါ အမူအကျင့်ကောင်းလေးတွေကို မမေ့မလျော့ သတိပြုမိစေဖို့ ပြောပြပေးသွားမယ်နော်။ ဒီလိုမျိုး အမူအကျင့်လေးတွေဟာ ကလေးတွေကို လူချစ်လူခင်ပိုပြီးများလာစေတယ်။ အသက်ကြီးသွားတဲ့အခါမှာလည်း လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ လူယဉ်ကျေးအဖြစ် မြင်တွေ့ရလာစေပါတယ်။ ဒါတွေအားလုံးကို လိုက်နာသင့်ပေမယ့် အတင်းအကျပ် လုပ်ရမှာမျိုးတော့ မဟုတ်ပါဘူး။ ကလေးတို့က သေသေချာချာစဉ်းစားပြီး စိတ်ရှည်ရှည်နဲ့ လိုက်လုပ်ကြည့်သင့်ပါတယ်နော်။




**အစာမစားမီ လက်ဆေးပါ**

အစားအစာတွေ စားသောက်ခါနီးမှာ လက်ကို စင်ကြယ်အောင် ဆေးဖို့က နံပါတ် ၁ ဦးစားပေးဖြစ်ပါတယ်။ လက်တွေညစ်ပေနေတဲ့အခါ ကလေးတို့က အတူတူစားတဲ့သူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေတာပေါ့။ အခုလို ကိုဗစ်ကပ်ရောဂါ ဖြစ်နေတဲ့အချိန်မှာ ကလေးတို့ဟာ လက်ကို ခဏခဏဆေးကြောရမှာပေါ့ကွယ်။

**လူစုံအောင်စောင့်ပါ**

မိဘိုးဖဘိုး ဆရာဦး ခူး၍နော်ကွယ် မစားနှင့်တဲ့။ မမတို့ငယ်ငယ်တုန်းက ဆိုခဲ့ဖူးတဲ့ ဆုံးမစာလေးရှိပါတယ်။ ကလေးတို့က အစားအစာတစ်ခုခုစားမယ် လုပ်တိုင်း ကိုယ့်မေမေ၊ ဖေဖေတွေ၊ ဆရာသမားတွေနဲ့ အကြီးအကဲတွေကို အရင်ဆုံးကျွေးမွေးသင့်ပါတယ်။ သူငယ်ချင်းတွေနဲ့ စုံစုံညီညီစားသောက်တဲ့အခါမှာလည်း တစ်ယောက်တည်း ရှေ့ဆုံးကနေ ခူးခပ်စားတာထက်အတူတူ ဝိုင်းဖွဲ့ပြီး ချစ်ချစ်ခင်ခင် စားသောက်သင့်ပါတယ်။ ဒါမှလည်း ပျော်စရာကောင်းတဲ့ သူငယ်ချင်းတွေ ဖြစ်မှာပေါ့ကွယ်။

**ပါးစပ်ကနေ ပလပ်ပလပ်မမြည်အောင်**

အစာစားတဲ့အခါ ပလုတ်ပလောင်း စားသောက်တာ၊ ပလပ်ပလပ်ဆိုတဲ့ အသံတွေမြည်တာ၊ ဟင်းရည်တွေ သောက်ရင် ရှူးခနဲမြည်အောင် သောက်တာမျိုးတွေကို ရှောင်ကြဉ်သင့်ပါတယ်။ အဲဒီလိုစားသောက်တာတွေက ဘေးကလူတွေကို အနှောင့်အယှက်ဖြစ်စေတဲ့အပြင် ကလေးတို့က ကြီးတဲ့အထိ အကျင့်ပါသွားမယ်ဆိုရင် လူအများကြားမှာ ယဉ်ကျေးမှုအားနည်းတဲ့သူအဖြစ် ထင်သွားစေနိုင်တာပေါ့။ ဒါကြောင့် ပါးစပ်ပိတ်ပြီး အစားအသောက်စားတတ်အောင် လေ့ကျင့်ကြဖို့လိုပါတယ်။

# မစောင့်နိုင်ကြတော့ဘူးလား

**စာချစ်သူ**

"မစောင့်နိုင်ကြတော့ဘူးလား" ဆိုသည့် စာပိုဒ်ကို ရောက်တော့ ဖတ်လက်စ စာအုပ်ကို လက်ကချပြီး အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့်မိ၏။

စိတ်အလျဉ်ကား အတိတ်လွင်ပြင်ဆီသို့ တဖျပ်ဖျပ် လွင့်မျောသွားသည်။ မြင်ကွင်းအချို့ကလည်း ဖျတ်ခနဲ ဖျတ်ခနဲ။ တိတိကျကျ ဆိုရလျှင် လွန်ခဲ့သော ၃၃ နှစ်၊ ၁၉၈၈ ခုနှစ်ပါ။

"ဒီမိုကရေစီရရှိရေး- တို့အရေး၊ တို့အရေး" ၈-၈-၁၉၈၈ ရှစ်လေးလုံးအလွန် နေ့ရက်များတွင် ကြွေးကြော်သံများက ပို၍ ပို၍ တုန်ဟည်းလာသည်။ ဆူပူအုံကြွမှုများကလည်း အတောမသတ်နိုင်။ ပြည်ပအသံလွှင့်ဌာနများက ထုတ်လွှင့်သော လေလှိုင်းထဲက သတင်းများ၊ ခါတော်မီဒီမိုကရေစီသတင်းစာများထဲက သတင်းများကလည်း ဆယ်ကျော်သက်အရွယ် ကျွန်တော်တို့အဖို့မှာ သောတဆင်လို့၊ ဖတ်ရှုလို့ အလွန်ကောင်းလှပါဘိ။

ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၏ သတင်းများကို ကျွန်တော်တို့ နားမဝင်ပါ။ ဟိုတစ်စ ဒီတစ်စကြားရသော မိန့်ခွန်းအပိုင်းအစအချို့ကိုလည်း ဟာသလုပ်ခဲ့၏။ အဆိုးရွားဆုံးအမှားကတော့ သူတို့ပြောသမျှ မုသာဝါဒဟုသာ စိတ်ကစွဲထင်နေခဲ့၏။ မည်သည့်အခါမျှ မိန့်ခွန်းအစ အဆုံးကို အပြည့်အဝနားမထောင်မိခဲ့ပါ။

ဖတ်လက်စ စာအုပ်ကို လက်ကပြန်ကိုင်ပြီး ဆက်လက်ဖတ်ရှုလိုက်တော့ "ကျွန်တော်မိန့်ခွန်းပြောကြားတိုင်း ဆုတောင်းမျှော်လင့်မိသည်မှာ ကျွန်တော်၏စကားများအား ပြည်သူတို့နားထောင်မိစေဖို့နှင့် နားထောင်မိကလည်း ပြောစကားများအပေါ် အချိန်ယူပြီး အေးဆေးစွာ စဉ်းစားဆင်ခြင်ကာ ပြန်လည်တုံ့ပြန်နိုင်ရေးပင်ဖြစ်ခဲ့သည်။ ကျွန်တော်ပြည်သူတို့ထံ ပြောဆိုခဲ့သောစကားများသည် ပကတိ သစ္စာစကားများပင်ဖြစ်ခဲ့သည်"ဟု စာရေးသူက မေတ္တာသစ္စာအပြည့်ဖြင့် ဆိုပါသည်။

ကျွန်တော့်လက်ထဲရှိ ဖတ်လက်စစာအုပ်ကား ၁၉၈၈ ရှစ်လေးလုံးအရေးအခင်း နှောင်းပိုင်းကာလတွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာမောင်မောင်ကိုယ်တိုင်ရေးသားခဲ့သော "မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း" သမိုင်းမှတ်တမ်း စာအုပ်ပေတည်း။


**မျက်စိတစ်ဖက်၊ နားတစ်ဖက်နှင့် ခရီးရှည်ကြီးလျှောက်လှမ်း**

စာရေးသူ မေတ္တာရပ်ခံသကဲ့သို့ ယခုအေးဆေးစွာပြန်လည်ဖတ်ရှုရင်း စဉ်းစားဆင်ခြင်ကြည့်တော့ ထိုစဉ်က မိမိတို့သည် မျက်စိတစ်ဖက်၊ နားတစ်ဖက်တည်းနှင့် ခရီးရှည်ကြီးတစ်ခုကို လျှောက်လှမ်းခဲ့မိကြပါကော။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဥက္ကဋ္ဌရာထူးလက်ခံစဉ်က ပါတီဗဟိုကော်မတီသို့ ဒေါက်တာမောင်မောင်ပြောကြားခဲ့သော မိန့်ခွန်းကို ယခုမှ ကျွန်တော်သေချာစေ့ငုစွာ ဖတ်ရှုလိုက်တော့.......

"ဗဟိုကော်မတီဝင်များခင်ဗျား၊

ပြည်သူတွေနဲ့လက်တွဲပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိပါသေးတယ်၊ သွားစရာခရီးရှည်ပါသေးတယ်၊ ပြောဟော၊ သူမှား၊ ငါမှား အငြင်းပွားနေလို့ အကျိုးမထူးပါဘူး။ တလူလူတက်နေတဲ့ ပြည်သူ့မျှော်လင့်ချက်တွေ အကုန်အစုံ ချက်ချင်း ဖြည့်ဆည်းမပေးနိုင်တောင်မှ ကျယ်ကျယ်ပြန့်ပြန့် အေးချမ်းစွာ လေ့လာစုံစမ်းပြီး တရားမျှတတဲ့ ပြည်သူ့ဆန္ဒတွေထဲက အမြန်ဆုံး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်တာတွေကို ဖြည့်ဆည်းပေးရပါမယ်'' ဟု တွေ့မြင်




ဖတ်ရှုလိုက်ရသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ ညနေပိုင်းတွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်အစီအစဉ်တို့မှ တစ်ဆင့် ပြည်သူလူထုထံသို့ ပြောကြားခဲ့သော မိန့်ခွန်းတွင်-

"ပြည်သူ ပြည်သားအပေါင်းတို့ ခင်ဗျာ-----

တစ်ပါတီစနစ်ကို ဆက်လက်ကျင့်သုံးမလား၊

ပါတီစုံစနစ်ကို ပြောင်းပြီး ကျင့်သုံးကြမလား

ဆိုတာနဲ့ပတ်သက်ပြီး ပြည်သူ့ဆန္ဒ ခံယူရေးကိစ္စကို ပြောလိုပါတယ်။

ဒီကိစ္စကို ပါတီဥက္ကဋ္ဌကြီးကပဲ ဇူလိုင်လက ကျင်းပခဲ့တဲ့ အရေးပေါ် ပါတီညီလာခံမှာ ဖွင့်ပေးခဲ့တာပါ။ အကြောင်းကြောင်းပေါင်းပြီး တစ်ပါတီစနစ်ကြိုက်လား၊ ပါတီစုံစနစ်ကြိုက်သလား ပြည်သူ့ဆန္ဒ ကျယ်ကျယ်ပြန့်ပြန့် ခံယူကြဖို့ကို ညီလာခံက လက်မခံခဲ့ပါဘူး။

အဲဒီတော့ နိုင်ငံအကျိုး၊ အများပြည်သူအကျိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ရှေ့ထားပြီး ကျွန်တော်တို့ ဒီလိုစီစဉ်ဆောင်ရွက်ကြပါတယ်။

အရေးပေါ်ပါတီညီလာခံ အမြန်ဆုံး ပြန်ခေါ်ပါမယ်၊ ပြည်သူ့ဆန္ဒခံယူရေးကိစ္စကို ပြန်တင်ပါမယ်၊ တစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့် အနှံ့အပြားက ကိုယ်စားလှယ်တွေကို ခေါ်ရမှာမို့ နောက်နှစ်ပတ်၊ သုံးပတ်အတွင်း ဖြစ်အောင်ခေါ်ပါမယ်။ ပြည်သူ့ဆန္ဒခံယူဖို့ သဘောမတူဘူး ဆုံးဖြတ်ခဲ့ရင် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေ အားလုံးက မိမိတို့တာဝန်မှ နုတ်ထွက်ကြပြီး ပါတီဝင်အဖြစ်မှလည်း အနားယူကြပါမယ်။

ပြည်သူတွေက တစ်ပါတီစနစ်ကို ပြင်လိုက်ပါ၊ ပါတီစုံစနစ်ကို လက်ခံတယ်ဆိုလာရင် ပြည်သူ့လွှတ်တော် အမြန်ခေါ်၊ ပါတီစုံစနစ်ကို ပြဋ္ဌာန်း၊ ကျန်ရှိသေးတဲ့ လွှတ်တော်သက်တမ်းကို လျှော့ပေါ့၊ ပါတီစုံ ပါဝင်ယှဉ်ပြိုင်ကြမယ့် အထွေထွေရွေးကောက်ပွဲတွေကို ကျင်းပပေးဖို့ လုပ်ပါမယ်။ အဲဒီရွေးကောက်ပွဲတွေကို ကြီးကြပ်ဖို့ ကော်မရှင်မှာလည်း ပြည်သူတွေအဆိုပြုတဲ့၊ အများလေးစားတဲ့ ပုဂ္ဂိုလ်များကို ညှိနှိုင်းထည့်သွင်းပေးပါမယ်" ဟု ပြောကြားခဲ့သည်။

> **"ပြည်သူတွေနဲ့လက်တွဲပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိပါသေးတယ်၊ သွားစရာခရီးရှည်ပါသေးတယ်၊ ပြောဟော၊ သူမှား၊ ငါမှား အငြင်းပွားနေလို့ အကျိုးမထူးပါဘူး။ တလူလူတက်နေတဲ့ ပြည်သူ့မျှော်လင့်ချက်တွေ အကုန်အစုံ ချက်ချင်း ဖြည့်ဆည်းမပေးနိုင်တောင်မှ ကျယ်ကျယ်ပြန့်ပြန့် အေးချမ်းစွာ လေ့လာစုံစမ်းပြီး တရားမျှတတဲ့ ပြည်သူ့ဆန္ဒတွေထဲက အမြန်ဆုံး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်တာတွေကို ဖြည့်ဆည်းပေးရပါမယ်''ဟု တွေ့မြင်ဖတ်ရှုလိုက်ရ**

ထို့အတူ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုမှတစ်ဆင့် ပြည်သူလူထုထံ ထပ်မံပြောကြားခဲ့သော မိန့်ခွန်းတွင် "ပြင်စရာရှိရင်တော့ ပြင်ရမှာပေါ့၊ ပြင်သင့်ရင် ပြင်ချင်လို့ပဲ ပါတီစုံကိစ္စကို ပါတီညီလာခံမှာ ဇူလိုင်လက ဖွင့်ပေးခဲ့တာပါ။ အဲဒီမတိုင်ခင်က ဘယ်သူကမှ ဒီကိစ္စကို သတိရတာ၊ တောင်းဆိုတာ မရှိခဲ့ပါဘူး။

**ပြည်သူအများစုရဲ့ စစ်မှန်တဲ့ဆန္ဒ**

ပြည်သူ့ဆန္ဒခံယူပွဲမှာ၊ ရွေးကောက်ပွဲတွေမှာ လွတ်လပ်တရားမျှတမယ်သာဆိုရင် ပြည်သူအများစုရဲ့ စစ်မှန်တဲ့ဆန္ဒ ပေါ်လွင်ထင်ရှားလာမှာပါ။ အဲဒီလို ပေါ်လွင်ထင်ရှားလာသည်အထိ မစောင့်နိုင်ကြတော့ဘူးလား။

ဒါကြောင့် အခြေခံဥပဒေကို ဖျက်ပါ။ လွှတ်တော်ကို ဖျက်ပါ၊ ကောင်စီတွေဖျက်ပါ၊ ကြားဖြတ်အစိုးရဖွဲ့ပါဆိုတာတွေက ဘယ်နည်းကို တောင်းဆိုနေကြတာပါလဲ။ ရှင်းရှင်း၊ လက်တွေ့ကျကျ၊ ပြည်သူတွေ နားလည်အောင် တင်ပြကြဖို့လိုပါတယ်" ဟု ပြောကြားခဲ့သည်ကို ဖတ်ရှုရပြန်ပါသည်။

တစ်ဆက်တည်းမှာပင် " ပြည်သူ့ဝန်ထမ်းတွေ၊ သယ်ယူပို့ဆောင်ရေးဝန်ထမ်းတွေ၊ ဘဏ်ဝန်ထမ်းတွေ အားလုံးအလုပ်ခွင်ပြန်ဝင်ကြပြီး ပြည်သူ့အကျိုးကို သယ်ပိုးကြပါ။ ပြည်သူတွေ စားဝတ်နေရေး ကျပ်တည်း၊ သွားလာရေး ခက်ခဲနေကြပါပြီ။ ဝန်ထမ်းတွေ ဆန္ဒအလျောက်ပဲဖြစ်စေ၊ မလွှဲမရှောင်သာလို့ပဲဖြစ်စေ ဆန္ဒပြကြရာမှာ ပါကြ၊ စာတမ်းတွေတင်ခဲ့ကြတာကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ အရေးမယူပါဘူး၊ နောင်အခါမှာတော့ စည်းကမ်းရှိရှိ၊ တာဝန်သိသိ၊ ဖြောင့်မတ်တည်ကြည်စွာ ဌာနတာဝန်ကို ထမ်းဆောင်ကြပါ။ ပြည်သူ့အကျိုးကို ပြုနိုင်ကြအောင်၊ ပြည်သူ့ဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ကြအောင် ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူ့ရဲများကိုလည်း ပြည်သူတွေက ကူညီကြပါ" ဟု ပြောကြားခဲ့၏။

ထို့အပြင် စာရေးသူ နိုင်ငံတော်သမ္မတ(ငြိမ်း) ဒေါက်တာမောင်မောင်သည် ထိုစဉ်က သူ၏ စိတ်ခံစားချက်နှင့် ခေတ်သမိုင်းအဖြစ်သနစ်တို့ကိုလည်း ရေးသားခဲ့ပြန်၏။

"သူတို့မှ ကျွန်တော့်အား အပြောင်အပျက် နာမည်များဖြင့် စတင်ခေါ်ဆို ထိုးနှက်လာစဉ်က ကျွန်တော်စိတ်အနည်းငယ်ထိခိုက်ခဲ့သည်။ သို့သော်လည်း နားလည်ခွင့်လွှတ်ပေးလိုက်ပါသည်။ "မောင်မောင် ငါတို့ကို ဒီမိုကရေစီချက်ချင်းပေး" ဟူ၍ ကလေးများက ချီတက်လမ်းလျှောက်ကာ သံပြိုင်အော်ကြသည်။ သူတို့ တောင်းဆိုသည့် ဒီမိုကရေစီဟူသောအရာသည် ကျွန်တော်၏ အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ယူပြီး သူတို့တောင်းဆိုသလို ချက်ချင်းလက်ငင်းပေးနိုင်ခဲ့ရင် ဘယ်လောက်များကောင်းလိမ့်မတုန်း၊ ဒါဆိုရင်လည်း ပြဿနာအားလုံး တစ်ခါတည်း ပြီးပြတ်သွားလိမ့်မည်ဟူ၍ ကျွန်တော်တွေးတောမိသည်။

"ကျွန်တော်တို့ကတော့ နိုင်ငံတော်ကို တစ်လှမ်းပြီးတစ်လှမ်း၊ တစ်ဆင့်ချင်းတစ်ဆင့် ဘာပဲဖြစ်ပါစေ ပြည်သူတို့လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ အရောက်ပို့ဆောင်နိုင်ရေး ဆုံးဖြတ်ချက်ချပြီးသားဖြစ်သည်။

"ဒီမိုကရေစီဟူသည့် စကားလုံးသည်လည်း ဖက်ရှင်တစ်ခုသဖွယ် ဆောင်ပုဒ်တစ်ခုလိုလို အစွဲအလမ်းတစ်ခုပမာဖြင့် ကျွန်တော်တို့နိုင်ငံတွင် တစ်ခါမှမကြားဖူးသည့် စကားသစ်ဆန်းယောင်ယောင်ရေပန်းစားနေတော့သည်။ ရန်ကုန်မြို့တွင်း စားသောက်ဆိုင်တစ်ခုမှ ယခင်က "ဆိုရှယ်လစ်ကြက်ဆီထမင်း" ရောင်းကောင်းခဲ့ရာမှ "ဒီမိုကရေစီ ကြက်ဆီထမင်း" ဟူ၍ အမည်ပြောင်းလိုက်သည်။ ထမင်းတွင်ပါဝင်သည့် စားဖွယ်အမည်များ ဘာမျှမပြောင်းလဲသော်လည်း မတည်ငြိမ်မှု၊ ဆူပူဆန္ဒပြမှုတို့ကြောင့် ရောင်းဈေးကတော့ တက်သွားခဲ့လေပြီ" ဟူ၍ ရေးသားခဲ့သည်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ နံနက်ခင်းတွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးအပေါ်အစည်းအဝေးကို စတင်ကျင်းပခဲ့သည်။

*စာမျက်နှာ ၂၃သို့*

# ရှာင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုများကို မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကြည့်ရှုအားပေး

ရှာင် မတ် ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ အသက် ၁၈ နှစ်ပြည့်ပြီး ရဟန်းသံဃာများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ယမန်နေ့မှ စတင်၍ ရွှေပေါ်ကျွန်းပရိယတ္တိစာသင်တိုက်၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမင်းဇော်ဟိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။(ယာပုံ)



ကာကွယ်ဆေးထိုးနှံရာတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၇၀၀)မှ ဗိုလ်ကြီးမြင့်သူဦးဆောင်သောအဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက ကာကွယ်ဆေးထိုးနှံမည့်သူများအား ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာလျှင် ကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်သည်။

ရှာင်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ထိုးနှံပေးရာ ကာကွယ်ဆေးသည် နှစ်ကြိမ်ထိုးနှံရမည်ဖြစ်ပြီး ပထမအကြိမ်ထိုးနှံပြီးပါက လေးပတ်အကြာတွင် ဒုတိယအကြိမ်အဖြစ် ဆက်လက် ထိုးနှံရမည်ဖြစ်သည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်ဒေသ ရေရရှိရေး ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကာ ကျေးလက်ဒေသ ရေရရှိရေးအတွက် ဆောင်ရွက်မည့် ကျွန်းကြီး ကျေးရွာအုပ်စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ထီးလှိုင်ကျေးရွာ အုပ်စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် နန်းခုံကျေးရွာ အုပ်စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ အား စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ကျေးရွာလုပ်ငန်းကော်မတီများက လက်ခံယူကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်မြို့တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိ

တာချီလိတ် မတ် ၁၃

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း တတိယနေ့ကို ယနေ့နံနက် ၉ နာရီမှစ၍ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို မတ် ၁၁ ရက်မှ စတင်ထိုးနှံခဲ့ရာ ပထမနေ့တွင် ၁၁၂၃ ဦး၊ ဒုတိယနေ့တွင် ၁၂၉၇ ဦး စုစုပေါင်း ၂၄၂၀ ထိုးနှံပြီးကြောင်း၊ မတ် ၁၆ ရက်အထိ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို တပ်မတော်ဆေးတပ်ရင်းတပ်ဖွဲ့များမှ ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ထိုးနှံရာတွင် နေ့စဉ်နံနက် ၉ နာရီမှစတင်၍ မတ် ၁၆ ရက်အထိ ခရိုင်ပြည်သူ့ဆေးရုံတွင် ကာကွယ်ဆေးကို ထိုးနှံပေးမည်ဖြစ်ပြီး ရပ်ကွက်နေပြည်သူများအနေဖြင့် အသက် ၁၈ နှစ်နှင့်အထက် မည်သူမဆို စာရင်းပေးသွင်းကာ အခမဲ့လာရောက်ထိုးနှံနိုင်ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



*စာမျက်နှာ ၂၂ မှ*

နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က နိဂုံးချုပ်မိန့်ခွန်းတွင် "ပါတီညီလာခံကိုယ်စားလှယ်များက တစ်ပါတီစနစ်ကို ဆက်လက်ထားရှိမည်လား၊ ပါတီစုံစနစ်ကိုပဲ ပြောင်းကြတော့မည်လားဆိုတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မူလပြဋ္ဌာန်းချက်ကို ပြည်သူတွေ ပြန်လည်စဉ်းစားနိုင်ကြဖို့၊ ပြည်သူ့ဆန္ဒခံယူကြဖို့ အခြေအနေမပေးတော့ပါဘူး။

ပြည်သူတွေလည်း ဒီပြဿနာနဲ့ပဲ အစားဆင်းရဲ၊ အနေဆင်းရဲဖြစ်ကြရပြီ။ ဒါကြောင့် ပါတီစုံစနစ်နဲ့ အထွေထွေရွေးကောက်ပွဲများကို အမြန်ဆုံးကျင်းပပေးသင့်ပါတယ်လို့ ဆုံးဖြတ်တာဟာလည်း ပြည်သူ့အကျိုးကို ပါတီရဲ့အကျိုးထက် အလေးအနက်ထားကြတာ ထင်ရှားပါတယ်။

ပါတီညီလာခံက ဆုံးဖြတ်လိုက်ကြတဲ့အတိုင်း နက်ဖြန်မှာ ကျင်းပမယ့် ပြည်သူ့လွှတ်တော်မှာ ပါတီစုံဒီမိုကရေစီစနစ်သို့ လွှဲပြောင်းစမ်းသပ်ကျင့်သုံးနိုင်ဖို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူကြပါမယ်။


**ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဆုံးဖြတ်**

ပြီးတာနဲ့ ပါတီစုံပါဝင်ယှဉ်ပြိုင်ကြမယ့် အထွေထွေရွေးကောက်ပွဲကြီးကို အမြန်ဆုံး၊ အမျှတဆုံး၊ အလွတ်လပ်ဆုံးဖြစ်အောင် ကျင်းပပေးနိုင်ကြဖို့ စီစဉ်ထားပါတယ်" ဟုပြောကြားခဲ့၏။ ထိုစဉ်က ကျင်းပခဲ့သော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် တစ်ပါတီစနစ်ကြိုက်လား၊ ပါတီစုံစနစ်ကြိုက်သလားဟူသည့် ပြည်သူ့ဆန္ဒခံယူပွဲအစား ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို သုံးလအတွင်း ကျင်းပပေးမည်ဟု ဆုံးဖြတ်ကြေညာပြီး ရွေးကောက်ပွဲကော်မရှင်ကို ရွေးချယ်တာဝန်ပေးအပ်လိုက်လေသည်။

အရေးပေါ်အစည်းအဝေးအပြီးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားရာတွင် -

"ဒီနေ့ ပြည်သူ့လွှတ်တော်က တစ်ပါတီမူကိုကျော်ပြီး ပါတီစုံဒီမိုကရေစီစနစ်နဲ့ အထွေထွေရွေးကောက်ပွဲများ အမြန်ဆုံးကျင်းပပေးဖို့ ဆုံးဖြတ်လိုက်ကြပါပြီ။

ဒီဆုံးဖြတ်ချက်ဟာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်မယ့် ဆုံးဖြတ်ချက်ပါ။ ဆုံးဖြတ်ချက် မှန်၏၊ မှား၏ကိုလည်း သမိုင်းကပဲ နောင်အနှစ် ၂၀၊ ၂၅ နှစ်ကြာလောက်တော့မှ အဖြေပေးမှာပါ။




ကျွန်တော်တို့ဝမ်းနည်းရတာတွေ အချို့ကတော့ ဒီမိုကရေစီ ဆိုပြီး နိုင်ငံတော်အလံကို ဇောက်ထိုးလွှင့်ကြတာတွေ၊ ခြေနဲ့နင်းကြ တာတွေ၊ ပြည်သူတွေ ဝါးထရံနောက်ကွယ်မှာ နေ့-ည စိုးစိုးရိမ်ရိမ်နေကြရတာတွေ၊ အစားဆင်းရဲ၊ အနေဆင်းရဲဖြစ်နေကြရတာတွေ၊ လမ်းပန်းအဆက်အသွယ်တွေ ပြတ်တောက်ပြီး၊ စားနပ်ရိက္ခာတွေ စားသုံးသူပြည်သူထံ ချောမောစွာ သက်ဆင်းခြင်းမရှိတာတွေ၊ ကျောင်းသားတွေ ငြိမ်းချမ်းစွာ ပညာသင်နိုင်တဲ့ အခြေအနေမရှိတော့ဘဲ လမ်းပေါ်မှာ ဆန္ဒပြနေကြတာတွေ၊ ဝန်ထမ်းတွေ ဆန္ဒပြနေကြလို့ ပြည်သူတွေ ခက်ခဲဆင်းရဲနေကြတာတွေ၊ လူကြီးတွေကို သူတို့ရဲ့ မိသားစုပါ မကျန်အောင် ရုန့်ရင်းကြမ်းတမ်းစွာ မဟုတ်မမှန် ပုတ်ခတ်နေကြတာတွေ စတာတွေပါပဲ။ တာဝန်သိတဲ့ နိုင်ငံရေးခေါင်းဆောင်များကတော့ ဒီလိုဒေါသတွေ နှိုးဆွပေးကြမည်မဟုတ်ပါဘူး။ စည်းကမ်းရှိကြဖို့၊ ဒီမိုကရေစီဆိုတာ ကိုယ်ထင်ရာ ကိုယ်လုပ်ပိုင်ခွင့်မဟုတ်ဘူး၊ ယဉ်ကျေးသိမ်မွေ့ရတယ်။ သူတစ်ပါးရဲ့ ဆန္ဒကိုလည်း လေးစားရတယ်လို့ ပြောဆိုဆုံးမကြမှာပါ။ သို့ပေမယ့် စိတ်တက်ကြွနေတဲ့ လူထုကြီးကို နှိုးဆွဖို့ လွယ်တယ်။ ဖျောင်းဖျဖို့ ခက်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား... လွှတ်တော်ရဲ့သက်တမ်းကို လိုသလိုလျှော့ပေါ့ပေးပြီး သုံးလအတွင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးဖို့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးပါပြီ။

ဘယ်ဒီမိုကရေစီနိုင်ငံမှာမှ လွှတ်တော်ကို အခုလိုသက်တမ်းလျှော့ပြီး ရွေးကောက်ပွဲတွေ လုပ်ပေးရုံမက လက်ရှိအစိုးရပိုင်းက ပုဂ္ဂိုလ်တွေအားလုံး ရွေးကောက်ပွဲမဝင်ဘဲ အသစ်တက်လာမယ့်အဖွဲ့ကို လွှဲပေးဖို့မရှိပါဘူး။ ထွက်သွားလျှင်လည်း တစ်ယောက်နှစ်ယောက်ပေါ့။ ဒီလိုလုပ်တာဟာ ကျွန်တော်တို့ ကြောက်ရွံ့စိုးရိမ်လို့ မဟုတ်ပါဘူး။ ပြည်သူ့အပေါ် မေတ္တာအမှန်ထားလို့၊ တရားဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းစွာ တာဝန်လွှဲပြောင်းပေးတဲ့ အစဉ်အလာခိုင်မာစေချင်လို့၊ နားနားနေနေ နေချိန်တန်လို့၊ ကိုယ့်ထက်ငယ်ရွယ်တက်ကြွ ကျန်းမာတဲ့သူတွေကို ပခုံးပြောင်းပေးချင်လို့ ဖြစ်ပါတယ်။

နောင်တစ်နေ့မှာ အမှန်ကို ရှာပြီး မျှမျှတတ မြန်မာ့သမိုင်းရေးကြမယ့် သမိုင်းဆရာများက ဒီနေ့ ဒီလွှတ်တော်ကိုယ်စားလှယ်တွေကို မေ့ကြမှာ မဟုတ်ပါဘူး။ တအံ့တသြ၊ ချီးကျူးဂုဏ်ပြုမော်ကွန်းတင်ကြမှာပါ" ဟူ၍ ပြောကြားခဲ့၏။

လွန်ခဲ့သည့် (၃၃) နှစ်၊ မိမိတို့ဆယ်ကျော်သက်အရွယ်က နားမဝင်၊ အလေးမထား၊ သတိမမူခဲ့သော နိုင်ငံခေါင်းဆောင်တစ်ဦး၏ ပြောစကားမိန့်ခွန်းတို့ကို ပစ္စက္ခ ဆင်ခြင်တုံတရားရှိလာသည့် အသက်အရွယ်တွင် အေးဆေးစွာ ဆင်ခြင်ဖတ်ရှုမိလေတော့ သမိုင်းသင်ခန်းစာယူစရာများက ရင်နှင့်အပြည့်။

ပထမတွဲ၊ ဒုတိယတွဲပါ သီးခြားစာပိုဒ်နှစ်ပိုဒ်ကိုလည်း အနုသန္ဓေဆက်စပ်ကြည့်ပြန်တော့ "နိုင်ငံရေးဟူသည်ကား ဖြစ်နိုင်ခြေရှိသည်ကို ဆောင်ရွက်ခြင်း ပညာရပ်ဖြစ်လေရာ...မစောင့်နိုင်ကြတော့ဘူးလား" ဟု တွေ့မြင်လိုက်ရပါ၏။

**သမိုင်းသင်ခန်းစာယူစရာများ**

ဖတ်ရင်းစဉ်းစား၊ စဉ်းစားရင်းဆင်ခြင်၊ ဆင်ခြင်ရင်း ဆက်ဖတ်နှင့် အစအဆုံးဖတ်ရှုပြီးတော့ အချိန်ကား ည (၈) နာရီပင်ထိုးလုပြီ။ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ည (၈) နာရီသတင်းလည်း လာလုပြီ။ တီဗွီကိုဖွင့်လိုက်တော့ အနီးဝန်းကျင်တစ်ခို နေအိမ်အချို့ဆီက "ဒေါင်ဒေါင် ဒေါင်ဒေါင်၊ ဒုန်းဒုန်း ဒုန်းဒုန်း၊ အုန်းအုန်း အုန်းအုန်း" ဟူသော သံချောင်းခေါက်သံ၊ ပုံးတီးသံများကလည်း အချိန်ကိုက်ထွက်ပေါ်လာလေ၏။ သတင်းကြေညာချက်များကို မနည်းအားစိုက်နားသောတ ဆင်ရပါတော့၏။ ။

# အပြုံးပန်းတွေနဲ့ မှန်ကန်စွာ ဆက်လက်လျှောက်လှမ်း

ကိုဇော်

ရုံးနားရက် စနေနေ့မှာ စကားဝိုင်းဖွဲ့ဆုံနေကျ လက်ဖက်ရည်ဆိုင်ကို ချိန်းထားတဲ့အချိန်ထက် စောရောက်နေတာနဲ့ ဖုန်းသုံးရင်း သူငယ်ချင်းတွေကို စောင့်နေလိုက်တယ်။ ငယ်ရွယ်စဉ်ကတော့ သီချင်းကောင်းလေးတွေ ဖွင့်ပေးတဲ့၊ ညဘက် ဘောလုံးပွဲပြတဲ့ လက်ဖက်ရည်ဆိုင်ကိုသာ ရွေးချယ်ထိုင်ခဲ့ပေမယ့် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကတည်းက လက်ဖက်ရည်အရသာနဲ့ အစားအသောက်လက်ရာကောင်းပြီး နားအေးပါးအေး စကားဖောင်ဖွဲ့လို့ရတဲ့ဆိုင်ကိုသာ ဦးစားပေး ထိုင်ဖြစ်ခဲ့တယ်။

## ဆွေးနွေးခြင်းက အကောင်းဆုံးနည်းလမ်း

လူဆိုတာကလည်း ဆင်းရဲ၊ ချမ်းသာမရွေး စိတ်ဖိစီးမှုဆိုတာ ရှိစမြဲပါ။ လမ်းဘေးမှာ တောင်းရမ်းစားသောက်နေရသူလည်း မရှိခြင်းကြောင့် စိတ်ဖိစီးမှုရှိရသလို ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေမှာလည်း စိတ်ဖိစီးမှုက ရှောင်လွှဲလို့ရတဲ့ကိစ္စမဟုတ်။ စိတ်ဖိစီးမှုနည်းဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေကြရာမှာ ကုန်ကျစရိတ်နည်းပြီး စကားဝိုင်းဖွဲ့ ဆွေးနွေးငြင်းခုံခြင်းက လူငယ်လူရွယ်တွေအတွက် အကောင်းဆုံးနည်းလမ်းပါပဲ။

လက်ဖက်ရည်ဆိုင်ရဲ့ နေရိပ်တဲ့ အပင်ရိပ်အောက်မှာ ဖုန်းသုံးနေတဲ့ ကျွန်တော့်ကို စားပွဲထိုးညီလေးက 'အစ်ကို အိမ်မပြန်ဘူးလား' လို့ မေးရင်းမှာထားတဲ့ လက်ဖက်ရည် ကျဆိမ့်ခွက်လေးကို ကျွန်တော့်အား လှမ်းအပေးမှာ 'နေဦး မင်းက ဘာလို့ အဲဒီလိုမေးတာတုံး' လို့ပြန်ပြောလိုက်တယ်။ လက်ဖက်ရည်ခွက်ပေးပြီးပေမယ့် ပြောင်နေတဲ့ စားပွဲပေါ်ကို ထပ်ခါထပ်ခါ အဝတ်နဲ့ပွတ်ရင်း 'အစ်ကိုနဲ့အတူဆိုင်ထိုင်နေတဲ့ ဟိုအစ်ကိုကြီးတွေက အိမ်ပြန်သွားကြလို့ မေးကြည့်တာ'လို့ ထပ်မေးပြန်တယ်။

ရေနွေးကြမ်းငှဲ့နေတုန်း ချိန်းထားတဲ့ သူငယ်ချင်းက ရောက်လာတယ်။ 'မောင်မျိုးက လာမှာမဟုတ်ဘူး၊ ဒီကောင် အိမ်ပြန်မယ်လို့ ငါ့ကို ဖုန်းဆက်တယ်'လို့ ကျွန်တော့်ကိုပြောရင်း 'ငါ့ကို ချိုကျတစ်ခွက်လို့' စားပွဲထိုးလေးကို မှာလိုက်တယ်။ ကျွန်တော်ကလည်း 'မင်းနိုင်လည်း လာမှာမဟုတ်ဘူး၊ ပြီးမှပြောပြမယ်၊ ခုနက စားပွဲထိုးလေး မေးတာကိုလည်း ငါရှင်းသွားပြီ' လို့ ပြောတော့ ကျွန်တော့်သူငယ်ချင်းကလည်း ကျွန်တော် ပြောတာကို သဘောမပေါက်ဘဲ 'ဘာကိုလဲ ကိုဇော်' ဆိုပြီး ကျွန်တော့်အတွက်ယူလာတဲ့ မုန့်ထုပ်ကို လှမ်းပေးတယ်။ 'ခုနက စားပွဲထိုးလေးက ငါ့ကို အိမ်မပြန်ဘူးလားလို့' မေးတာကွာ။ အခု မင်းပြောတော့မှ ရှင်းသွားပြီ။

မောင်မျိုးဆိုတာက ကျွန်တော်တို့ ဝန်ထမ်းစဖြစ်ကတည်းက လုပ်ငန်းခွင်အတူတူဝင်တဲ့ သူငယ်ချင်း။ မကြာမီရက်ပိုင်းက Civil Disobedience Movement (CDM) မှာ ပါဝင်သွားသူ။ မင်းနိုင်ကတော့ CDM မလုပ်ဘဲ အလုပ်မှာ ထွက်စာတင်ပြီး သူ့နယ်မြို့လေးက မိဘအိမ်ကို ပြန်သွားသူ။ အခု လက်ဖက်ရည်စကားဝိုင်းမှာတော့ သူငယ်ချင်းလေးဦး ရှိရာမှာ နှစ်ယောက်သာ ဆုံနိုင်တော့တဲ့ အနေအထား။ 'ချိုကျ ရပါပြီဗျာ' ဆိုပြီး ရယ်ကျဲကျဲနဲ့ လက်ဖက်ရည်ခွက် လာချပေးရင်း စားပွဲဝိုင်းနားရစ်သီရစ်သီလုပ်နေတဲ့ စားပွဲထိုးလေးနဲ့ဆိုရင်တော့ စကားဝိုင်းက သုံးယောက်လို့ ပြောရမှာပဲ။

'အေးကွာ၊ မောင်မျိုးနဲ့ မင်းနိုင်တို့ကို နှမြောမိတယ်။ တစ်ယောက်က CDM လုပ်လို့ အလုပ်ပြုတ်တယ်၊ တစ်ယောက်က မလုပ်ချင်လို့ အလုပ်ထွက်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အနေအထားတစ်ခုတော့ ပျက်သွားတာပေါ့ကွာ'လို့ ကျွန်တော်က ပြောတဲ့အခါ သူငယ်ချင်းက 'ကိုယ့်သမိုင်း ကိုယ်ရေးကြတာပဲ၊ ဘာမှ စိတ်ထဲဖြစ်မနေနဲ့၊ ဟိုကောင် CDM လုပ်တာ နိုင်ငံတွေ၊ အုပ်ချုပ်တဲ့အစိုးရတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်သာ လျှောက်ပြောနေတာ။ တကယ်တမ်းကျ နိုင်ငံရေးလည်း ဂဃနဏ နကန်းတစ်လုံးမှ မသိဘဲ အွန်လိုင်းသတင်းတွေကိုယုံပြီး CDM လုပ်တာပါကွာ။ မင်းလည်း သိလျက်သားနဲ့ CDM စလုပ်ခါစမှာ တစ်ပတ်ခွင့်ယူပြီး ဟိုယောင်ယောင်ဒီယောင်ယောင်လုပ်တယ်။ ခွင့်ယူထားတဲ့ ရက်တွေမှာ အားတဲ့အချိန်တိုင်း အွန်လိုင်းက သတင်းတွေပဲဖတ်ပြီး ညဏ်ဘယ်လောက်တိမ်သွားသလဲဆိုရင် MRTV သတင်းကို ဖြတ်ညှပ်ကပ်လုပ်တာတွေကအစ ယုံပြီး ညဘက် အိုးခွက်တွေ အသံမြည်အောင် တီးလိုက်၊ တစ်နေကုန် သပိတ်အဖွဲ့နဲ့ ဝေလေလေလုပ်လိုက်။ စကားကို ပြောလို့အဆင်မပြေတော့တာ ကိုဇော်အသိပဲလေ' ဆိုပြီး မောင်မျိုးအကြောင်းကို ပြောပြတယ်။

**"ကျွန်တော်တို့ စကားဝိုင်းက သူငယ်ချင်းဖြစ်သူတွေအတွက် စိတ်မကောင်းခြင်း၊ အားမရခြင်းတို့အကြောင်း ပြောဆိုရင်းနဲ့ အသံနှုန်းကလည်း မသိမသာမြင့်လာခဲ့တာကြောင့် ဘေးဘယ်ညာစားပွဲဝိုင်းတွေကလည်း ကျွန်တော်တို့ဆီ နားစွင့်နေကြတာကို သတိပြုလိုက်မိတယ်။ အနားမှာ လက်ကလေးနောက်ပစ်ရင်း နားထောင်နေတဲ့ စားပွဲထိုးလေးကို 'မင်း ခုနက ငါ့ကို အိမ်မပြန်ဘူးလားလို့ မေးတယ် မဟုတ်လား။ ရုံးပိတ်ရက်ကျရင် ငါ အိမ်ပြန်မှာပါ။ ဒါပေမယ့် ငါ့သူငယ်ချင်းတွေလို CDM လုပ်လို့ အလုပ်ပြုတ်လို့၊ အစိုးရကို မကြိုက်လို့ အလုပ်ထွက်လို့ ပြန်တာမျိုးတော့ မဟုတ်ဘူးပေါ့ကွာ။ မိဘအိမ်ကို ဂုဏ်သိက္ခာရှိရှိ၊ အပြုံးမပျက်ဘဲ ပြန်မှာ။ ကိုဗစ်ကြောင့် အမေနဲ့ အဖေဆီ မပြန်ရတာကြာပြီလေကွာ၊ မိဘတွေကို ကန်တော့ဖို့ အိမ်ကိုပြန်မှာ၊ ဟုတ်ပြီလား' လို့ ပြန်ဖြေလိုက်တယ်။ စားပွဲထိုးလေးက 'အစ်ကိုတို့ အလုပ်တွေမထွက်ဘဲ ဝင်ငွေရှိနေမှ ကျွန်တော်တို့ဆိုင်ကို လာမှာ။ အစ်ကိုတို့လာပြီး စားသောက်မှ ကျွန်တော်တို့ဆိုင်လည်း ရောင်းအားကောင်းမှာ။ ရောင်းအားမကောင်းလို့ ဆိုင်ပိတ်လိုက်ရင် ကျွန်တော်တို့လည်း အလုပ်ပြုတ်မယ်၊ ရွာကအမေတို့ကိုလည်း ပိုက်ဆံပြန်မပို့နိုင်ရင် အကုန် ဒုက္ခရောက်ကြမှာ' ဆိုပြီး သူ့ညာဏ်မီသလောက် ပြန်ပြောပြတယ်"**

## ဂုဏ်သိက္ခာရှိရှိ၊ အပြုံးမပျက်

ကျွန်တော်တို့ စကားဝိုင်းက သူငယ်ချင်းဖြစ်သူတွေအတွက် စိတ်မကောင်းခြင်း၊ အားမရခြင်းတို့အကြောင်း ပြောဆိုရင်းနဲ့ အသံနှုန်းကလည်း မသိမသာမြင့်လာခဲ့တာကြောင့်ဘေးဘယ်ညာစားပွဲဝိုင်းတွေကလည်း ကျွန်တော်တို့ဆီ နားစွင့်နေကြတာကို သတိပြုလိုက်မိတယ်။ အနားမှာ လက်ကလေး နောက်ပစ်ရင်း နားထောင်နေတဲ့ စားပွဲထိုးလေးကို 'မင်း ခုနက ငါ့ကို အိမ်မပြန်ဘူးလားလို့ မေးတယ် မဟုတ်လား။ ရုံးပိတ်ရက်ကျရင် ငါ အိမ်ပြန်မှာပါ။ ဒါပေမယ့် ငါ့သူငယ်ချင်းတွေလို CDM လုပ်လို့ အလုပ်ပြုတ်လို့၊ အစိုးရကို မကြိုက်လို့ အလုပ်ထွက်လို့ ပြန်တာမျိုးတော့ မဟုတ်ဘူးပေါ့ကွာ။ မိဘအိမ်ကို ဂုဏ်သိက္ခာရှိရှိ၊ အပြုံးမပျက်ဘဲ ပြန်မှာ။ ကိုဗစ်ကြောင့် အမေနဲ့ အဖေဆီ မပြန်ရတာ ကြာပြီလေကွာ၊ မိဘတွေကို ကန်တော့ဖို့ အိမ်ကိုပြန်မှာ၊ ဟုတ်ပြီလား' လို့ ပြန်ဖြေလိုက်တယ်။ စားပွဲထိုးလေးက 'အစ်ကိုတို့ အလုပ်တွေမထွက်ဘဲ ဝင်ငွေရှိနေမှ ကျွန်တော်တို့ဆိုင်ကို လာမှာ။ အစ်ကိုတို့လာပြီး စားသောက်မှ ကျွန်တော်တို့ ဆိုင်လည်း ရောင်းအားကောင်းမှာ။ ရောင်းအားမကောင်းလို့ ဆိုင်ပိတ်လိုက်ရင် ကျွန်တော်တို့လည်း အလုပ်ပြုတ်မယ်၊ ရွာကအမေတို့ကိုလည်း ပိုက်ဆံပြန်မပို့နိုင်ရင် အကုန်ဒုက္ခရောက်ကြမှာ' ဆိုပြီး သူ့ညာဏ်မီသလောက် ပြန်ပြောပြတယ်။

CDM လုပ်လို့ အလုပ်ပြုတ်သွားတဲ့ မောင်မျိုးဆိုတာကလည်း 'တစ်ပတ်လောက် CDM လုပ်ပြီး ရုံးပြန် တက်တယ်။ နှစ်ပတ်လောက် ရုံးပြန်တက်ပြီး CDM ထပ်ပြန်လုပ်တယ်။ ဌာနကနေ စာထုတ်ပြီး ရုံးပြန်တက်ဖို့ခေါ်ပေမယ့်လည်း CDM ကြိုးကိုင်သူတွေရဲ့ ဖိအားကို မလွန်ဆန်နိုင်ဘဲ တရားမဝင်အဖွဲ့အစည်းတွေရဲ့ ခြိမ်းခြောက်မှုဒဏ်တွေကြောင့် လုပ်ဖော်ကိုင်ဖက်၊ ဆရာသမားတွေအပေါ် ရိုင်းပျစွာ တုံ့ပြန်တဲ့အထိ အခြေအနေ ဖြစ်ခဲ့ရတယ်။ နောက်ဆုံးမှာတော့ ဝန်ထမ်းဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ခုံဖွဲ့စစ်ဆေးဆုံးဖြတ်ပြီးမှသာ အရေးယူအပြစ်ပေးတဲ့ အနေနဲ့ အလုပ်ကနေ ထုတ်ပယ်ခြင်း ခံလိုက်ရတာပါပဲ။

လတ်တလော မြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်မှာ အလုပ်ပြုတ်တဲ့ သူငယ်ချင်းမောင်မျိုးနဲ့ အလုပ်ထွက်သွားတဲ့ သူငယ်ချင်းမင်းနိုင်တို့ နှစ်ယောက်စလုံးအတွက် စိတ်မကောင်းဖြစ်ရပေမယ့် မင်းနိုင်ကိုတော့ အထင်ကြီးလေးစားတယ်လို့ ပြောလို့ရတယ်။ မောင်မျိုးကတော့ ကိုယ်တိုင်ဆင်ခြင်ဆုံးဖြတ်နိုင်မှု မလုပ်ဘဲ ဝေလေလေ သံယောင်တွေနောက် လိုက်ခဲ့တာကြောင့် တစ်ဖက်ကမ္ဘာကို ရောက်သွားတဲ့ သူစိမ်းတစ်ယောက်ကဲ့သို့ ခံစားလိုက်ရတယ်။ မင်းနိုင်ကတော့ အစကတည်းက ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲရှိသူဖြစ်တာကြောင့် လက်ရှိပြောင်းလဲမှုဖြစ်စဉ်ကို လက်မခံနိုင်ဘူး၊ ဆက်ပြီး အလုပ်မလုပ်နိုင်ဘူးဆိုတဲ့ ခံယူချက်ထားပြီး သူ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ဂုဏ်သိက္ခာရှိရှိ အလုပ်ကနေ နုတ်ထွက်သွားတာကြောင့် အလုပ်ပြုတ်သွားတဲ့ဝေလေလေ CDM ဝန်ထမ်းသူငယ်ချင်း မောင်မျိုးထက် မင်းနိုင်ကို ပိုပြီးလေးစားမိတာတော့ အမှန်ပါပဲ။

## မှန်ကန်တဲ့လမ်း ဆက်လက်လျှောက်လှမ်း

အလုပ်ပြုတ်သွားတဲ့သူငယ်ချင်းကော၊ အလုပ်ထွက်သွားတဲ့သူငယ်ချင်းကော သူတို့နဲ့သာ ပြန်ဆုံဖြစ်ရင် ကိုယ့်ရဲ့မိသားစုအတွက် ပိုပြီးဦးစားပေးပါ၊ ကိုယ့်အပေါ် ကောင်းတဲ့သူတွေအတွက် ကြိုးစားပြီး နေထိုင်ပေးပါ၊ နာကျင်မှုနဲ့ မအောင်မြင်မှုတွေကို ခံစားမနေပါနဲ့၊ ဖြေသိမ့်တတ်ပါစေလို့ ပြောချင်ပါသေးတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး အရောင်မပါဘဲ၊ ချစ်ခင်မှုအရင်းခံနဲ့ အမြန်ဆုံး ပြန်လည်ဆုံစည်းကြရပြီး အပြုံးပန်းတွေနဲ့ မှန်ကန်တဲ့လမ်းကို ဆက်လက်လျှောက်လှမ်းရပါစေကြောင်း သောက်လက်စ လက်ဖက်ရည်ကို အဆုံးသတ်ပြီး စနေလက်ဖက်ရည်စကားဝိုင်းမှ စိတ်ရင်းမှန်၊ ယုံကြည်ခြင်းများနဲ့ ဆန္ဒပြုဆုတောင်းလိုက်ရပါတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း အများပြည်သူအသုံးပြုသည့် လမ်းမကြီးများအား အတားအဆီးများဖြင့် လမ်းပိတ်ဆို့ကာ ထိုင်သပိတ်ပြုလုပ်

**နေပြည်တော် မတ် ၁၃**

ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် အများပြည်သူအသုံးပြုသည့် လမ်းမကြီးများတွင် ဝါးကပ်များ၊ သစ်မြစ်ဆုံများ၊ ကားတာယာများအား အသုံးပြုကာ အတားအဆီးများအခိုင်အမာပြုလုပ်၍ ထိုင်သပိတ်ပြုလုပ်ဆောင်ရွက်နေကြောင်း နေရာဒေသအချို့တွင် တွေ့ရှိရသည်။

ရန်ကုန် - ညောင်တုန်း သွားကားလမ်းမရှိ အောင်ဇေယျတံတားအဆင်း (၁)ထိပ်မှတ်တိုင်တွင် အင်းစိန်မြို့နယ်ဘက်သို့ သွားလာနိုင်မှုမရှိအောင် အတားအဆီးနေရာ (၄)နေရာ ပြုလုပ်ပြီး မင်းမင်း (ဘ) စိစစ်ဆဲ၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာအနောက်ပိုင်းနေသူ ဦးဆောင်၍ နံနက် ၁၀ နာရီခန့်တွင် အင်အား ၁၀၀ ခန့်ဖြင့် လည်းကောင်း၊ နေ့လယ် ၁၂ နာရီ မိနစ် ၂၀ အချိန်ခန့်တွင် အင်အား ၂၅၀ ခန့်လည်းကောင်း ထိုင်သပိတ်များပြုလုပ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် အောင်ဇေယျတံတားအဆင်းနှင့် (၃)ထိပ်လမ်းဆုံရှိ အင်အား ၅၀၀ ခန့်သည် လူစုကွဲသွားခဲ့သည်။

ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံနေရာတွင် သားဇော်(ခ)ခင်မောင်ဇော်၊ (ဘ) ဦးသိန်းအောင်၊ လှိုင်သာယာအရှေ့ပိုင်း ဦးဆောင်သည့် အင်အား ၁၀၀ ခန့်ဖြင့် အတားအဆီးများချထားပိတ်ဆို့နေပြီး နေ့လယ် ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် အမှတ်(၇) ရပ်ကွက်ဘက်ခြမ်းတွင် အင်အား ၂၀၀ ခန့်၊ အမှတ်(၈)ရပ်ကွက်ဘက်ခြမ်းတွင် အင်အား ၂၀၀ ခန့်ဖြင့် ထိုင်သပိတ်များပြုလုပ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် အင်အား ၄၀၀ ခန့် လူစုကွဲသွားခဲ့သည်။

ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဦးပုညလမ်းဆုံနေရာတွင် ဦးကေသရ ညောင်တစ်ပင်ကျောင်း (၂၁) ရပ်ကွက် လှိုင်သာယာအနောက်ပိုင်း ဦးဆောင်သည့် အင်အား ၁၀၀ ဖြင့် လမ်းပိတ်ဆို့ကာ ထိုင်သပိတ်ပြုလုပ်ခဲ့ပြီး ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့သည်။

လှိုင်သာယာမြို့နယ် အမှတ်(၆) ရပ်ကွက် ကျန်စစ်သားလမ်း ဈေးလေးမှတ်တိုင်တွင် ခေါင်းဆောင် (စိစစ်ဆဲ) ဦးဆောင်ပြီး အင်အား ၁၀၀ ခန့်သည် လမ်းပိတ်ဆို့၍ ထိုင်သပိတ်ပြုလုပ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် လူစုကွဲသွားခဲ့သည်။



ဆူပူဆန္ဒပြသူလူအုပ်စုများအနေဖြင့် ပြည်သူလူထုသွားလာမှု ခက်ခဲအောင် လမ်းကြောင်းပိတ်ဆို့ခြင်းများ ဆောင်ရွက်မှုအတွက် အများပြည်သူလူထုအနေဖြင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်းများ ဖြစ်ပေါ်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေမှုအား ကန့်ကွက်ရှုတ်ချပြီး ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်ပေးစေလိုသည့် သဘောများရှိလာကြကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# CDM လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းထားသော အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ ကြို့ကုန်းမီးရထားဝန်ထမ်းအိမ်ရာ၊ နံ့သာကုန်းရပ်ကွက်မီးရထားဝန်ထမ်းအိမ်ရာနှင့် လှိုင်မြို့နယ် မီးရထားဝန်ထမ်းအိမ်ရာတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အေးချမ်းတည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသောအုပ်စုများက အုပ်ချုပ်ရေး ယန္တရားပျက်ပြားစေရန် ရည်ရွယ်ကာ ဖေဖော်ဝါရီ ၄ ရက်မှစ၍ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသော ပစ်မှတ်များအဖြစ် မီးရထားလမ်းများအား ပိတ်ဆို့ခြင်း၊ ကားလမ်းများအား ပိတ်ဆို့တားဆီးခြင်းများအပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ အဓိကကျသော မီးရထားဝန်ထမ်းများအား CDM တွင် ပါဝင်စေ၍ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ ရပ်တန့်သွားစေရန် အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**အေးချမ်းတည်ငြိမ်စွာထိန်းသိမ်း**

ထိုသို့ နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ရပ်တန့်အောင် ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်အုပ်စုများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် CDM တွင် ပါဝင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မလွကုန်းမီးရထားဘူတာဝင်းကို မတ် ၁၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက သွားရောက်ညှိနှိုင်း ရှင်းလင်းပြီး အေးချမ်းတည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့ကြောင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။



အဖျက်အမှောင့်သမားများ၏ CDM လုပ်ဆောင်ရန်နည်းမျိုးစုံဖြင့် ဖိအားပေး စည်းရုံးသိမ်းသွင်းခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ ကြို့ကုန်းမီးရထားဝန်ထမ်းအိမ်ရာ၊ နံ့သာကုန်းရပ်ကွက်မီးရထားဝန်ထမ်း အိမ်ရာနှင့် လှိုင်မြို့နယ်မီးရထားဝန်ထမ်းအိမ်ရာတို့ရှိ အချို့သောဝန်ထမ်းများသည် CDM တွင်ပါဝင်ခဲ့ကြောင်း သိရှိရသည်။ ထိုကဲ့သို့ CDM တွင် ပါဝင်ခဲ့သည့် ဝန်ထမ်းများအား ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက သွားရောက်၍ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပြီး အေးချမ်းတည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ CDM တွင် ပါဝင်ခဲ့သည့် ဝန်ထမ်းမိသားစုများနှင့် ဆွေးနွေးညှိနှိုင်းမှုများအရ မီးရထားဝင်းအသီးသီးတွင် ပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်းကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဝန်ထမ်းအချို့မှာ အဖျက်အမှောင့်သမားများ၏ ဝါဒဖြန့်ချိမှုများ၊ ကောလာဟလသတင်းများကြောင့် ပြင်ပသို့ ထွက်ခွာသွားခဲ့သော်လည်း အများစုမှာ လက်ရှိနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများတွင် နေထိုင်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဝန်ထမ်းများ၏ လုံခြုံရေးနှင့် လိုအပ်သည့်အကူအညီများကို တာဝန်ရှိသူများက ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်း**

လူမှုကွန်ရက်များနှင့် ငင်းမီဒီယာများပေါ်မှ သတင်းမှားများ လုပ်ကြံဖန်တီးမှုများကြောင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားကို အလွန်အကျွံသုံးစွဲဖြေရှင်းကြောင်း၊ ဝေဖန်စွပ်စွဲမှုများ ရှိနေသော်လည်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဆူပူအကြမ်းဖက်မှုများ ဖြေရှင်းရာတွင် အကြမ်းဖက်လူအုပ်စု၏ လုပ်ဆောင်ချက်ပေါ်မူတည်၍ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှုလက်စွဲနှင့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ရဲအရာရှိကြီး တစ်ဦး၏ နေအိမ်ကို ခာတ်ဆီပုလင်းအား မီးရှို့၍ လာရောက်ပစ်ခတ်

**နေပြည်တော် မတ် ၁၃**

၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက် နေ့လယ် ၁ နာရီ ၅၅ မိနစ်အချိန်ခန့်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် ၂၈ x ၆၅ လမ်းထောင့်ရှိ ရဲအရာရှိကြီး တစ်ဦးတည်းနေထိုင်သည့် နေအိမ်သို့ ဆိုင်ကယ် စီးနင်းလာသော လူနှစ်ဦး (စိစစ်ဆဲ)က ခာတ်ဆီ ပုလင်းကို မီးရှို့၍ ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။

ထပ်မံ၍ နေ့လယ် ၂ နာရီခန့်တွင် ယာဉ်မောင်း (စိစစ်ဆဲ) သည် WISH အဖြူရောင်ယာဉ် အား မောင်းနှင်လာကာ ခာတ်ဆီပုလင်းကို မီးရှို့၍ ထပ်မံပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ၎င်းယာဉ်မှာ ၆၅ လမ်းအတိုင်း လမ်း ၃၀ ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဆူပူသူအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကဲ့သို့ ကျူးလွန်ဆောင်ရွက်မှုများအား ထိထိရောက်ရောက်ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုများအား ခြောက်လှန့်ပစ်ခတ်လူစုခွဲ

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးကို အလွန်အမင်းထိခိုက်စေရန် ဆောင်ရွက်နေသူများအနေဖြင့် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုပုံစံသို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

၂၀၂၁ ခုနှစ် မတ် ၁၃ ရက် မွန်းလွဲပိုင်း ၃ နာရီ မိနစ် ၃၀ ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူ များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်း ကျွန်းတောရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ရောက်ရှိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ၎င်းနေရာသို့ ရောက်ရှိစဉ် လမ်းမကြီးပေါ်တွင် အတားအဆီးများအား အခိုင်အမာနီးပါး ပြုလုပ်၍ လမ်းကို ပိတ်ဆို့ထားသည်ကို တွေ့ရှိရ၍ ဖယ်ရှားရှင်းလင်းနေစဉ် ကျွန်းတောရပ်ကွက်၊ ကျွန်းတော(၁)လမ်းထိပ်မှ ဆူပူသူလူစုလူဝေးများက လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြု ပစ်ခတ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိုသို့အကြမ်းဖက်ရန်ပြုဆောင်ရွက်လာမှုကြောင့် အမိန့်ကရုဏ်း နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ပစ်ခတ်လူစုခွဲခဲ့ရာ ညနေပိုင်း ၃ နာရီ ၅၀ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ပြီး ပတ်ဝန်းကျင်အား ရှင်းလင်းစဉ် အသင့်ပြုလုပ်ထားရှိသော ဓာတ်ဆီပုလင်းများနှင့် "စစ်အစိုးရမှ ခန့်အပ်ထားသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အလိုမရှိ" စာသားပါ ဆိုင်းဘုတ်များအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



၎င်းဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား(၂)ဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့ပြီး အမျိုးသား(၅)ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရကာ ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ရေးနှင့် သေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ သေမှုသေခင်း ရေးဖွင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားပါသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြို့မရဲစခန်းအား လူစုလူဝေးဖြင့် ဝိုင်းဝန်းရန်ပြုအကြမ်းဖက်၍ ရဲစခန်းသို့ဝင်ရောက်စီးနင်းရန် ကြိုးစားသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်ဆန့်ကျင်ရေး လူစုလူဝေးများအနေဖြင့် မတ် ၁၂ ရက် ညပိုင်းတွင် ညသပိတ်မဖြစ်မနေ ဆင်နွှဲရန်အတွက် လူမှုကွန်ရက် စာမျက်နှာပေါ်တွင် သွေးထိုးလှုံ့ဆော်ခဲ့ပြီး ယင်းနေ့ ညပိုင်းတွင် နေရာဒေသအချို့၌ လူအများအပြားစုဝေး၍ ညသပိတ်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

မတ် ၁၂ ရက် ည ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ မြို့မရဲစခန်း၏ တောင်ဘက် မြင်တော်သာလမ်းမ ဓာတ်ဆီဆိုင် မှတ်တိုင်ဘက်မှ အင်အား ၅၀၀ ခန့်သည် လည်းကောင်း၊ မြောက်ဘက် မြင်တော်သာလမ်းမ စည်ပင်ရုံးဘက်မှ အင်အား ၅၀၀ ခန့်သည် လည်းကောင်း၊ အရှေ့ဘက်ခြမ်း ရေကန်ဘက်မှ အင်အား ၂၀၀ ခန့်သည် လည်းကောင်း၊ အော်ဟစ် ဆူပူခြင်း၊ အရက်မူးယစ်ရမ်းကားသည့် အသံသွင်ပြင်များဖြင့် လည်းကောင်း စုစည်းပြီး သာကေတမြို့မ ရဲစခန်းအား လောက်လေးခွများ၊ ခဲများဖြင့် ပစ်ခတ်ခြင်း၊ ဓာတ်ဆီဆိုင် မှတ်တိုင်ဘက်မှ ဓာတ်ဆီပုလင်းများ၊ မီးကွင်းများ ပစ်ခတ်ခြင်းဖြင့် အကြမ်းဖက်အဖွဲ့အစည်း၏ ဆောင်ရွက်မှုပုံစံအတိုင်း အကြမ်းဖက် လုပ်ဆောင်လာခဲ့သည်။

လုံခြုံရေးရဲတပ်ဖွဲ့ အနေဖြင့် စခန်းပြင်ပသို့ ထွက်ခွာမှုမရှိဘဲ မိမိရဲစခန်းသို့ ဝင်ရောက်စီးနင်းမှု မခံရစေရေး၊ မီးရှို့ဖျက်ဆီးမှုမခံရစေရေးအတွက် တပ်အသင့်ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

အကြမ်းဖက်လူစုလူဝေးများအနေဖြင့် ရဲစခန်း အနီးပတ်ဝန်းကျင်ရှိ မှောင်ရိပ်များအတွင်း စောင့်ဆိုင်းနေကြပြီး လူစုလူဝေးအင်အားအသုံးပြုကာ ရဲစခန်းသို့ အကြမ်းဖက်စီးနင်းဝင်ရောက်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို ည ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် တွေ့ကြုံလာရသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ရဲစခန်းအနီးထိ ရောက်ရှိလာပြီး စခန်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားလာသူလူအုပ်စုမှာ လူစုကွဲသွားခဲ့ကာ အမျိုးသား ၁ဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းဒဏ်ရာရရှိသူအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြစ်စဉ်ပြီးဆုံးချိန် လူစုလူဝေးများ ပြန်လည်ထွက်ခွာသွားရာတွင် ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၂ ဦး(စိစစ်ဆဲ) ပါရှိသွားခဲ့ပြီး ၎င်း ၂ ဦးမှာ မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် သေဆုံးသွားခဲ့သည်ဟု သိရှိရသဖြင့် သေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်း ရေးဖွင့်နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# လှိုင်မြို့နယ်အတွင်း ညပိုင်း နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အစိုးရက ညမထွက်ရ ဒေသန္တရအမိန့် ထုတ်ပြန်ထားရှိသော အရေးပေါ်ကာလအတွင်း ည ၈ နာရီမှ နံနက် ၄ နာရီအထိ သွားလာမှုကန့်သတ်ထားရှိချိန်တွင် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ညစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက် ည ၁၂ နာရီ မိနစ် ၃၀ ခန့်တွင် လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင်(၃)လမ်းအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကင်းလှည့်လည်နေစဉ် ရပ်ကွက်အတွင်းရှိ လူစု လူဝေး ၂၀၀ ခန့်က လေးခွ၊ အုတ်ခဲကျိုး၊ ဓာတ်ဆီဘူးများဖြင့် ပစ်ပေါက်ခြင်းတို့ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၁ နာရီ ၁၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။ ၎င်းဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက် ကမာရွတ်မြို့နယ် ဂရင်းဟန်သာ ဆေးရုံတွင် လှိုင်မြို့နယ်ဘက်မှ လူနာ ၁ ဦး ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မြေပြင်ဆက်သွယ်စုံစမ်းခဲ့ရာ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင်(၃)လမ်းဖြစ်စဉ်မှ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူဖြစ်ကြောင်း သိရှိရကာ ၎င်းလူနာအား မိခင်ဖြစ်သူမှ နေအိမ်ရှိရာ မှော်ဘီသို့ ပြန်လည်ခေါ်ဆောင်သွားစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသဖြင့် သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူ လူစုလူဝေးအား ခြောက်လှန့်ပစ်ခတ် လူစုခွဲ

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသည့် လူစုလူဝေးများအနေဖြင့် NLD ပါတီ၏ နောက်ကွယ်မှ စည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းပေါ်သို့ လူအုပ်စုများ ရောက်ရှိအောင် ဆူပူအကြမ်းဖက်မှု မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု အကြမ်းဖက်မှုများကို တစ်နေ့တခြား ပိုမိုတိုးမြှင့် လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။

မတ်လ ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်၌ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သာယာရပ်ကွက် ရွှေတစ်ချောင်းလမ်းမပေါ်တွင် ဦးဆောင်သူ(စိစစ်ဆဲ) လူစုလူဝေးအင်အား ၅၀၀ ခန့်သည် အများပြည်သူသွားလမ်းမအား အတားအဆီးများဖြင့် ကာရံပိတ်ဆို့ပြီး သွားလာအသုံးပြု၍မရအောင် ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ရှိ ငြိမ်းချမ်းစွာနေထိုင်လိုသူ ပြည်သူလူထုအား အော်ဟစ်ဆဲဆိုခြင်းများ ဆောင်ရွက်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဆူပူဆန္ဒပြ လူစုလူဝေးများအား လူစုခွဲရန် ညှိနှိုင်း ဖြေလျှော့ခဲ့သော်လည်း ဖြေလျှော့နေစဉ် အတွင်းမှာပင် လူစုလူဝေးအတွင်းမှ လောက်လေးခွများ၊ ကျောက်ခဲများ၊ မီးရှူးမီးပန်းများ၊ အက်စစ်ထည့်ထားသော ရေဘူးများဖြင့် ပစ်ခတ်အကြမ်းဖက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရာနံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူ အမျိုးသား ၅ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် လိုအပ်သော ကုသမှုများ ဆောင်ရွက်ရန် တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံအရောက်တွင် အမျိုးသား ၁ ဦး (စိစစ်ဆဲ)မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ သေဆုံးမှုဖြစ်စဉ်အပေါ် သေမှုသေခင်းရေးဖွင့်ကာ လိုအပ်သည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ညောင်တုန်းမြို့နယ်၌ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် လက်လုပ်ဒိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အတွင်း နေရာဒေသအများအပြား၌ လူစုလူဝေးများအတွင်း အသုံးပြုရန်အတွက် "ခါတော်မီ" စီးပွားရေးသမားများက လက်လုပ်ဒေသန္တရပစ္စည်းများကို တီထွင်ရောင်းချနေကြကြောင်း သိရှိရသဖြင့် မတ် ၁၃ ရက် နံနက် ၁၀ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ညောင်တုန်းမြို့နယ်၊ (၉) ရပ်ကွက်နေ ဒေါ်မြင့်အေး(၆၂နှစ်)(ဘ)ဦးဟန်ညွန့်နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်းမှ GXYZ စာသားပါ သံဒိုင်းကာ ၂၇ ခု၊ သံပီပါ အဖုံးအဝိုင်း ၅ ခု၊ အနက်ရောင် သုတ်ဆေးဘူး၊ အဝါ/အဖြူရောင်ပလတ်စတစ်ဦးထုပ် အလုံး၂၀၊ ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံနှင့် "ဖက်ဒရယ်ဒီမိုကရေစီပေါ်ထွန်းရေး ဒို့အရေး" စာသားပါကတ်ထူပြားများကို သိမ်းဆည်းရမိခဲ့သည်။

၎င်းပစ္စည်းများကို သိမ်းဆည်းနေစဉ် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်၌ ဒေသခံပြည်သူ ၃၀ ဦးခန့်က စုဝေးရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူဆန္ဒပြမှုများတွင် အသုံးပြုရန်ရည်ရွယ်ပြုလုပ်ထားရှိသော တရားမဝင်ပစ္စည်းများ လက်ဝယ်ထားရှိသူ ဒေါ်မြင့်အေးနှင့် ၎င်း၏သားဖြစ်သူ နှစ်ဦးတို့အား ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စဉ့်ကူးမြို့၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၀၀ ထုတ်ချေးခဲ့

**စဉ့်ကူး မတ် ၁၃**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၀၀ ထုတ်ချေးပေးကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထုတ်ချေးခြင်းကို စဉ့်ကူးမြို့နယ်အတွင်းရှိ မြသီတာကျေးရွာ၌ မတ် ၁၁ ရက်ကလည်းကောင်း၊ ရွှေဂုံတိုင်(၂)ကျေးရွာ၌ မတ် ၁၂ ရက်ကလည်းကောင်း ဆောင်ရွက်သည်။

အဆိုပါ မြသီတာကျေးရွာနှင့် ရွှေဂုံတိုင်(၂)ကျေးရွာတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကျေးရွာများဖြစ်ပြီး ဒေသခံပြည်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးကို အတိုးနှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကျေးရွာကော်မတီကတစ်ဆင့် ထုတ်ချေးပေးခဲ့ကြောင်း၊ ယင်းကျေးရွာနှစ်ရွာသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ပထမအကြိမ် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ကျေး/လက်)**

---

**မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ**

## ဈေးအမှိုက်ကန်များ ပြည့်လျှံမှုကြောင့် ဈေးဝယ်၊ ဈေးသည်များ အခက်အခဲကြုံ

သို့
**အယ်ဒီတာခင်ဗျာ-**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ရွှေရင်အေးဈေး၊ ပင်လုံဈေး၊ ၁၅ ဈေးနဲ့ ၆ ရပ်ကွက်ဈေးတို့ဟာ ဈေးဝယ်၊ ဈေးသည်နေ့စဉ်များပြားသော ဈေးများဖြစ်ပါတယ်။ ထိုဈေးများနည်းတူ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း)နဲ့ အနောက်ပိုင်းမြို့နယ်တို့မှာလည်း စည်ပင်သာယာဈေးနဲ့ ပုံကျဈေးများစွာလည်း ရှိပါတယ်။

မတ်လ ၁ ရက်နေ့ကစပြီး ရပ်ကွက်ဈေးရုံကြီးများမှာရှိတဲ့ အမှိုက်ကန်များတွင် ဈေးအတွင်းမှ စွန့်ပစ်အမှိုက်များနဲ့ ပုံကျဈေးသည်များ စွန့်ပစ်သောအမှိုက်တို့ကြောင့် အမှိုက်ကန်ပြည့်လျှံကာ လမ်းပေါ်သို့ ပြိုကျလျက်ရှိပါတယ်။ အထူးသဖြင့် နေ့စဉ် ဈေးဝယ်၊ ဈေးသည်နဲ့ စက်ရုံဆင်းအလုပ်သမားအများစုဖြင့်စည်ကားသော ပိတောက်မြိုင်ဈေးအမှိုက်ကန်မှာ စွန့်ပစ်အမှိုက်များ လမ်းပေါ်သို့လျှံကျနေပြီး ဆိုးရွားသောအနံ့အသက်များကို ဈေးဝယ်၊ ဈေးသည်များ ရှူရှိုက်နေရသည်မှာ ကြာပြီ ဖြစ်ပါတယ်။

ထို့နည်းတူ ပိတောက်မြိုင်ဈေးအနီးရှိ ဗညားဒလလမ်းမကြီးပေါ်နှင့် ဖိုးရာဇာလမ်းမကြီးပေါ်မှာရှိသော ရပ်ကွက်အမှိုက်ကန်များမှာလည်း စွန့်ပစ်အမှိုက်များပြည့်လျှံနေမှုကြောင့် အနံ့အသက်များ ပျံ့လွင့်လျက်ရှိပါတယ်။ အမှိုက်ကန်များမှာ လမ်းမကြီးများပေါ်တွင် တည်ရှိပြီး ဝင်လမ်း၊ ထွက်လမ်းကောင်းမွန်လျက်ရှိသောကြောင့် ရပ်ကွက်အတွင်းနှင့် ဈေးနှင့်ကပ်လျက်ရှိသော အမှိုက်ကန်များမှစွန့်ပစ်အမှိုက်များကို တာဝန်ရှိသူများက ယခင်ပုံမှန်သိမ်းဆည်းသည့်ပုံစံအတိုင်း သိမ်းဆည်းပေးနိုင်ပါရန် အယ်ဒီတာထံမှတစ်ဆင့် အကူအညီတောင်းခံအပ်ပါတယ်ခင်ဗျာ။ **ရပ်ကွက်ပြည်သူတစ်ဦး**

---

### အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။ **စာတည်းအဖွဲ့**

---

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၀၁<br>၀၁-၈၃၀၀၀၀၂<br>၀၁-၈၃၀၀၀၀၃<br>၀၁-၈၃၀၀၀၀၄<br>၀၁-၈၃၀၀၀၀၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အင်းတော်မြို့နယ် မန္တလေး- မြစ်ကြီးနားသွား မီးရထားလမ်း မိုင်တိုင်အမှတ် ၅၇၁ မိုင် ၂ ဖာလုံရှိ သဲချောင်းကုန်းတံတားကို သောင်းကျန်းသူ(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့က မိုင်းထောင် ဖောက်ခွဲဖျက်ဆီး



**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရှိ မန္တလေး- မြစ်ကြီးနားသွား မီးရထားလမ်း မိုင်တိုင်အမှတ် ၅၇၁ မိုင် ၂ ဖာလုံရှိ သဲချောင်းကုန်းတံတား၊ တံတားအမှတ်(၄၀၅)ကို မတ် ၁၂ ရက် ည ၁၂ နာရီခန့်တွင် သောင်းကျန်းသူ(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် မီးရထားလမ်း ဇလီဖားတုံး လေးတုံး မီးလောင်ပျက်စီးခဲ့ပြီး ရေလယ်တိုင်အုတ်ခုံ၏ ထိပ်ပိုင်းပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းစဉ် ဆိုင်ကယ်ဘက်ထရီအိုးတစ်လုံးကို ဝိုင်ယာကြိုးဖြင့်တွဲလျက် အနက်ရောင်ဘူးအား တိပ်အဝါဖြင့်ပတ်ထားပြီး တံတားရေလယ်တိုင်နှင့် ဆက်သွယ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။ အဆိုပါတံတားကို သက်ဆိုင်ရာမှ အမြန်ဆုံးပြင်ဆင်ပြီး ပုံမှန်အတိုင်းသွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် အများပြည်သူ ထိတ်လန့်တုန်လှုပ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်

**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆူပူအကြမ်းဖက်သူများအနေဖြင့် အစိုးရလုပ်ငန်းယန္တရားလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်းများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ပိတ်ဆို့ခြင်းများအပါအဝင် အခြားအဖျက်အမှောင့်လုပ်ရပ်များကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်အတွင်း ဆူပူအကြမ်းဖက်လိုသူ လူတစ်စုက ရပ်ကွက်အတွင်း ဝင်ထွက်သွားလာနိုင်သည့် လမ်းများကို သဲအိတ်များဖြင့် ပိတ်ဆို့ခြင်း၊ သုံးညှောင့်သံဆူး အတားအဆီးများ ချထားခြင်း၊ အုတ်ခဲ၊ ကျောက်ခဲများ ချထားခြင်း စသည့်နည်းလမ်းများဖြင့် လမ်းများပိတ်ဆို့၍ ဆူပူဆန္ဒပြခဲ့ကြောင်း သိရသည်။

ယင်းသို့ အများပြည်သူ အသုံးပြုလျက်ရှိသော လမ်းများကို ပိတ်ဆို့ပြီး ဆူပူဆန္ဒပြမှုများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်စဉ် ဆူပူအကြမ်းဖက်သူများက ငြောသံပေးအော်ဟစ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်မီးခိုးဗုံးများ၊ လောင်ကျွမ်းပေါက်ကွဲစေတတ်သော မီးရှို့ထားသည့် ခွာတ်ဆီပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ Air Short gun ၊ လက်လုပ်သေနတ်များ၊ တုတ်၊ ဓားများ၊ ဂျင်ကလိများ၊ လေးခွများဖြင့် ပစ်ခတ်၍ အကြမ်းဖက်လူအုပ်စု(Anarchy Mob )အသွင်သို့ ဦးတည်ဆောင်ရွက်ချက်များကို တွေ့ရှိရသည်။



ထိုကဲ့သို့ အကြမ်းဖက် လူအုပ်စု(Anarchy Mob)အသွင်သို့ ဦးတည်ဆောင်ရွက်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပိတ်ဆို့ထားသည့် အတားအဆီးများအား အဆင့်ဆင့် ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများအသုံးပြုခဲ့သည့် သံဒိုင်းများ၊ သံတုတ်များ၊ ဂျင်ကလိများ၊ ဓားရှည်များ၊ လက်လုပ်မိုင်းများအား သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်ဆူပူမှုများ ထပ်မံဖြစ်ပွားမှုမရှိစေရေး ဆူပူဆန္ဒပြသူများ၏ စုရပ်အဖြစ် သတ်မှတ်ထားသည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများ အသုံးပြုသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခဲသီးအသုံးပြုပစ်ခတ်နိုင်သည့် သေနတ်များ၊ ကျည်ကာအင်္ကျီများ၊ မီးသတ်ဆေးဘူးများ၊ ဝါးဆစ်မိုင်းများ၊ တိပ်များဖြင့် ပတ်ထားသော လက်လုပ်မိုင်းများ၊ ဒိုင်းကာများ၊ တုတ်၊ ဓားများအား ထပ်မံ၍သိမ်းဆည်း ရမိခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများ အနက်မှ အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၉ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမျိုးသား ၄ ဦး၊ အမျိုးသမီး ၁ ဦးတို့မှာ ဒဏ်ရာရရှိခဲ့သဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆူပူဆန္ဒပြသူ လူတစ်စုအနေဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားကို ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများကိုလည်း ဖိအားပေးခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများကို ဆောင်ရွက်ခြင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများလုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အသက်အန္တရာယ်ခြိမ်းခြောက်သည်အထိ မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်လူအုပ်စု (Anarchy Mob )အသွင်သို့ ဦးတည်ဆောင်ရွက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဆူပူအကြမ်းဖက်လူစုလူဝေးများတွင် အသုံးပြုရန် ရည်ရွယ်ပေးပို့သော ဓားများသိမ်းဆည်းရမိ



**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်ဆန့်ကျင်ရေး အစုအဝေးများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်ရာတွင် ထိခိုက်သေကျေစေနိုင်သည့် လက်လုပ်မိုင်းများ၊ ဂျင်ကလိများ၊ လက်လုပ် Gas သေနတ်များကို အသုံးပြု၍ အကြမ်းဖက်ပြုမူဆောင်ရွက်လာကြသည်ကို တွေ့ရှိနေရသည်။

၂၀၂၂ ခုနှစ် မတ် ၁၃ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လက်ဆည်ကန်ကျေးရွာ၌ အများပြည်သူ ခရီးသွားလာမှုများ လုံခြုံချောမွေ့စေရေးအတွက် ယာဉ်များသွားလာမှုအား စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်သို့ ယာဉ်မောင်းဆန်းအေး (၅၂)နှစ်၊ ဗမာ/ဗုဒ္ဓ၊(ဘ)ဦးညွန့်၊စိန်(၁)ရပ်ကွက်၊ ဘားအံမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်မျိုးထွန်း(၂၇)နှစ်(ဘ)ဦးမြဦး၊ ဝမ်းတွင်းမြို့နယ်နေသူ လိုက်ပါလာသော 1R/1593(ရွှေစင်) ခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ကိုဖြိုး(ရန်ကုန်)၊ အောင်ဇော် ထွန်း(လှိုင်မြို့နယ်)၊ ရှိုင်းလင်းထက်(ရန်ကုန်မြို့) အစရှိသည့် အမည်၊ ဖုန်းနံပါတ်၊ လိပ်စာများပါ ဆာလာအိတ်(၃)အိတ်အတွင်းမှ အရှည် ၂ပေ/၃ ပေခန့်ရှိဓားမျိုးစုံ ၈၁ ချောင်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်းပစ္စည်းများကို ပျော်ဘွယ်မြို့ မိုးဟိန်းကားဂိတ် ဂိတ်မှူးဖြစ်သူက တင်ဆောင်ပေးလိုက်ကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်သည့်အုပ်စု၏ နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းနေသည့် NLD ပါတီ၏ နိုင်ငံတော်အား အကြမ်းဖက်လက်နက်ကိုင်ဆောင်၍ ကြံစည်ကြိုးစားလာမှုများအတွက် နိုင်ငံတော်အေးချမ်းသာယာမှုကို လိုလားသူများက ကြိုတင်သတင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

ပရီမီယာလိဂ်

# လာမယ့်နှစ် ချန်ပီယံလိဂ် ဝင်ခွင့်အတွက် အာဆင်နယ်ကို အနိုင်ကစားရတော့မယ့် စပါး

■ မိုးဇက် – စုစည်းသည်

**ယနေ့တနင်္ဂနွေနေ့ ပရီမီယာလိဂ်ပွဲစဉ် (၂၈) မှာ အသင်းကြီးတွေဖြစ်တဲ့ လက်စတာ၊ အာဆင်နယ်၊ စပါး၊ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ လက်စတာအသင်းက ရှက်ဖီးလ်အသင်း၊ အာဆင်နယ်က စပါးအသင်း၊ မန်ယူက ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး အမှတ်ပြည့် ရယူသွားနိုင်မလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

### အာဆင်နယ်နှင့် စပါး

ပရီမီယာလိဂ်ပွဲစဉ် (၂၈) မှ အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ကို ယနေ့ည ၁၁ နာရီမှာ အာဆင်နယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ စပါးအိမ်ကွင်းမှာတော့ စပါးအသင်းက ဆွန်ဟောင်မင်၊ ကိန်းတို့ရဲ့ သွင်းဂိုးတွေနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပါတယ်။ စပါးအသင်းက ဟယ်ရီကိန်း၊ ဘေးလ်တို့ ခြေစွမ်းပြသထားနိုင်တာကြောင့် ပုံစံကောင်းရရှိနေပါတယ်။ အာဆင်နယ်အသင်းက ပြီးခဲ့တဲ့ လေးပွဲမှာ နိုင်ပွဲသုံးပွဲနဲ့ သရေတစ်ပွဲကျထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေတာ တွေ့ရတယ်။ ဒါ့အပြင် အာဆင်နယ်အသင်း အနေနဲ့ မတ်၁၉ရက်မှာယူရိုပါလိဂ်ဒုတိယအကျော့ပွဲစဉ်အဖြစ် အိုလံပီယာကော့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ယနေ့ပွဲစဉ်မှာ လူစုံထုတ်လာမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

စပါးအသင်းကလည်း ပြီးခဲ့တဲ့ ငါးပွဲမှာ ငါးပွဲစလုံး နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းကောင်းမွန်နေပါတယ်။ အမှတ်ပေးဇယားမှာ စပါးအသင်းက ၂၇ ပွဲ ကစားပြီး ၄၅ မှတ်နဲ့ အာဆင်နယ်အသင်းအထက်မှာ ရပ်တည်နေပါတယ်။ စပါးအသင်းအနေနဲ့ လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် ယနေ့ပွဲစဉ်အပါအဝင် လာမယ့်ပွဲစဉ်များကို အမှား ခံလို့ မရတော့ပေ။ ဒါကြောင့် စပါးအသင်းအနေနဲ့ ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာပါ။ စပါးအသင်းကလည်း ယခုပွဲစဉ်ပြီးရင် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဒိုင်နမိုဇာဂရက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ ရှိတာကြောင့် ယနေ့ပွဲစဉ်ကို လူစုံထုတ်လာမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ စပါးအသင်းမှ ကိန်းသည် ပရီမီယာလိဂ် ၂၅ ပွဲမှာ ၁၆ ဂိုး သွင်းယူထားနိုင်ပြီး ၁၃ ကြိမ်အထိ ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်တာကြောင့် ယနေ့ပွဲစဉ်မှာ အဆိုပါ ကစားသမားရဲ့ ခြေစွမ်းကို စောင့်ကြည့်သွားရမယ်။

### မန်ယူနှင့် ဝက်စ်ဟမ်း

မန်ယူအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို မတ် ၁၅ ရက် နံနက် ၁ နာရီ ၄၅ မိနစ်မှာ မန်ယူအိမ်ကွင်း၌ ကျင်းပသွားမှာ ဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ လက်ရှိခြေစွမ်းက ပြီးခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာနိုင်ပြီး လေးပွဲအထိ သရေကျထားတာကြောင့် အားရစရာ မရှိပါဘူး။ မန်ယူအသင်းက ယခုပွဲစဉ်မတိုင်မီ ယူရိုပါလိဂ်မှာ အေစီမီလန်အသင်းနဲ့ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ဝက်စ်ဟမ်းအသင်းက ကြားပွဲကစားထားရခြင်း မရှိတာကြောင့် ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် အားစိုက်ကစားလာမှာပါ။ မန်ယူအသင်းကလည်း ဦးဆောင်သူ မန်စီးတီးအသင်းနဲ့ ရမှတ်ကွာဟမှု လျှော့ချနိုင်ရန်အတွက် ယနေ့ပွဲစဉ်ကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ မန်ယူအသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ မန်စီးတီးအသင်းပြီးရင် ဒုတိယ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရှိနေသော်လည်း ပြီးခဲ့တဲ့ ငါးပွဲမှာ သုံးဂိုးသာ သွင်းယူထားနိုင်တာကို တွေ့ရတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ မန်စီးတီးအသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပေမယ့် ပြီးခဲ့တဲ့ လိဒ်စ်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ ဒါ့အပြင် လာမယ့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် အသေအချာပြင်ဆင်လာမှာပါ။ မန်ယူအသင်းအနေနဲ့လည်း ဦးဆောင်သူ မန်စီးတီးအသင်းကို ဆက်လက်ဖိအားပေးနိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ မထင်မှတ်ဘဲ သရေကျနိုင်ပေမယ့် မန်ယူအသင်း အမှတ်ပြည့်ရယူသွားဖွယ်ရှိနေပါတယ်။

### လက်စတာအသင်းနှင့် ရှက်ဖီးလ်

လက်စတာအသင်းနဲ့ ရှက်ဖီးလ်အသင်းတို့ ပွဲစဉ်ကို ယနေ့ည ၈ နာရီခွဲမှာ လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ လက်စတာအသင်းရဲ့ လက်ရှိခြေစွမ်းက ပြီးခဲ့တဲ့လေးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတာကြောင့် အကျဘက်ဦးတည်နေပါတယ်။ ဒါပေမယ့် အဆင့် (၄) နေရာမှ ချယ်ဆီးအသင်းနဲ့ ရမှတ်ကွာဟမှု သုံးမှတ်သာရှိတာကြောင့် ယနေ့ပွဲစဉ်ကို နိုင်ပွဲရရှိအောင် အားစိုက်ကစားလာမှာပါ။ ရှက်ဖီးလ်အသင်းက ပြီးခဲ့တဲ့ငါးပွဲမှာ တစ်ပွဲနိုင်ပြီး လေးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ အမှတ်ပေးဇယားမှာ ၂၈ ပွဲကစား ပြီး ၁၄ မှတ်နဲ့ အောက်ဆုံးမှာ ရပ်တည်နေပါတယ်။ မည်သို့ပင်ဆိုစေ နိုင်ပွဲရရှိရေး ဦးတည်လာမယ့် လက်စတာအသင်းအနေနဲ့ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ဖို့ကြိုးစားလာမယ့် ရှက်ဖီးလ်ကို အနိုင်ရရှိနိုင်ပါတယ်။

### ဆောက်သမ်တန်နှင့် ဘရိုက်တန်

ဆောက်သမ်တန်နဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်ကို ယနေ့ည ၆ နာရီခွဲမှာ ဆောက်သမ်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းက ရှက်ဖီးလ်အသင်းကို နှစ်ဂိုး– ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားသော်လည်း ပြီးခဲ့တဲ့ မန်စီးအသင်းနဲ့ပွဲစဉ်မှာ ငါးဂိုး–နှစ်ဂိုးနဲ့ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ ဘရိုက်တန်အသင်းကလည်း ပြီးခဲ့တဲ့ ခြောက်ပွဲမှာ နိုင်ပွဲရယူထားနိုင်ခြင်းမရှိဘဲ နှစ်ပွဲသရေနဲ့ လေးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ဆောက်သမ်တန်အသင်းက ၂၈ ပွဲကစားပြီး ၃၃ မှတ်နဲ့ ဘရိုက်တန်အသင်းအထက်မှာ ရပ်တည်နေပါတယ်။ ဒါကြောင့် ခြေစွမ်းကျဆင်းနေတဲ့ အသင်းနှစ်သင်း ဆုံတွေ့နေတာကြောင့် ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## နယူးကာဆယ်နှင့် ဗီလာ တစ်မှတ်စီခွဲယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် နယူးကာဆယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်ကို မတ် ၁၃ ရက် နံနက်ပိုင်းက နယူးကာဆယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရန်အတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ သို့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်းတွင် အနိုင်ရရှိရေးအတွက် နှစ်သင်းစလုံးလူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း မိနစ် ၈၀ ကျော်သည်အထိ သွင်းဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိချေ။ ပွဲချိန် ၈၆ မိနစ်တွင် နယူးကာဆယ်အသင်းမှ ကလက်ခ်က ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ အက်စ်တွန်ဗီလာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲချိန်ပြီးခါနီးတွင် နယူးကာဆယ်အသင်း ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို မာဖီ၏ ဖန်တီးပေးမှုမှတစ်ဆင့် လပ်စ်ဆဲလက်စ်က သွင်းယူပေးနိုင်ခဲ့သည်။




## ရာမို့စ်အသင်းတွင် ဆက်ရှိရန် မသေချာကြောင်း ရီးရဲမက်ဒရစ်နည်းပြဇီဒန်းပြောကြား

ရီးရဲမက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် အသင်းခေါင်းဆောင် ရာမို့စ် အနေဖြင့် အသင်းတွင် ဆက်ရှိရန် မသေချာကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် (၃၄နှစ်) အရွယ်ရှိ ရာမို့စ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်တွင် ဆီဗီလာအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား လေးကြိမ်နှင့် လာလီဂါဖလား ငါးကြိမ် ဆွတ်ခူးထားနိုင်သည်။ ထို့အပြင် ရာမို့စ်သည် အသင်းအတွက် ပြိုင်ပွဲစုံ ၆၆၈ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၁၀၀ သွင်းယူပေးထားနိုင်သည်။

## စပီဇီရာကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ အတ္တလန္တာ

အီတလီစီးရီးအေပွဲစဉ် (၂၇) အဖြစ် အတ္တလန္တာအသင်းနှင့် စပီဇီရာအသင်းတို့ပွဲစဉ်ကို မတ် ၁၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အတ္တလန္တာအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အတ္တလန္တာအသင်းအတွက် ဂိုးများကို ပါဆာလစ်၊ မူရီရယ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

### ခြောက်မှတ်သာ ကွာဟ

အတ္တလန္တာ အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် စီးရီးအေ ၂၇ ပွဲ ကစားပြီးချိန်တွင် ဂျူဗင်တပ်စ်အသင်းနှင့် ရမှတ် ၅၂ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည်။ စပီဇီရာအသင်း က ယနေ့ပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် ၂၇ ပွဲကစားပြီး တန်းဆင်းဇုန်မှ တိုရီနိုအသင်းနှင့် ခြောက်မှတ်သာ ကွာဟတော့သည်။

ထို့ကြောင့် စပီဇီရာအသင်းအနေဖြင့် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် လာမည့်ပွဲစဉ်များတွင် ရုန်းကန်ရတော့မည် ဖြစ်သည်။

# CDMလှုပ်ရှားမှုကြောင့် ဘဏ်လုံခြုံရေးစိုးရိမ်လို့လား၊ ဝန်ထမ်းအခက်အခဲကြောင့်လား၊ ဘဏ်လုပ်ငန်းရှင်တွေကိုယ်တိုင် CDM လှုပ်ရှားမှုပါဝင်နေကြလို့ ပိတ်ထားတာလား၊ ပြည်သူတွေက တိကျတဲ့အဖြေတစ်ခုခုတော့ သိချင်နေကြပြီ

ဦးမိုးထွန်း

## အင်တာဗျူး – ကောင်းကင်မေ

**နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုကို မလိုလား၊ မရှုဆိတ်သော ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးလုပ်စားသူများသည် CDM (Civil Disobedience Movement) လှုပ်ရှားမှုကို အကြောင်းပြုကာ နိုင်ငံတစ်ဝန်း ဌာနဆိုင်ရာ ဝန်ထမ်းထု၏ အနာဂတ်ဘဝများကို အမှောင်ထုထဲ မရမက သွတ်သွင်း၍ ရိုက်ချိုးခဲ့ကြသည်။ ဝန်ထမ်းအချို့ ဘဝနှင့်ရင်းလိုက်ရသူများရှိသကဲ့သို့ အနည်းငယ်ထိခိုက်သူများ၊ ပွန်းပဲ့သူများ၊ လုံးဝထိခိုက်နာကျင်မှုမခံစားရသူများ ၊ အမှား/ အမှန်ခွဲခြားကာ အမြင်မှန် ပြန်လည်ရှန်းထွက်ခဲ့သူများ၊ အစကတည်းက နားမယောင်ကြသူများ စသည်ဖြင့် အမျိုးမျိုးရှိခဲ့သည်။ ဝန်ထမ်းထုများအကြား ယင်းသို့ ကွဲလွဲမှုများသည် တစ်ခဏတာမဟုတ်ဘဲ တစ်ဘဝစာ သမိုင်းမှတ်ကျောက်ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ယင်း CDM လှုပ်ရှားမှုကြောင့် ဝန်ထမ်းထုအကြား ရရှိကြုံတွေ့ခဲ့ရသည့် အဖြစ်ဆိုးမျိုးကို နောင်တစ်ချိန် တိုင်းပြည်တာဝန် ထမ်းဆောင်ကြရမည့် နောင်လာနောက်သား မျိုးဆက်သစ်များနှင့် အနာဂတ်နိုင်ငံ့ကြယ်ပွင့်များ သိရှိဆင်ခြင်နိုင်စေဖို့ တွေ့ဆုံမေးမြန်းခဲ့ရသမျှကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်–**

> **“နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကဘဏ်များအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ငွေသွင်း၊ ငွေထုတ် နှင့် ငွေလွှဲမှု လုပ်ငန်းစဉ်များအပါဝင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို လတ်တလော ယာယီ ရပ်နားထားရာ ယခုအခါ ပြည်သူအများစုနှင့် လုပ်ငန်းရှင်များက ပုဂ္ဂလိကဘဏ်များ ယခင်ကဲ့သို့ ပုံမှန်ပြန်လည်ဖွင့်လှစ်ရေးကို အထူးလိုလား တောင့်တလျက်ရှိ”**

### ပုဂ္ဂလိက ဘဏ်လုပ်ငန်းရှင်တွေအနေနဲ့ သိသင့်

“ နိုင်ငံရဲ့ လတ်တလော CDM လှုပ်ရှားမှုတွေကြောင့် ပုဂ္ဂလိကဘဏ်တွေပိတ်ထားတာနဲ့ ပတ်သက်ပြီး ပြည်သူတွေအကြား အတော်လေးကို ငွေကြေးလည်ပတ်မှုက ဂယက်ရိုက်နေပြီ။ အခုဆို ဦးတို့မိသားစုက ပုဂ္ဂလိကဘဏ်တစ်ခုမှာ ကျန်းမာရေးစောင့်ရှောက်မှုအရ အရေးပေါ်ငွေလိုရင် အဆင်ပြေအောင် ရည်ရွယ်ပြီး ငွေစုထားတာ၊ အခုဘယ်လိုမှကို ထုတ်လို့မရဘူးဖြစ်နေတယ်။ တကယ်ချမ်းသာတဲ့သူတွေလို ပိုလျှံလို့ ဘဏ်မှာထည့်ထားတာ မဟုတ်ဘူး။ ပြီးခဲ့တဲ့ ရက်တုန်းကဆို အမျိုးသမီးက အရေးပေါ် ကျန်းမာရေးကြောင့် ဆေးရုံတက်လိုက်ရတော့ ငွေကြေး အတော်လေးကို အခက်အခဲဖြစ်ခဲ့တာ။ ATM ကတ်တွေကလည်း ငွေထုတ်တဲ့လူများလို့ ငွေမရှိတာလား၊ ဘာကြောင့်မှန်းကိုမသိဘူး ထုတ်လို့မရတာ များနေတယ်။ တိုင်းပြည်ရဲ့ အခြေအနေတစ်ရပ်ကြောင့် အခုလို ပုဂ္ဂလိကဘဏ်တွေ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းနေတာက တကယ်တော့ ပြည်သူတွေပဲ အထိနာတာ။ ဒါတွေကို ပုဂ္ဂလိက ဘဏ်လုပ်ငန်းရှင်တွေအနေနဲ့ သိသင့်တယ်။ သိလည်းသိမယ်လို့ ထင်ပါတယ်။ CDM လှုပ်ရှားမှုလုပ်တာကို မပြောလိုပါဘူး။ ပုဂ္ဂလိကဘဏ် လုပ်ငန်းရှင်တွေအနေနဲ့ ဦးတို့လို ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရေးပေါ်လိုရင် ထုတ်ယူသုံးစွဲဖို့ စုဆောင်းထားတဲ့ ပြည်သူတွေကိုရော၊ အခြားလုပ်ငန်းရှင်တွေကိုပါ ပြန်လည်ထောက်ရှုဖို့တော့ လိုအပ်နေပြီ။ ဒါမှာ ငွေကြေးလည်ပတ်မှုက အားလုံး အဆင်ပြေကြတော့မှာ။

### သက်ဆိုင်ရာနဲ့ညှိနှိုင်းပြီး ပြန်လည်ဖွင့်လှစ်သင့်

“ပြီးခဲ့တဲ့အပတ် မတ် ၈ ရက်တုန်းကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပုဂ္ဂလိကဘဏ်တွေ ပြန်လည်ဖွင့်လှစ်ပေးဖို့ ထုတ်ပြန်ထားတော့ ဘဏ်အနည်းငယ် ဖွင့်လိုက်သေးတယ်လို့ ကြားတယ်။ ဒါပေမယ့် ဘဏ်တော်တော်များတော့ ပြန်ဖွင့်လာတာမတွေ့ရဘူး။ တကယ်တော့ ဘဏ်လုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာနဲ့ ညှိနှိုင်းပြီး ပြန်လည်ဖွင့်လှစ်သင့်နေပြီ။ CDM လှုပ်ရှားမှုကြောင့် ဘဏ်လုံခြုံရေး စိုးရိမ်လို့လား၊ ဝန်ထမ်းအခက်အခဲကြောင့်လား၊ ဘဏ်လုပ်ငန်းရှင်တွေကိုယ်တိုင် CDM လှုပ်ရှားမှု ပါဝင်နေကြလို့ အခုလိုဘဏ်တွေ ပိတ်ထားတာလား၊ ပြည်သူတွေက တိကျတဲ့ အဖြေတစ်ခုခုတော့သိချင်နေကြပြီ။ အမှန်အတိုင်းပြောရရင် ပုဂ္ဂလိကဘဏ်တွေ မဖွင့်တာဟာ နိုင်ငံတော်ကို ထိခိုက်၊ မထိခိုက်တော့ မသိဘူး။ လတ်တလော ပြည်သူတွေတော့ အတော်လေး ထိခိုက်နေတယ်။ ထီပေါက်လျက်နဲ့ ထီလက်မှတ်ပျောက်နေတဲ့သူလိုပဲ။ ဘဏ်စာအုပ်တွေ ATM ကတ်တွေသာ လက်ဝယ်ကိုင်ထားရတာ ငွေက ဘယ်ဆီ ဘယ်ဝယ်မှန်း မသိဖြစ်နေရတဲ့ ဘဝ။ အတော်လေးကို ဆိုးရွားပါတယ်။ ဒီ CDM လှုပ်ရှားမှုကြီးလည်း မြန်မြန်ပြီးဆုံးပါစေလို့ နေ့တိုင်း ဆုတောင်းနေမိတယ်” ဟု ပုဂ္ဂလိကဘဏ်တစ်ခုတွင် အရေးပေါ်ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်ပါက ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်စုဆောင်းထားသူ ဦးမိုးထွန်း(အမည်လွှဲ)က CDM လှုပ်ရှားမှုကြောင့် လတ်တလော ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ရင်ဖွင့်ပြောကြားသည်။

ပြည်သူများအကြား ငွေကြေးလည်ပတ်မှုကို များစွာအထောက်အကူပြုနေသော နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကဘဏ်များအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ ငွေသွင်း၊ ငွေထုတ်နှင့် ငွေလွှဲမှုလုပ်ငန်းစဉ်များအပါဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လတ်တလော ယာယီရပ်နားထားရာ ယခုအခါ ပြည်သူအများစုနှင့် လုပ်ငန်းရှင်များက ပုဂ္ဂလိက ဘဏ်များ ယခင်ကဲ့သို့ ပုံမှန်ပြန်လည်ဖွင့်လှစ်ရေးကို အထူးလိုလားတောင့်တလျက်ရှိသည်။

မြန်မာနိုင်ငံ၌ ငွေကြေးလည်ပတ်စီးဆင်းမှု လုပ်ငန်းများကို နိုင်ငံတော်ပိုင်ဘဏ်များဖြစ်သော မြန်မာ့စီးပွားရေးဘဏ် ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ဖြင့် နိုင်ငံ့လုပ်ငန်းအများစု ငွေကြေးလည်ပတ်မှုကို အားထားလုပ်ကိုင်လျက်ရှိသော်လည်း ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီအများစုမှာ ငွေကြေးလည်ပတ်စီးဆင်းမှုလုပ်ငန်းများအတွက် ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက် လုပ်ကိုင်လျက်ရှိရာ ယခုကဲ့သို့ ဘဏ်လုပ်ငန်းများပိတ် ရပ်ဆိုင်းထားမှုသည် လုပ်ငန်း ရှင်များနှင့် အကြောင်းအမျိုးမျိုးဖြင့် ပုဂ္ဂလိက ဘဏ်များတွင် အရေးပေါ်လိုအပ်ပါက အသင့်သုံးစွဲနိုင်ရန် စုဆောင်းထားသူများအနေဖြင့် လတ်တလော နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုများကြောင့် ငွေကြေးဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကဘဏ်အမျိုးအစား အုပ်စုမှာ ၂၇ မျိုးရှိပြီး ယင်းဘဏ်များ၏ ဘဏ်ခွဲ စုစုပေါင်းမှာ ၇၀၀ ဝန်းကျင်ဖြင့် နိုင်ငံတစ်ဝန်း ငွေကြေးလည်ပတ်စီးဆင်းမှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

### တစ်စိတ်တစ်အိတ်ပြောတတ်တဲ့ အကျင့်တွေကြောင့်

ရန်ကုန် တာမွေမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝင်းတစ်ခုအတွင်း နေထိုင်သော ကျွမ်းကျင်–၃ အဆင့်ရှိ ဦးညီပုက “ဟိုတစ်နေ့က အဖြစ်အပျက်ကို ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်။ ကျွန်တော်ကိုယ်တိုင်ရော၊ တစ်မိသားစုလုံး CDM လှုပ်ရှားမှုထဲမှာပါဝင်ခဲ့တယ်။ မနက်ခင်းအစော လုံခြုံရေးအဖွဲ့တွေ ဝန်ထမ်းအိမ်ရာဝင်းထဲရောက်လာကြတဲ့အချိန် ကလေးကလည်းငယ်သေးတော့ ဘာပဲဖြစ်ဖြစ် ဖမ်းချင်ရင်လည်း ဖမ်းဆိုပြီး အမျိုးသမီးနဲ့တိုင်ပင်ပြီး ဘယ်မှမပြေးဘဲ အိမ်မှာပဲ တစ်မိသားစုလုံးနေခဲ့ကြတာ။ ပတ်ဝန်းကျင်ပြေးတဲ့သူတွေဆီက ဘာတွေကြားရလဲဆိုတော့ အားလုံးတွေ့သမျှ လိုက်ဖမ်းနေတယ်၊ ဘာလုပ်နေတယ်၊ ညာလုပ်ပစ်တယ် အသံမျိုးစုံ အော်ဟစ်နေကြပြီး မီဒီယာတွေကို မဟုတ်က ဟုတ်ကတွေ ဖြေနေသံလည်း ကြားလိုက်တယ်။ တကယ်တော့ လုံခြုံရေးအဖွဲ့က အများသူငါသွားတဲ့ လမ်းတွေမှာ ပိတ်ထားတာတွေကို ဖယ်ရှားဖို့လာတာ အဓိက လာရင်း၊ ပြီးတော့ ကျွန်တော်တို့လို CDM လှုပ်ရှားမှုထဲပါတဲ့ ဝန်ထမ်းတွေကို အလုပ်ပြန်ဆင်းကြဖို့ ပြောသွားတာပါ။ အေးအေးဆေးဆေးပဲပြောပြီး အားလုံးပြန်သွားကြတာ။ အဲဒါတွေကို ပတ်ဝန်းကျင် အသိမိတ်ဆွေတွေက ဖုန်းဆက်မေးကြတယ်။ နင်တို့မိသားစုအရိုက်ခံလိုက်ရတယ်ဆို၊ ဘာလို့မပြေးတာလဲ။ ဘာလဲ၊ ညာလဲနဲ့။ တကယ်တော့ မြန်မာတွေရဲ့ တစ်စိတ်တစ်အိတ်ပြောတတ်တဲ့ အကျင့်တွေကြောင့် အခုလို ဘာမှမဟုတ်ဘဲ ဖားသံကြောင့် ဖားသေဆိုသလို ဖြစ်နေကြတာ။ ကျွန်တော်တို့ မိသားစုကိုတော့ ဘာမှလဲ မလုပ်သွားသလို၊ ဘာမှလည်း မမေးသွားပါဘူး။ အလုပ်ပြန်ဆင်းကြဖို့ပဲ ပြောသွားတာပါ။

### ပထမဆုံး အခက်ကြုံရမှာက နေစရာပါ

အဲဒီအဖြစ်အပျက်ကိုသိပြီး ကျွန်တော်တို့မိသားစု အတော်လေးကို စိတ်ကုန်သွားတယ်။ CDM လှုပ်ရှားမှုမှာပါတဲ့ ဝန်ထမ်းတွေထက် ဘေးပတ်ဝန်းကျင်က လှုံ့ဆော်အော်ဟစ်နေကြတာတွေက တကယ့်ကို အရုပ်ဆိုးမှန်း သိလိုက်ရတယ်။ အဲဒါကြောင့် အမျိုးသမီးနဲ့တိုင်ပင်ပြီး အလုပ်ပြန်ဝင်ဖို့လည်း ဆုံးဖြတ်လိုက်တော့တယ်။ တကယ်တော့ ကျွန်တော်တို့မိသားစု CDM လုပ်လို့ လက်ရှိအစိုးရက အလုပ်ဖြုတ်လိုက်ရင် ပထမဆုံးအခက်ကြုံရမှာက နေစရာပါ၊ ကလေးကလည်း ငယ်သေးတော့ ဘက်ပေါင်းစုံက ပြန်စဉ်းစားရတော့တာပေါ့။ အဲဒါကြောင့် ကျွန်တော့်ဌာနက အရာရှိကိုလည်း ဖုန်းဆက်ပြောလိုက်ပါပြီ။ CDM လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး အလုပ်ဖြုတ်လိုက်ပြီလားမေးတော့ လောလောဆယ် မဖြုတ်တော့ မဖြုတ်သေးဘူးတဲ့။ အလုပ်ပြန်ဆင်းမယ်ဆိုရင် အထက်တင်ပြမယ် ပြောပါတယ်။ တကယ် အရေးကြုံလာတော့ လေနဲ့ပဲ ကူညီကြတာတွေ များကြတာပါ။ စားစရာလောက်က အဆင်ပြေပေမယ့် မိသားစုဘဝရှေ့ရေး လုံခြုံဖို့ကျတော့ အခက်အခဲတွေ အများကြီးလေ။ ဒါကြောင့် ကျွန်တော်ရော၊ အမျိုးသမီးပါ နှစ်ယောက်စလုံး အလုပ်ပြန်ဝင်ဖို့ဆုံးဖြတ်လိုက်ကြတာပါ” ဟု CDM လှုပ်ရှားမှုထဲ ပါဝင်ခဲ့မှုများနှင့် ပတ်သက်၍ အမှား၊ အမှန်ဝေဖန်ပိုင်းခြား၍ သိမြင်ခံစားခဲ့မှုများကို ပြောကြားခဲ့သည်။

ယနေ့ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ နိုင်ငံတော်အေးချမ်းမှုကို မလိုလားသူတချို့က နိုင်ငံ့ဝန်ထမ်းများအား မက်လုံးအမျိုးမျိုးပေးကာ CDM လှုပ်ရှားမှုတွင် ပါဝင်ပါက ဘယ်လိုတွေ အကျိုးခံစားရမည်၊ ဘယ်လိုတွေ ထောက်ပံ့ပေးသွားမည် စသည်ဖြင့် ဝန်ထမ်းများ စိတ်မယိုင် ၊ ယိုင်လာအောင် အမျိုးမျိုး ပြောဆိုစည်းရုံးကြသည်။ ယင်းသို့ စည်းရုံးမှုများကြောင့် အယုံလွယ်သော ဝန်ထမ်း တချို့မှာ အမှန်၊ အမှား မဝေခွဲတော့ဘဲ CDM လှုပ်ရှားမှုထဲ ရောယောင်ပါဝင်ခဲ့သည်။ ယခုအခါ ခလုတ်ထိမှအမိတ ဆိုသလို အရေးကြုံလာကြတော့ အမြင်မှန်သံဝေဂ ရကာ လမ်းမှန်သို့ ပြန်လည်ရောက်သော ဝန်ထမ်းများလည်း ရှိသကဲ့သို့ တစ်ဖက် ယုံကြည်မှုလွန်ကဲနေသည့် ဝန်ထမ်းများလည်း ရှိနေသေးသည်။ မည်သို့ပင်ဆိုစေ မိမိတို့၏ ဘဝရှေ့ရေး၊ မိသားစုအနာဂတ်အရေးတို့အတွက် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားကာ အသိ၊ သတိဖြင့် ဆုံးဖြတ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

## ရဟန်း ဒါယကာကြီး
## ဦးရှုံဂီ (မြိတ်)
## အသက်(၉၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ဗဟိုလမ်း၊ အမှတ် ၆၂နေ (ဦးတိတ်ဟို-ဒေါ်သင်းညွှာ)တို့၏သား၊ (ဦးအဖွယ်-ဒေါ် ငုတ်)တို့၏သားသမက်၊ ဒေါ်အမီ(ခ)မာဂရက်လျောင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်နီ-ဒေါ်ထားရီ၊ ဦးတိုနီ-ဒေါက်တာခင်မာအောင် တို့၏ ချစ်လှစွာသောဖခင်၊ ကိုစိုးကိုကိုအောင်-ဒေါက်တာ မီမီလှိုင်၊ မမေဝါလှိုင်၊ ဒေါက်တာ အောင်ခန့်မောင်၊ ကိုထက်ဘုန်းကျော်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၃-၂၀၂၁ရက် (သောကြာနေ့)ညနေ ၄:၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၁ရက် (စနေနေ့) နံနက်၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးကျော်ကျော်လင်း
### CDC-6561 (GEWIN –Shipping)
### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၂၃၃)နေ (ဦးခင်မောင်ညို-ဒေါ်တင်တင်အုန်း)တို့၏သား၊ (ဦးအာပေါ-ဒေါ်ကြွေ)တို့၏သားသမက်၊ ဒေါ်မို့မို့၏ခင်ပွန်း၊ ဒေါ်မော်မော်ဝင်း၊ ဦးစိုးအောင်-ဒေါ်ဖြူဖြူဝင်း၊ ဦးဘိုဘို-ဒေါ်ဝါဝါညို၊ ဦးနေထွန်းမင်း-ဒေါ်မေစန္ဒာအောင်၊ (ဦးဇော်ဇော်အောင်)-ဒေါ်ယဉ်မင်းထွေးတို့၏အစ်ကိုကြီး၊ ဦးမောင်မောင်စိုး-ဒေါ်အိအိလင်း၊ ဦးကောင်းမြတ်လင်း-ဒေါ်မိုးမမထက်၊ ကိုကောင်းစံလင်းတို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၃-၃-၂၀၂၁ရက် (စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ (ဂ)တိုးချဲ့ရပ်ကွက်နေ ဦးထွန်းကြည်၏သမီး မခင်လေးဆွေ ၅/ ယမပ(နိုင်) ၀၀၁၃၅၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၅-၁၉၇၁ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ (ဂ) တိုးချဲ့ရပ်ကွက်နေ ဦးကျော်ညွှန့်၏ သမီး မငွေငွေမြင့် ၅/ ယမပ(နိုင်)၀၀၅၄၆၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၂-၁၉၆၈ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ မင်းကံကြီးအုပ်စု၊ ပေပင်စု(မ)ကျေးရွာနေ ဦးငွေဝင်း၏သမီး မသီတာဆွေ ၅/ ယမပ(နိုင်)၀၄၈၅၀၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၃-၁၉၈၁ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ မင်းကံကြီးအုပ်စု၊ ပေပင်စု(မ)ကျေးရွာနေ ဦးအောင်ဆန်း၏သမီး ဒေါ်ရီ ၅/ ယမပ(နိုင်)၀၃၅၇၇၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၀-၁၉၇၀ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ မင်းကံကြီးအုပ်စု၊ ပေပင်စု(မ)ကျေးရွာနေ ဦးအောင်ဆန်း၏သား မောင်မျိုး ၅/ ယမပ(နိုင်)၀၃၃၉၇၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၇-၁၉၇၆ ဖြစ်ပါကြောင်း။

**အနိစ္စ**

## ဒေါ်ငွေငွေဝင်း(မြေနီကုန်း)
### (LL.B ) အထက်တန်းရှေ့နေ
### အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ (ဦးကောက်-ဒေါ်မြရီ)တို့၏သမီး၊ မြေနီကုန်း၊ ဒဂုန် ခတ်ပုံတိုက်ပိုင်ရှင် (ဦးသိန်းမောင်-ဒေါ်ပု)တို့၏ သမီးချွေးမ၊ (ဦးအေးဖေ)-ဒေါ်ခင်တုတ်၊ (ဦးမြဦး)-ဒေါ်ခင်စီ၊(ဦးစိုးမြင့်)-ဒေါ်ကြင်တီ၊ (ဦးမြင့်လွင်-ဒေါ်ခင်ဝင်း)၊(ဦးညွှန့်စိန်)- ဒေါ်ညွှန့်ညွှန့်၊ ဦးအောင်ခိုင်-(ဒေါ်စိန်လှ)၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊(ဦးသောင်းလေး)-ဒေါ်ရီရီမြတို့၏ညီမ၊ ဒေါ်ကြည်ကြည်စိုး၊ (ဦးသန်းလွင်)-ဒေါ်ခင်အေးမွန်၊ ဦးဇင်ဝေ-ဒေါ်သန်းသန်းစိုး၊ ဦးထွန်းထွန်းတို့၏အစ်မ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်း၊ တိုက် ၉၄၄(ငါးလွှာ)နေ တရားလွှတ်တော်ရှေ့နေကြီး ဦးခင်စိုး၏ချစ်လှစွာသောဇနီးသည် ၁၃-၃-၂၀၂၁ရက် (စနေနေ့) နံနက် ၄:၂၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ထွေးရီ(ခ)ဒေါ်ထွေးရီ
### မြန်မာ့ထီးစက်ရုံ(ငြိမ်း)၊ စက်မှူ (၁)
### အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ကသစ်ဝိုင်းဓမ္မရိပ်သာကျောင်း၊ ဦးစီးပဓာန နာယကအဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဆရာတော် ဘဒ္ဒန္တ အာစရသိက္ခ၏ အစ်မတော်ကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် (၃၉)၊ ပါရမီလမ်းနေ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးအုန်းချို-ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ (ဦးကျော်သိန်း)-ဒေါ်ခင်စန်းရီ၊ (ဦးသန်းအောင်)- ဒေါ်ခင်သိန်း၊ ဦးသိန်းစိုး-(ဒေါ်သန်းရီ)တို့၏ညီမ၊ (ဦးအောင်သန်း) (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ စက်မှူ-၁ )၏ဇနီး၊ ဒေါ်စုစုနိုင် (မြန်မာ့ထီးစက်ရုံ-ငြိမ်း)၊ (ဦးသန်းထွဋ်)-ဒေါ်ညိုညိုဝင်း၊ ဦးခိုင်ဝင်းထွဋ်-ဒေါ်ချိုချိုသန်း၊ ဦးကျော်ဝင်း-ဒေါ်ချိုချိုမာတို့၏မိခင်၊ ကိုဖြိုးသီဟ-မအိသဇင်အောင်၊ မယမင်းမြတ်အောင်တို့၏အဘွား၊ မရတီမြင့်မိုရ်၏ ဘွားဘွားကြီးသည် ၁၂-၃-၂၀၂၁ရက်(သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀နာရီတွင် သုခကမ္ဘာဆေးရုံမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၁ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ကျော်လင်း
### CDC-6561 (GEWIN –Shipping)
### အသက် (၆၅)နှစ်

အစ်မကြီး ဒေါ်မို့မို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်စိုး-ဒေါ်အိအိလင်း၊ ဦးကောင်းမြတ်လင်း-ဒေါ်မိုးမမထက်၊ ကိုကောင်းစံလင်းတို့၏ချစ်လှစွာသောဖခင်ကြီး ဦးကျော်ကျော်လင်း အသက်(၆၅)နှစ်သည် ၁၃-၃-၂၀၂၁ရက် (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း ဇနီး ဒေါ်ခင်ချိုအုန်း**

## ဦးညိုမောင်
### အသက်(၇၉)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်း/မြောက်၊ အကွက်(၈၄၂)နေ ဦးကာ- ဒေါ်ဖွားဦး တို့၏သား၊ မမြင့်မြင့်မော်၊ ဦးသီဟနိုင်(ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)-ဒေါ်နွယ်နီစန်း၊ ဦးအောင်နိုင်ဝင်း၊ ဦးဝင်းနိုင်ထွန်း(ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)-ဒေါ်ချောစုလှိုင်တို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်မ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၃-၂၀၂၁ရက် (စနေနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ နေအိမ်မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ လာဘိုအုပ်စု၊ လာဘိုကျေးရွာနေ ဦးရန်အောင်စိုးဦး၏သား မောင်အောင်မျိုးထက် ၅/ ယမပ(နိုင်)၁၄၁၃၆၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၄-၂၀၀၄ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ညောင်ပင်ကြီးစုအုပ်စု၊ ညောင်ပင်ကြီးစု(န)ကျေးရွာနေ ဦးအောင်မြိုင်၏ သမီး မအေးအေးဝင်း ၅/ ယမပ(နိုင်)၀၅၀၈၇၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၁၉၇၆ ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ သင်္ကေပြင်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အောက်ဖော်ပြပါ တန်ဖိုးနည်းနေအိမ်များအား ပြုပြင်ခြင်းလုပ်ငန်းများကို ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီ အသင်းအဖွဲ့များထံ အိတ်ဖွင့်ခေါ်ယူအပ်ပါသည်-

| | |
|---|---|
| Lot(1) | အိမ်အလုံး(၆၀)အကြီးစား ပြင်ဆင်ခြင်း |
| Lot(2) | အိမ်အလုံး(၃၅)လုံး အလတ်စား ပြင်ဆင်ခြင်း |
| | အိမ်အလုံး(၄)လုံး အသေးစားပြင်ဆင်ခြင်း |
| | အိမ်သာ (၁၂၀)လုံး ဆောက်လုပ်ခြင်း |

၂။ တင်ဒါလျှောက်လွှာများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးတွင် အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၃-၃-၂၀၂၁ ရက်မှ ၁၃-၄-၂၀၂၁ ရက်အထိ |
| (ခ) **တင်ဒါလျှောက်လွှာလက်ခံမည့်ရက်** | - | ၁၉-၃-၂၀၂၁ရက် မှ ၁၃-၄-၂၀၂၁ရက် အထိ |
| (ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** | - | ထပ်မံကြေညာပါမည်။ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး(ဖုန်း- ၀၉-၄၅၁၂၄၅၆၃၇၊ ၀၉-၄၂၀၇၄၀၁၆၀၊ ၀၉-၂၆၂၇၈၁၃၀၄၊ ၀၄၃-၂၁၂၃၀၆၉)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့ နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်း ကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချ ရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင် သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်
## ခရိုင်ကြီးကြပ်ရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်ရှိ စားအုန်းဆီ 18 Liter (၉.၈ ပိဿာ)ဆံ့ (၁၆၁၃၂) ပုံးနှင့် 2x9 Liter စားအုန်းဆီ (၉.၈ ပိဿာ)ဆံ့ (၅၁၀၀) ဂျပ်ဖာအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ ဝယ်ယူလိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဤကြော်ငြာပါသည့်ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၃-၂၀၂၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာ စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံး၊ ရွှေဘိုမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၅-၂၁၀၂၂၊ ၀၉-၂၅၆၀၅၂၆၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ၊ ကျောက်မြောင်းလမ်း၊ မြို့သစ်(၁)လမ်းထိပ်၊ No. 24 နေ ဦးဇော်မျိုးဦး၏သား မောင်ပြည့်ပြည့်စိုး ၁၀/မလမ(နိုင်)၂၅၀၀၈၉သည် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဖခင် ဦးဇော်မျိုးဦး
၁၀/မလမ(နိုင်)၀၆၁၀၁၃

# ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်လှစ်



**ဟိုင်းကြီးကျွန်း မတ် ၁၃**

မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁ ရက်မှစတင်ကာ တပေါင်းလပြည့်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြတ်မော်တင်ကမ်းခြေဒေသမှ ပင့်သံဃာတော် ၂၇ ပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရှင်ဥပဂုတ္တဖောင်တော်အား ပင်လယ်ရေပြင်၌ ပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းနှင့် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားအား မြတ်မော်တင်ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတ အရှင်သူမြတ်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအုန်းမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒေဝါဝင်း၊ ရာဇာဝင်းများနှင့် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တာဝန်ရှိသူများက မြတ်မော်တင်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ခဲ့ကြပြီး သြဝါဒါစရိယ ဆရာတော် *စာမျက်နှာ ၁၁ ကော်လံ ၁* ◆

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၈၈၅၂၂ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၅၀၄၀၇ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၇၃၈၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၉၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၇၄၈၂ ဦး ဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

**မင်္ဂလာဒုံမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မဲရုံပေါင်း ၁၃၆ ရုံ | ၂၈၈၅၂၂ | ၁၅၀၄၀၇ | ၂၇၃၈၆ | ၇၉၀ | ၁၇၄၈၂ |

*စာမျက်နှာ ၉ကော်လံ ၁* ❑

# အိမ်ရှင်လိဒ်စ်ကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတဲ့ ချယ်ဆီး




ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် လိဒ်အသင်းနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို မတ် ၁၃ ရက် ညပိုင်းက လိဒ်စ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

အိမ်ရှင်လိဒ်စ်အသင်းသည် နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ထားမှုကို ချေဖျက်နိုင်ရန်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ ချယ်ဆီးအသင်းကလည်း အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်မှ လူစာရင်းကို ခြောက်ဦးအထိ အပြောင်းအလဲပြုလုပ်ပြီး လိဒ်စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ လိဒ်စ်အသင်းသည် အသင်းမှ အားထားရသည့် တိုက်စစ်မှူး ဘမ်းဖို့ဒ် ပွဲချိန် ၃၅ မိနစ်တွင် *စာမျက်နှာ ၁၁ ကော်လံ ၄* ●

**အမေရိကန်တွင် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၀၀၀ နီးပါးရှိလာ**

နိုင်ငံတကာသတင်း စာ » ၁၂

**တူရကီသည် တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ နောက်ထပ် သန်း ၅၀ ဝယ်ယူမည်**

နိုင်ငံတကာသတင်း စာ » ၁၃